
စိတ်ကူးချိုချိုအနုပညာ

# ဗန်းမော်တင်အောင်

## ဂုဘော်ဘောင်းဝင်




ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

# ဗန်းမော်တင်အောင်

## ရဲဘော်ဟောင်းဒင်



“ရဲဘော်ဟောင်း”
ဟုကြားလိုက်ရသည့်
အတွက် ရဲဘော်ဟောင်း
ဖြစ်သော အောင်ဒင်
သည် ရင်ထဲတွင် နင့်ကန်
ခံစားလိုက်ရလေသည်။
“ကန်ဒီ” စာချုပ်၏
နောက်ပိုင်းတွင် မျိုးချစ်
ဗမာ့တပ်မတော်ကြီးသည်
ကစင့်ကလျားဖြစ်ကာ
တိုင်းပြည်အတွက်
ဆက်လက် တာဝန်ထမ်း
ဆောင်သူက ထမ်းဆောင်၊
ပုလိပ်၏ အဖမ်းအဆီး
အညှင်းဆဲခံရသူက ခံရ၊
ဓားပြတိုက်သူက တိုက်၊
အလုပ်လက်မဲ့ဖြစ်ကာ
ငတ်မွတ်သူက ငတ်မွတ်၊
ခြေကျိုးလက်ကျိုးနှင့်
လမ်းတကာ၌ လှည့်လည်
တောင်းရမ်း စားရသူက
စားရနှင့် ရှိနေ ဖြစ်နေရ
သော ဘဝကိုလည်း
စဉ်းစားမိလေသည်။

bmt0010
4500.00 Ks

mgyoe.com

ရဲဘော်အောင်ဒင်၊ ဝန်းမော်တင်အောင်
စာမျက်နှာ ၃၈၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မေလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၂ ရှုမဝစာအုပ်တိုက်၏ပထမအကြိမ်မူ

ရောင်းဈေး ၄ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရဲဘော်အောင်ဒင်

ဗန်းမော်တင်အောင်

မြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ဒုတိယအကြိမ် ထောင်ကျရပြန်အခိုက်
ဝတ္ထုရှည်တစ်ပုဒ်လောက် ထပ်ရေးပါဦး
ဟု တိုက်တွန်းပြန်သော

ခင်ဦး

သို့

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လိုက်ခဲ့ပါ မြန်နွာ

## (၁)

အချိန်မှာ နေ့ခင်း နာရီပြန်တစ်ချက်တီးသာသာခန့်ဖြစ်လေသည်။ ကောင်းကင်ပြင်၌ မိုးသားနှင့်မြူတိမ်များ ကင်းစင်လျက်ရှိသဖြင့် နေဝန်းသည် ဤကမ္ဘာမြေပြင်အား ငြိုးမာန်ကြီးစွာဖြင့် လောင်တိုက်သွင်းတော့မည့်အလား မိမိ၏အပူရှိန် ရှိရှိသမျှတို့ကို အတားအဆီးမရှိ မီးကုန်ယမ်းကုန် လွှတ်ထုတ်၍ နေလေသည်။ နေ၏အပူရှိန်သည် ပြင်းထန်လှသောကြောင့် ကုက္ကိုင်းလမ်းမကြီးတစ်လျှောက်တွင် လူသွားလူလာ ပြတ်တောက်ကင်းရှင်းနေလေသည်။ လမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် စီတန်းပေါက်ရောက်နေသော သစ်ပင်ကြီးငယ်တို့သည်လည်း ညှိုးနွမ်းငြိမ်သက်၍ နေကြသည်။

ယင်းသို့ ရန်လိုလှသော နေအပူရှိန်အောက်တွင် ဦးထုပ်နှင့် ထီးမျှမပါ၊ မိမိ၏အရိပ်ကို လေးလေးကန်ကန် တရွတ်တိုက်ဆွဲကာ ကုက္ကိုင်းလမ်းမကြီးအတိုင်း လျှောက်လာသော လူရွယ်သည် တစ်ခုသော မြေနီလမ်းကလေးထိပ်သို့ရောက်ရှိသောအခါ ရုတ်တရက် ရပ်တန့်၍ သွားလေသည်။ လူရွယ်သည် အင်းလျားကန်ဘက်ဆီသို့ တစ်ချက်မျှ လှမ်းမျှော်ကြည့်လိုက်ပြီးနောက် သက်ပြင်းကို ခပ်လေးလေးချလိုက်သည်။ ထို့နောက် အရိပ်အာဝါသကင်းမဲ့သော မြေနီလမ်းကလေးအတိုင်း ဖဲ့ဆင်းလာခဲ့ပြီး အင်းလျားကန်ဘက်ဆီသို့ ခနော်ခနဲ့ ဆက်လက်၍ လျှောက်လာခဲ့ပြန်သည်။

ဦးခေါင်းကို ငိုက်စိုက်ချ၍ မြေနီလမ်းကလေးအတိုင်း လျှောက်လာ

mgyoe.com

mgyoe.com

ခဲ့သောလူရွယ်သည် အတန်ကြာမျှသွားမိလျှင် ခိုင်ခန့်ထူထဲလှသော သံတံခါးကြီးတစ်ခု၏ရှေ့သို့ ရောက်ရှိလာလေသည်။ သူ့အား ရုတ်တရက် ဟန့်တားခြင်းပြုလိုက်သော သံတံခါးကြီးရှေ့၌ ရပ်တန့်လိုက်ရစဉ် သူ၏လေးလံလှသောခန္ဓာကိုယ်ကို ကမ္ဘာမြေကြီးပေါ်သို့ လဲပြို၍ကျမသွားစေရန်အတွက် လူရွယ်သည် မနည်းကြီးပင် အားပြု၍ထားလိုက်ရသည်။ သူ၏ဦးခေါင်းသည် မှုးဝေနောက်ကျိလျက် မျက်လုံးများသည်လည်း ပြာဝေကာ ဒူးနှစ်လုံးတို့သည် တုန်ရင်၍နေကြလေသည်။

mgyoe.com

mgyoe.com

(၂)

"မြနန္ဒာ ..."

အတန်ကြာမျှ ငြိမ်သက်အားယူပြီးမှ ကျယ်ဝန်းလှသော ဤခြံကြီး၏တံခါးဝတွင် ချိတ်ဆွဲ၍ထားသော ကြေးဝါဆိုင်းဘုတ်ကလေးကို လူရွယ်သည် ပြာဝေသော မျက်လုံးများဖြင့် လှမ်းမော့၍ ကြည့်ရှုလိုက်သည်။ ကြေးဝါဆိုင်းဘုတ်ကလေးကို အချိန်အတန်ကြာမျှ သေသေချာချာနှင့် စေ့စေ့စပ်စပ် ကြည့်ရှုပြီးနောက် လူရွယ်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ခြံကြီးအတွင်း မရဲတရဲနှင့် လှမ်းမျှော်၍ ကြည့်လိုက်ပြန်လေသည်။ "ဟုတ်မှဟုတ်ရဲ့လား" ဆိုသော သံသယသည် ထိုလူရွယ်အား ခြောက်လှန့်ဟန့်တားလျက်ရှိနေဘိသကဲ့သို့ သူသည် ဝင်းတံခါးဝတွင် ဇဝေဇဝါနှင့် ချီတုံချတုံ ဖြစ်နေပြန်သည်။ မြနန္ဒာရဲတိုက်ကြီး၏ အဝင်ဝင်းတံခါးဝသို့ ပင်ပင်ပန်းပန်းလာခဲ့ရပြီးကာမှ သူသည် နောက်ပြန်၍ မဆုတ်သာသကဲ့သို့ ရှေ့သို့လည်းမတိုးဝံ့ မတိုးရဲ ဖြစ်နေပုံရလေသည်။

လူရွယ်အားပြုံ၍ရပ်နေရသော ဝင်းတံခါးဝ၏ အနီးအနား ပတ်ဝန်းကျင်တွင် အရိပ်အာဝါသခိုကိုးစရာသစ်ပင် တစ်ပင်တလေမျှ မရှိချေ။ သို့ရာတွင် ငြိုးမာန်ကြီးလှသော နေဝန်းသည် ကမ္ဘာမြေပြင်အား လောင်တိုက်သွင်းတော့မည့်ပမာ မိမိ၏အပူရှိန် ရှိရှိသမျှတို့ကို မီးကုန်ယမ်းကုန် လွှတ်ထုတ်၍သာ နေလေသည်။

ငြိမ်သက်ကြည်လင်လျက်ရှိသော အင်းလျားရေပြင်ကျယ်သို့ ခပ်ရှည်ရှည် ခပ်မျောမျော ထိုးထွက်၍နေသော ရောမကျွန်းဆွယ်ကြီးတစ်ခု

mgyoe.com

mgyoe.com

၏အထက်တွင် ဗြိတိသျှရာဇဝင်မှ ထင်ရှားကျော်ကြားခြင်းရှိလှသော တူဒါ ခေတ်ရဲတိုက်ကြီးများနှင့်မခြား ဝင့်ဝင့်ကြွားကြွားနှင့် တခမ်းတနား မွမ်းမံ ဆောက်လုပ်၍ထားသော အဝါရောင်နှစ်ထပ်ကြီးတစ်လုံးကို ခြံအဝင် ဝင်း တံခါးမှပင် ကောင်းစွာလှမ်း၍ မြင်နိုင်လေသည်။ ခြံ၏အဝင် ဝင်းတံခါးမှ ရုတ်တရက်လှမ်းမျှော်၍ ကြည့်လိုက်မြင်လိုက်ရသော လူစိမ်းတစ်ဦးတစ် ယောက်အတွက် ဤကဲ့သို့ ခမ်းနားထည်ဝါလှသော အဆောက်အဦကြီးတွင် တိုင်းရင်းသားများထဲမှ နေထိုင်နိုင်ကြဖွယ်ရာမရှိဘဲ မြန်မာနိုင်ငံ၏အရှင် သခင်များ ပြုလုပ်၍ နေခဲ့ကြသော ဗြိတိသျှအမျိုးသားတစ်ဦးဦးထဲမှသာလျှင် စံမြန်းနေထိုင်ဖွယ်ရာ ရှိလိမ့်မည်ဟုလည်း အထင်ရောက် အောက်မေ့စရာ ရှိလေသည်။

မြနန္ဒာရဲတိုက်ကြီးကို အတန်ကြာမျှ တအံ့တသြ ငေးမောကြည့်ရှု နေမိပြီးမှ လူရွယ်သည် အဆောက်အဦ၏ ရှေ့ဥပစာတွင် သားသားနားနား ပြုလုပ်၍ထားသော တင်းနစ်ဘောလုံးကစားကွင်းကို လှမ်းမျှော်၍ ကြည့် လိုက်ပြန်လေသည်။ တင်းနစ်ဘောလုံးကစားကွင်း၏ ရှေ့နောက်ဝဲယာ ပတ်ဝန်းကျင်တွင် တန်ခိုးအင်အားကြီးမားသော မီးသီးကြီးများကိုလည်း တခမ်းတနား တပ်ဆင်ထားလေသည်။ တင်းနစ်ဘောလုံးကစားကွင်းကို အတန်ကြာမျှ အံ့သြငေးမောလျက်နေပြီးမှ နှစ်ထပ်တိုက်ကြီး၏ ဘေးပတ် ဝန်းကျင်ကို လူရွယ်သည် လှည့်ပတ်ကြည့်ရှုနေပြန်လေသည်။ မြနန္ဒာရဲ တိုက်ကြီး၏ နောက်ဖေးဘက် မလှမ်းမကမ်းတွင် အိမ်ကြီး၏အခြွေအရံများ နှင့် အခိုင်းအစေများနေထိုင်ဖို့အတွက် တသီးတသန့်ဆောက်လုပ်ထားသော အုတ်ကြွပ်မိုး အိမ်တန်းလျားကြီးကြီးနှင့် ခပ်လှမ်းလှမ်းတွင် ဆောက်လုပ်ထား သော မော်တော်ကားဂိုဒေါင်မှာလည်း သာမန်နေအိမ်တစ်လုံးမျှ ကောင်းမွန် သပ်ရပ်နေပေသည်။

မြနန္ဒာ၏ဘေးပတ်ပတ်လည်တွင် ဝေဝေဆာဆာနှင့် စည်စည်ကား ကား မွမ်းမံ၍စိုက်ပျိုးထားသော ပန်းရုံကြီးများနှင့် ပန်းပင်ကြီးများကို လူရွယ် သည် မျက်စိပသာဒတွေ့နေသည့်အလား တစ်ခုပြီးတစ်ခု လိုက်လံကြည့်ရှု နေပြန်လေသည်။ ကြီးမားလှပသော စံပယ်ရုံကြီးများ၊ နှင်းဆီရုံကြီးများနှင့် ဒေလီယာပန်းပင်ကြီးများကို ကြည့်ရှု၍ကောင်းအောင် ခင်းကျင်းစိုက်ပျိုးထား

mgyoe.com

mgyoe.com

လေသည်။ ကျယ်ဝန်းလှသော ခြံကြီးအတွင်း၌လည်း ကုံကော်၊ ဗာဒံနှင့် ထင်းရှူးပင်များကို ကြည့်ရှု၍လှပအောင် သူ့နေရာနှင့်သူ အကွက်အကွင်း ကျကျ စိုက်ပျိုးထားလေသည်။

မြန်န္တာခြံကြီးအတွင်း၌တွေ့နေ မြင်နေရသော ဧရာမထုထည်ကြီး များနှင့် အခမ်းအနား အဆောင်အယောင်တို့ကို တစ်ခုပြီးတစ်ခု လှည့်ပတ် ကြည့်ရှု၍နေရာမှ ထိုသို့ ဝင်းတံခါးဝမှရပ်ကာ ကြည့်ရှုလျက်ရှိသော လူရွယ် သည် ၎င်း၏ကိုယ်ကိုယ်ပင် ကောင်းစွာစိတ်မချလာသကဲ့သို့ ခပ်စောစော က တစ်ကြိမ် သေသေချာချာ စေ့စေ့စပ်စပ် ကြည့်ရှုထားခဲ့ပြီးဖြစ်သော ဝင်း တံခါးဝမှ ကြေးဝါဆိုင်းဘုတ်ကလေးကို နောက်ထပ်၍တစ်ကြိမ် ၎င်း၏မျက် လုံးများကို ပွတ်သပ်ပြီးနောက် ပြန်လည်မော့ကြည့်လိုက်ပြန်လေသည်။

mgyoe.com

mgyoe.com

(၃)

"မြနန္ဒာ ..."

ဝင်းတံခါးဝမှ ကြေးဝါဆိုင်းဘုတ်ကလေးကို အတန်ကြာမျှ မော့ ၍ကြည့်နေပြီးနောက် လူရွယ်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ခြံကြီး အတွင်းသို့ လှမ်းမျှော်၍ ကြည့်လိုက်ပြန်လေသည်။ ယင်းသို့ မြနန္ဒာရဲတိုက် ကြီး၏ ဝင်းတံခါးဝ၌ရပ်ကာ ချီတုံချတုံ ဖြစ်နေဟန်ရှိသော လူရွယ်သည် သက်ပြင်းကို ခပ်လေးလေးချရင်း ၎င်း၏နဖူးပြင်မှ ချွေးသီးချွေးပေါက်များ ကို လက်ဖဝါးဖြင့် သပ်ချလိုက်သည်။ ထို့နောက် ချွေးများဖြင့် စိုရွှဲပေကျံ လျက်ရှိသော ၎င်း၏လက်ဖဝါးကို မသက်မသာကြည့်ရှုရင်း တင်ပါးပြင် တွင် သန့်ရှင်းလိုက်သည်။ ယင်းသို့ မိမိ၏နဖူးပြင်မှ ချွေးသီးချွေးပေါက် များကို လက်ဖဝါးဖြင့်သပ်ချ၍ တင်ပါးပြင်တွင် သန့်ရှင်းလိုက်သည့် လူရွယ် ၏အမူအရာသည် ရိုင်းစိုင်း၍ အရုပ်ဆိုးလှသကဲ့သို့ကား ရှိနေသည်။ သို့ရာ တွင် ပညာတတ် လူယဉ်ကျေးများကဲ့သို့ကား ထိုလူရွယ်၌ မိမိ၏ကိုယ်ကို သန့်ရှင်းခြင်းပြုရန်အမှုအတွက် လက်ကိုင်ပဝါတော့ကား မပါရှိချေ။ သူ၏ အသွင်အပြင်နှင့် အမူအရာတို့ကို ကြည့်ရှုရုံမျှဖြင့် ထိုလူရွယ်သည် လက်ကိုင် ပဝါကို ကိုင်တွယ်သုံးစွဲတတ်သူတစ်ဦးမဟုတ်ကြောင်း သိသာလှပေသည်။

အချိန်မှာ နေ့ခင်းနာရီပြန် တစ်ချက်တီးသာသာခန့် ဖြစ်လေသည်။ ကောင်းကင်ပြင်၌ မိုးသားနှင့်မြူတိမ်များ ကင်းစင်လျက်ရှိသဖြင့် နေဝန်း သည် ဤကမ္ဘာမြေပြင်အား ငြိုးမာန်ကြီးစွာဖြင့် လောင်တိုက်သွင်းတော့မည့် အလား မိမိ၏အပူရှိန်ရှိသမျှတို့ကို မီးကုန်ယမ်းကုန် လွှတ်ထုတ်လျက်ရှိ

mgyoe.com

လေသည်။ ယင်းသို့ အပူရှိန်ပြင်းထန်၍နေသောကြောင့် မြနန္ဒာအိမ်ကြီးရှင်များသည် နေ့လယ်နေ့ခင်း နားနေရင်း တစ်ရေးတစ်မောများ အိပ်စက်နေကြသည်လားတော့ကား မပြောတတ်ချေ။ နေပူကြီးကျဲကျဲတွင် ဝေးဝေးလံလံမှ ပင်ပင်ပန်းပန်းလာခဲ့ရပြီးနောက် လူသံသူသံလည်း မကြားရ၊ လူရိပ်လူခြည်ကိုလည်း မတွေ့ရ မမြင်ရသော မြနန္ဒာရဲတိုက်ကြီးအား စိတ်ပျက်၍လာသည့်ပမာ ရတ်တရက်ကျောခိုင်းလိုက်ပြီးနောက် လူရွယ်သည် ၎င်း၏အပြန်လမ်းဖြစ်သော ကုက္ကိုင်းလမ်းမကြီးဘက်ဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်ပြန်လေသည်။

အချိန်မှာ ဒုတိယကမ္ဘာစစ် ပြီးစီးပြီးနောက် စစ်အုပ်ချုပ်ရေးကို မြန်မာနိုင်ငံမှ ရုပ်သိမ်းပြီးကာစ ကာလဖြစ်သည်။ သို့ရာတွင် ပြင်းပြင်းထန်ထန် အုံကြွပေါက်ကွဲလျက်ရှိသော မြန်မာနိုင်ငံသားများ၏ ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲများကြောင့် ရုပ်သိမ်းခြင်းမပြုနိုင်သေးသော ဗြိတိသျှလက်နက်ကိုင်တပ်များမှ စစ်မော်တော်ကားကြီးများသည် ကုက္ကိုင်းလမ်းမကြီးတစ်လျှောက်တွင် တဝေါဝေါ ပြေးလွှားဆူညံလျက်ရှိကြသည်။ လက်နက်ကိုင်စစ်သားများကို သယ်ဆောင်ကာ ကုက္ကိုင်းလမ်းမတစ်လျှောက်တွင် ပြေးလွှားဆူညံ၍နေသော စစ်မော်တော်ကားကြီးများကို ငေးမောကြည့်ရှု၍နေရာမှ "ဦးအပေါ်မှာ မောင်ရင့်ကျေးဇူးဟာ ကြီးမားလှပါတယ်ကွယ် .. အမှန်အတိုင်းသာ ပြောရမယ်ဆိုရင်တော့ ဦးမှာ အမေကမွေးပေးလိုက်တဲ့အသက် မရှိတော့ပါဘူးလေ... မောင်ရင်က ကယ်ဆယ်လိုက်တဲ့အသက်ပဲရှိပါတော့တယ် .. ဒါကြောင့် ဦးအိမ်ကိုတော့ တစ်ခါတစ်ခေါက်လောက် အေးအေးဆေးဆေး လာဖြစ်အောင် လာခဲ့စမ်းပါလို့ ဦး ဖိတ်ကြားတောင်းပန်ထားပါရစေ .. ဟုတ်လား .. ပြီးတော့လည်း မောင်ရင့်ကျေးဇူးကို ဦး အင်မတန်ဆပ်ချင်လွန်းလို့ပါကွယ် .." ဟူ၍ မြနန္ဒာရဲတိုက်ပိုင်ရှင်အဘိုးကြီးက ကတုန်ကယင်နှင့် သေသေချာချာ မှာကြားပြောဆိုသွားခဲ့သောစကားများကို လူရွယ်သည် ပြန်လည်ကြားယောင်လျက်ရှိသည်။ ထိုသို့သူက ပြုခဲ့သောကျေးဇူးနှင့် သူ၏ကျေးဇူးခံက သေသေချာချာ ဖိတ်ကြားခြင်းပြုခဲ့သည့်အတွက် ထိုအဘိုးကြီးပေးထားခဲ့သော လိပ်စာအတိုင်း မြနန္ဒာရဲတိုက်ကြီးသို့ လူရွယ်သည် မရောက်ရောက်အောင် လာခဲ့ပြီးလေပြီ။ သို့ရာ

mgyoe.com

mgyoe.com


တွင် ထုထည်ခိုင်ခံ့လှသော သံတံခါးကြီးများနှင့် ထုထည်ကြီးမားလှသော အဆောက်အဦကြီးများ၊ အခမ်းအနား အဆောင်အယောင်များက သူ့အား ဝိုင်းဝန်းခြောက်လှန့်လျက်ရှိနေကြသဖြင့် လူရွှယ်သည် ရှေ့သို့ မတိုးဝံ့ဘဲ နောက်ကြောင်းပြန်ရတော့မည့်အခြေသို့ ဆိုက်ရောက်လျက်ရှိနေခြင်းမျှသာ ဖြစ်လေသည်။ သို့ရာတွင် ချစ်ချစ်တောက်ပူပြင်းလှသော နေအပူရှိန်အောက်တွင် ဦးထုပ်နှင့် ထီးမျှပင်မပါဘဲ မိမိအရိပ်ကို တရွတ်တိုက်ဆွဲ၍ နောက်ကြောင်းသို့ပြန်ရမည့်အမှုကိုကား လူရွှယ်သည် များစွာ ကြောက်ရွံ့နေပုံရလေသည်။ ထို့ကြောင့် သက်ပြင်းကို ခပ်လေးလေးချရင်း ခပ်စောစောက ကျောခိုင်းထားခဲ့မိသော သံတံခါးကြီးဘက်သို့ ပြန်လည်၍ မျက်နှာမူလိုက်ရပြန်သည်။ ထို့နောက် ဝင်းတံခါးဝတွင် သပ်သပ်ရပ်ရပ် ချိတ်ဆွဲ၍ထားသော ကြေးဝါဆိုင်းဘုတ်ကလေးကို တတိယအကြိမ်မြောက် ကြည့်လိုက်မိပြန်သည်။

mgyoe.com

mgyoe.com

(၄)

"မြနန္ဒာ...."

မြနန္ဒာ ရဲတိုက်ပိုင်ရှင်အဘိုးကြီးနှင့် လူရွယ်သည် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်သာသာ၊ သုံးပတ်ခန့်လောက်ကမှ တွေ့ဆုံသိကျွမ်းခဲ့ကြခြင်းဖြစ်လေသည်။ ထိုသို့ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံသိကျွမ်းခဲ့ရသော အကြောင်းအရာနှင့် အဖြစ်အပျက်များမှာလည်း အမေရိကန်ရုပ်ရှင်ကားဆန်လျက်ရှိသည်။

ကန်ဒီစာချုပ်၏ သဘောတူညီချက်များအရ မျိုးချစ်ဗမာ့တပ်မတော်ကြီးကို ဖျက်သိမ်းလိုက်သောအခါ လူရွယ်သည် တပ်ထဲမှ အကြောင်းအမျိုးမျိုးကြောင့် ထွက်ခွာလာခဲ့ရသော လူငယ်တစ်ဦးဖြစ်လေသည်။ ဗမာ့သေနတ်ကိုင်တပ်ရင်းသို့ ဝင်ရောက်အမှုထမ်းရန် ရွေးချယ်ခြင်းခံရသော တပ်သားငါးထောင့်ငါးရာတွင် သူသည် ပါဝင်ခွင့်မရှိတော့ချေ။ တပ်မတော်ကြီးနှင့်တကွ ရဲဘော်ရဲဘက်များကို ခွဲခွာခြင်းမပြုလိုသော်လည်း သူ့အားလက်ခံခြင်းမပြုနိုင်တော့သဖြင့် လူရွယ်သည် တပ်အတွင်းမှ ဝမ်းနည်းပက်လက် ထွက်လာခဲ့ရသူတစ်ဦးလည်းဖြစ်လေသည်

ယင်းသို့ "ကန်ဒီ" စာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော်မှ အကြောင်းအမျိုးမျိုးကြောင့် ထွက်လာရပြီးကတည်းက လူရွယ်သည် အလုပ်လက်မဲ့ဖြစ်နေခဲ့ရသည်။ သူ၏ စားသောက်နေထိုင်ရေးအတွက် အလုပ်တစ်ခုခုကိုလုပ်ကိုင်ခြင်းပြုရန်အတွက် လူရွယ်၌ အတတ်ပညာမရှိချေ။ စစ်တိုက်တတ်သော ပညာအရည်အချင်းတစ်ခုတည်းသာရှိသော ထိုလူရွယ်အတွက် စစ်

mgyoe.com

mgyoe.com

တပ်မတော်အပြင်ဘက်တွင် လုပ်ကိုင်စားသောက်ခြင်းပြုရန် များစွာ အကျပ်အတည်းတွေ့ခဲ့ရသည်။ သူသည် တပ်မတော်သို့ ဝင်ရောက်ခြင်းမပြုမီက လုပ်ကိုင်ခဲ့ဖူးသော အလုပ်ကြမ်းများကို ဝင်ရောက်လုပ်ကိုင်ရန် စမ်းသပ်အားထုတ်ခဲ့သေးသည်။ သို့ရာတွင် သူသည် လုပ်ကိုင်၍မဖြစ်ခဲ့ချေ။ တပ်မတော်၏အပြင်ဘက်တွင် သူသည် သူ၏အတွက် နေရာရှာ၍ မတွေ့သေးချေ။

တပ်တွင်းမှ ထွက်လာခဲ့ရပြီးနောက် အလုပ်လက်မဲ့ဖြစ်ကာ အမြဲတမ်းလိုလိုဘိုင်ကျလျက် ဆာလောင်မွတ်သိပ်နေရသောကြောင့်လည်း ထိုရက်များအတွင်းက လူရွှယ်သည် ကုက္ကိုင်းဘက်တွင် တပ်စွဲထားသော ဗမာ့သေနတ်ကိုင်တပ်ရင်းတစ်ရင်းရှိ ၎င်း၏ ရဲဘော်ရဲဘက်ဟောင်းများထံမှ သုံးဖို့စွဲဖို့အတွက် ပိုက်ဆံကလေးအနည်းအကျဉ်း တောင်းရမ်းရန် ပုဇွန်တောင်ဘက်ရှိ နေအိမ်မှ ထွက်လာခဲ့ခြင်းဖြစ်လေသည်။ အမျိုးသားလွတ်လပ်ရေးအတွက် ရင်မြေကတုတ်လုပ်ကာ အတူတကွ တိုက်ခိုက်လာခဲ့ကြသော ရဲဘော်တစ်ဦးအား အကြောင်းအမျိုးမျိုးကြောင့် တပ်တွင်းမှ ထုတ်ပယ်ပစ်လိုက်သည့်တိုင်အောင် တပ်တွင်း၌ ကျန်ရစ်ခဲ့ကြသော ရဲဘော်ဟောင်းများက သံယောဇဉ် မကင်းနိုင်တတ်ကြချေ။ တပ်အပြင်ဘက်တွင် ၎င်းတို့၏ ရဲဘော်ဟောင်းတစ်ဦး ဆင်းရဲငတ်ပြတ်၍နေပါက ပို၍ သံယောဇဉ်ရှိတတ်ကြလေသည်။ အလုပ်လက်မဲ့ဖြစ်ကာ ငတ်ပြတ်၍နေသော ထိုရဲဘော်ဟောင်းအား ၎င်းတို့၏ လစာကလေးများ ထုတ်ကြရသောအခါတိုင်း တတ်အားသမျှ စုဆောင်းထောက်ပံ့လေ့ရှိကြသည်။

လူရွှယ်သည် ရဲဘော်ဟောင်းတစ်ဦးအနေနှင့် ထိုအထောက်အပံ့ကို တောင်းခံရယူရန်အတွက် ပုဇွန်တောင်ဘက်ရှိ ၎င်း၏နေအိမ်မှ ဝေးလံလှသော ကုက္ကိုင်းဘက်သို့ လမ်းစရိတ်မျှပင် မတတ်နိုင်သောကြောင့် ကုန်းကြောင်း လျှောက်လာခဲ့ရလေသည်။ နေကလည်း ချစ်ချစ်တောက် ပူနေရသည့်အထဲ ခရီးဝေးဝေးလံလံကို လျှောက်လာခဲ့ရသောကြောင့် ကုက္ကိုင်းတပ်ရင်းသို့ ခြေကုန်လက်ပန်းကျလျက် ရောက်ရှိလာသောအခါ လူရွှယ်သည် ပက်လက်လန်၍ သွားရပြန်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့က လစာစာရင်းများကို မျက်နှာဖြူတပ်ရင်းမှူးက လက်မှတ်မထိုးအားသဖြင့် တပ်ရင်းတစ်ရင်းလုံး လစာမထုတ်ကြရသောကြောင့်ဖြစ်လေသည်။

mgyoe.com

တပ်ရင်းတစ်ရင်းလုံးရှိ ရဲဘော်များအားလုံး လစာမထုတ်ကြရသောအခါတွင် ထိုရဲဘော်ဟောင်းအား မည်သူကမျှ ထောက်ပံ့ပေးကမ်းခြင်း မပြုနိုင်ကြချေ။ အလုပ်လက်မဲ့ဖြစ်ကာ ငတ်ပြတ်စုတ်ချာနေသော တပ်အပြင်ဘက်မှ ၎င်းတို့၏ ရဲဘော်ဟောင်းတစ်ဦးအား ဘာမျှပေးကမ်းထောက်ပံ့ခြင်း မပြုနိုင်ကြသောအခါ တပ်တွင်းရှိ ရဲဘော်များအားလုံးလိုလို စိတ်မကောင်းဖြစ်နေကြလေသည်။ မတတ်သာသည့်အဆုံးတွင် ရဲဘော်များသည် ၎င်းတို့အတွက် ရရှိထားသော စားဖွယ်သောက်ဖွယ် ရာရှင်ကလေးများကိုပင် အငတ်ခံ၍ စုဆောင်းပေးကမ်းခြင်းပြုကြလေသည်။ လမ်းစရိတ်အတွက် အနည်းငယ်မျှစီ တတ်နိုင်ကြသေးသော ရဲဘော်ဟောင်းများထံမှ တစ်ဦးလျှင် တစ်မူးစ၊ တစ်မတ်စ ကုပ်ကပ်စုဆောင်း၍ ပေးလိုက်ကြသေးသဖြင့်လည်း ထိုရဲဘော်ဟောင်းသည် ငွေနှစ်ကျပ်ခွဲသာသာ သုံးကျပ်နီးပါးခန့်မျှ ရရှိခဲ့လေသည်။

တပ်တွင်းရဲဘော်များက ဝိုင်းဝန်းကျွေးမွေးလိုက်ကြသော ညစာကို ဗိုက်ကားအောင် စားသောက်ပြီးနောက် ကုက္ကိုင်းတပ်ရင်းမှ ထွက်လာသောအခါ နေဝင်၍ မိုးချုပ်စပင် ပြုလေပြီ။ ရဲဘော်များက ၎င်းတို့ကိုယ်ကို အငတ်ခံကာ စုဆောင်း၍ ပေးကမ်းလိုက်ကြသော ယိုဘူးသုံးဘူးနှင့် ငါးသေတ္တာနှစ်ဘူးတို့ကို ၎င်း၏စစ်လွယ်အိတ်အဟောင်းတစ်လုံးနှင့်ထည့်ကာ လွယ်ရင်း လူရွယ်သည် ကုက္ကိုင်းလမ်းမကြီးအတွင်း တနဲ့နဲ့နှင့် လျှောက်၍ပြန်လာခဲ့သည်။ မနက်က ကုက္ကိုင်းသို့ လာခဲ့ရစဉ်ကလည်း ခြေကျင်လျှောက်လာခဲ့ရသောကြောင့် သူ၏ခြေထောက်များသည် နာကျင်ညောင်းညာလျက်ရှိနေပြီဖြစ်သော်လည်း လူရွယ်သည် နောက်ပိုင်းက မအေးသေးသဖြင့် ရဲဘော်များက လမ်းစရိတ်အတွက် စုဆောင်း၍ ပေးကမ်းထောက်ပံ့လိုက်ကြသော ငွေစကလေးများကို ခရီးစရိတ်အတွက် မသုံးစွဲနိုင်ဘဲ စစ်သားဟောင်းတစ်ဦးပီပီ မြို့တွင်းသို့ ခြေသလုံးအားပြု၍ ကုန်းကြောင်းပင် ပြန်လာခဲ့ခြင်းဖြစ်လေသည်။

ယင်းသို့ ရဲဘော်များက စုဆောင်း၍ ပေးကမ်းထောက်ပံ့လိုက်ကြသော ယိုဘူးနှင့် ငါးသေတ္တာဘူးကလေးများကို စစ်လွယ်အိတ်ဟောင်းတစ်လုံးနှင့်လွယ်ကာ ကုက္ကိုင်းလမ်းမကြီးအတိုင်း လျှောက်လာရစဉ် လူရွယ်သည်

mgyoe.com

mgyoe.com

မြန်နန္ဒာရဲတိုက်ရှင်အဘိုးကြီးနှင့် ပြည်သူ့လမ်းမကြီးပေါ်တွင် ဗြုန်းခနဲ တွေ့ဆုံ၍ သိကျွမ်းလိုက်ရခြင်းမျှသာ ဖြစ်လေသည်။ သို့ရာတွင် အဘိုးကြီးနှင့် တွေ့ဆုံ၍သိကျွမ်းရပုံမှာ စိတ်ကူးယဉ်ဝတ္ထုကလေးတစ်ပုဒ်လိုလို၊ အမေရိကန် ရုပ်ရှင်ကားတစ်ခုလိုလို ဖြစ်နေလေသည်။

mgyoe.com

mgyoe.com

(၅)

ခြေသလုံးအားပြု၍ ခရီးသွားရခြင်း ဖြစ်သောကြောင့် ကုက္ကိုင်း တပ်ရင်းမှ ကံဘဲ့လမ်းဆုံသို့ ရောက်လာသောအခါ တော်တော်ကြီးမှောင် နေပြီဖြစ်သည်။ လူသူပြတ်လပ်၍တော်တော်ကလေးမှောင်နေပြီဖြစ်သော ကံဘဲ့လမ်းဆုံသို့ ရောက်ရှိလာသောအခါ ရန်ကုန်မြို့တွင်းမှ ၎င်း၏ အော် စတင်ကားလေးကို ကိုယ်တိုင်မောင်း၍ပြန်လာဟန်ရှိသော မြန်နန္ဒာရဲတိုက်ရှင် အဘိုးကြီးအားသတ်ဖြတ်၍ ၎င်းထံ၌ပါလာသောငွေများ လုယက်ယူငင်ရန် ပြုလုပ်၍နေကြသော ကုလားစစ်သားသုံးဦးတို့ကို သူသည် ရုတ်တရက် တွေ့ကြုံရလေသည်။

ရဲတိုက်ရှင်အဘိုးကြီးမောင်းလာသော မော်တော်ကားသည် ကံဘဲ့ လမ်းဆုံသို့အရောက်တွင် ရုတ်တရက် စက်ချွတ်ယွင်းသွားသဖြင့် ရပ်သွား ဟန်ရှိလေသည်။ မော်တော်ကားကို မောင်းတတ်ရုံမျှသာ မောင်းတတ်ပြီးလျှင် စက်တစ်စုံတစ်ရာ ချွတ်ယွင်း၍သွားသောအခါများတွင် ဘာကဘာကိုလုပ်ရ မှန်း သိရှိဟန်မတူသော ရဲတိုက်ရှင်အဘိုးကြီးသည် ဘာမျှမလုပ်တတ် မကိုင် တတ်ဘဲ အကူအညီကင်းမဲ့နေသည့်အခိုက် တစ်နေရာရာမှ သောက်စား မူးယစ်၍ ပြန်လာကြဟန်ရှိသော ဗြိတိသျှကြေးစား စစ်သားသုံးယောက်နှင့် တိုးမိနေဟန်လည်း ရှိလေသည်။ စစ်အုပ်ချုပ်ရေးလည်း ရုပ်သိမ်းသွားပြီ ဖြစ်ရကား မြန်မာနိုင်ငံမှ ၎င်းတို့ ထွက်ခွာခြင်းပြုကြရသောအခါ သူဌေး သူကြွယ်များဖြစ်သွားလိုဟန်ရှိသော စစ်သားသုံးဦးသည် လမ်းခုလတ်၌ အခက်အခဲတွေ့နေသော မော်တော်ကားရှင်အဘိုးကြီးအား အမဲဖျက်သလို

mgyoe.com

mgyoe.com


ဖျက်ရန် ကြိုးပမ်းအားထုတ်နေသည့်အခိုက် စစ်လွယ်အိတ်တစ်လုံးကိုလွယ်၍ စစ်ယူနီဖောင်းအဟောင်းကို ဝတ်ဆင်ထားသော ထိုလူရွယ်သည် ရုတ်တရက်ရောက်ရှိလာခြင်းမျှသာ ဖြစ်လေသည်။ သားရေသေတ္တာကြီးတစ်လုံးနှင့်အပြည့်ပါလာသော ငွေများကို ထုတ်ပေးလိုက်သည့်တိုင်အောင် ကျေနပ်ရောင့်ရဲခြင်းမရှိကြသေးသော ကြေးစားစစ်သားများသည် မော်တော်ကားရှင်အဘိုးကြီးအား ၎င်း၏မော်တော်ကားပေါ်မှ တရကြမ်းဆွဲချကာ လည်မျိုကိုဖျစ်သတ်ပြီးလျှင် ၎င်း၏မော်တော်ကားကိုပါ လုယက်ယူငင်ခြင်းပြုရန် အားထုတ်ပြုလုပ်နေသည့်အခိုက် ထိုလူရွယ်ရောက်ရှိလာသည်ကို မမျှော်လင့်ဘဲ ဗြုန်းခနဲ တွေ့မြင်လိုက်ရသော အဘိုးကြီးသည် ရုတ်တရက် အားတက်လာပြီးလျှင် ...

"ကျုပ်ကို ကုလားစစ်သားတွေ သတ်တော့မလို့လုပ်နေကြတာကို ကြည့်မနေပါနဲ့ဗျို့ .. ကယ်ပါဦး ..."

ဟု ငယ်သံပါအောင် အော်ဟစ်ခြင်း ပြုလေသည်။ သည့်နောက်တွင် စစ်ယူနီဖောင်းဝတ်လူရွယ်သည် ၎င်း၏ စစ်လွယ်အိတ်ကို လမ်းဘေးသို့ ပစ်ချလိုက်ပြီးလျှင် ရဲတိုက်ရှင်အဘိုးကြီးအား သတ်ဖြတ်၍ လုယက်ယူငင်ရန် ကြိုးပမ်းအားထုတ်နေကြသော ကုလားစစ်သားသုံးယောက်တို့ကို တစ်မုဟုတ်တည်း ပြေးလွှားတိုက်ခိုက်ခြင်းပြုလေသည်။

ဗြိတိသျှကြေးစားစစ်သားများကို မဆိုထားဘိ၊ သူရသတ္တိရှိလှသော ဂျပန်စစ်သားများကိုပင် လည်မျိုဖျစ်၍ သတ်ဖြတ်ခဲ့ဖူးသောလူရွယ်သည် အဘိုးကြီး၏လည်မျိုကို ညှစ်သတ်ရန် အားထုတ်နေသော စစ်သားတစ်ဦးကို ရှေးဦးစွာ ဝင်ရောက်ထိုးကြိတ်ကာ အဘိုးကြီးအား သေတွင်းမှ လွတ်မြောက်စေပြီးနောက် အဘိုးကြီး၏သားရေသေတ္တာကို ဆွဲယူထွက်ပြေးရန် ပြုလုပ်နေသော ကျန်စစ်သားနှစ်ဦးတို့အား တရကြမ်းလိုက်လံတိုက်ခိုက်ခြင်း ပြုလေသည်။ မမျှော်လင့်ဘဲနှင့် ရုတ်တရက်ထိုးကြိတ်တိုက်ခိုက်ခြင်းကို ခံလိုက်ကြရသော ကြေးစားစစ်သားများသည် အရက်ကလည်း မူး၍နေကြသည်ဖြစ်သောကြောင့် ကြောက်လန့်တကြားဖြစ်ကာ ကံဘဲ့လမ်းအတိုင်း ထွက်ပြေးသွားကြလေသည်။ ကုလားစစ်သားသုံးယောက်တို့အား ထိုးကြိတ်တိုက်ခိုက်ခြင်းပြုလိုက်ရသော လူရွယ်သည်လည်း များစွာ မသက်သာလှ

mgyoe.com

mgyoe.com
ချေ။ ကြောက်အားလန့်အားနှင့် ပြန်လည်ခုခံကြသော ကုလားစစ်သားများ၏လက်ချက်ကြောင့် လူရွယ်၏နှာခေါင်းအတွင်းမှ သွေးများယိုစီးလျက် နားထင်နှင့်နားရင်းများတွင်လည်း ထုပ္ပ၍ ကျန်ရစ်လေသည်။

အင်္ဂါရပ် များစွာကောင်းမွန်ခဲ့ညားလျက် စစ်ပြီးစလောက်တွင်ပင် ကိုယ်ပိုင်မော်တော်ကားသစ်စီးနိုင်သော လူချမ်းသာတစ်ဦးအား ဤကဲ့သို့ စွန့်စွန့်စားစားနှင့် အနာခံ၍ ကယ်တင်ခြင်းပြုလိုက်ရသည့်အတွက် ဘိုင်ကျ ငတ်မွတ်နေသော လူရွယ်သည် ငယ်ရွယ်သူတစ်ဦးပီပီ ဆုလာဘ်တစ်ခုခုကို အားခဲမျှော်လင့်ထားပုံရလေသည်။ အဘိုးကြီး၏သားရေသေတ္တာထဲ၌ ဘာတွေပါသည်ကိုသာ လူရွယ်သည် မသိရှိသော်လည်း လည်မျိုညှစ်၍ အသတ်ခံရလုဆဲဆဲဖြစ်သော အဘိုးကြီးအား သွေးထွက်သံယိုခံကာ ကယ်ဆယ်ခြင်းပြုလိုက်ရသဖြင့် ထိုက်သင့်သောတန်ဖိုးကိုကား သူသည် ကိန်းသေတွက်ချက်ထားပုံလည်းရလေသည်။ သို့ရာတွင် ကုလားစစ်သားများ၏ ဘေးအန္တရာယ်မှ ကင်းရှင်းသွားသောအခါ ရဲတိုက်ရှင်အဘိုးကြီးသည် သူ့အား အဖိုးအခဆို၍ တစ်ပြားတစ်ချပ်မျှပင် ပေးကမ်းခြင်းမပြုဘဲ အင်မတန်ကျေးဇူးတင်သည့်အကြောင်း၊ ၎င်း၏မြနန္ဒာရဲတိုက်ကြီးသို့ လာဖြစ်အောင် လာဖို့အကြောင်းနှင့် ၎င်း၏အိမ်သို့ လာရောက်လည်ပတ်သောအခါတွင် ကျေးဇူးကောင်းကောင်းကြီးဆပ်မည့်အကြောင်းများလောက်ကိုသာ နှုတ်ဖြင့်ပြောဆိုခြင်းပြုလေသည်။

ဘာတွေပါရှိမှန်းမသိရသော သားရေသေတ္တာကြီးတစ်လုံး၊ မော်တော်ကားတစ်စီးနှင့် အဖိုးထိုက်တန်လှသော လူ့အသက်တစ်ချောင်းတို့ကို ကယ်ဆယ်ခြင်းပြုလုပ်ရသည့်တိုင်အောင် "မှန်းချက်နှင့် နှမ်းထွက်" မကိုက်အောင်ဖြစ်လာသောအခါ လူရွယ်သည် ၎င်း၏ကျေးဇူးခံကျေးဇူးစား အဘိုးကြီးအပေါ်၌ များစွာ စိတ်ပျက်၍သွားမိလေသည်။ ကျေးဇူးတင်စကားကိုသာ ပြော၍မဆုံးနိုင်အောင်ဖြစ်နေသော အဘိုးကြီးကိုပင်လျှင် မကြည့်ချင်တော့သော်လည်း ၎င်းက တတွတ်တွတ်ပြောဆိုနေသော စကားကိုမူကား အောင့်အည်း၍ နားထောင်ခြင်းပြုနေရလေသည်။

"မောင်ရင့်ကျေးဇူးဟာ ကြီးလှပါတယ် .. ဦးမှာ အမေက မွေးပေးလိုက်တဲ့အသက်တောင် မရှိတော့ပါဘူး .. မောင်ရင်ကယ်ဆယ်လိုက်တဲ့

mgyoe.com

mgyoe.com


အသက်ပဲရှိပါတော့တယ် .. ဒါကြောင့် ဦးအိမ်ကို တစ်ခါတစ်ခေါက်လောက်တော့ အေးအေးဆေးဆေး လာလည်ဖြစ်အောင် လာလည်စမ်းပါလို့ ဦး ဖိတ်ကြားတောင်းပန်ထားခဲ့ပါရစေ .. ဟုတ်လား .. ပြီးတော့လည်း မောင်ရင့် ကျေးဇူးကို ဦး အင်မတန်ဆပ်ချင်လွန်းလို့ပါကွယ် .."

ရဲတိုက်ရှင်အဘိုးကြီးသည် နှာခေါင်းသွေးထွက်နေသော လူရွယ်အား တစ်ပြားတစ်ချပ်မျှသာ ပေးကမ်းခြင်းမပြုနိုင်ငြားသော်လည်း ကျေးဇူး စကားနှင့် ၎င်းတို့၏နေအိမ်သို့ လာရောက်လည်ပတ်ခြင်းပြုဖို့ကိစ္စကိုကား တွင်တွင်ကြီး ဖိတ်ကြားပြောဆိုလျက်ရှိလေသည်။

ပူထူကျိန်းစပ်၍နေသော ၎င်း၏နားရင်းများကို လက်ဖဝါးဖြင့် ပွတ်သပ်ရင်း လူရွယ်သည် မသက်မသာ နားထောင်လျက်နေသည်။ သူ၏မျက်နှာအမူအရာသည်လည်း မသာမယာနှင့် ပုပ်သိုးသိုးဖြစ်နေသည်။

ကျေးဇူးတင်စကားများနှင့် နေအိမ်သို့ ဆက်ဆက်လာဖြစ်အောင် လာလည်ဖို့အတွက် ဖိတ်ကြားပြောဆိုပြီးနောက် လူရွယ်၏အမည်နာမနှင့် အလုပ်အကိုင်များ၊ နေရပ်များကို ရဲတိုက်ရှင်အဘိုးကြီးက စုံစမ်းမေးမြန်း နေခိုက် မြန်နှာရဲတိုက်ရှင် အဘိုးကြီးနှင့် ခြံနီးချင်းအသိမိတ်ဆွေတစ်ဦးသည် အခင်းဖြစ်ပွားရာနေရာသို့ မြို့ထဲမှ မော်တော်ကားနှင့် ရောက်ရှိ၍လာလေသည်။ ထို့ကြောင့် လူရွယ်သည် ဆက်လက်၍ စကားပြောဆိုရန်အတွက် အချိန်များများစားစား မရလိုက်တော့ချေ။ လူရွယ်က ၎င်းသည် များမကြာမီက ဖျက်သိမ်းခြင်းပြုလိုက်ရသော မျိုးချစ်ဗမာ့တပ်မတော်မှ ရဲဘော်ဟောင်းတစ်ဦးဖြစ်သည့်အကြောင်းနှင့် ၎င်း၏အမည်နာမလောက်တို့ကိုသာလျှင် ကတိုက်ကရိုက် ပြန်လည်ပြောဆိုခြင်း ပြုလိုက်ရသည်။ ၎င်းမှီခိုကပ်ရပ်နေထိုင်ခြင်းပြုရသော ရပ်ကွက်နှင့်နေအိမ် စသည်တို့ကိုပင် ပြောဖို့ရန်အတွက် လူရွယ်သည် အချိန်မရလိုက်တော့ချေ။ အဘယ်ကြောင့်ဆိုသော် မော်တော်ကားနှင့် မြို့ထဲမှပြန်လာဟန်ရှိသော အဘိုးကြီး၏ခြံနီးချင်းမိတ်ဆွေက လူရွယ်ကယ်ဆယ်လိုက်သော အဘိုးကြီးကို သူ၏မော်တော်ကားလေးနှင့် ကတိုက်ကရိုက် ခေါ်ဆောင်၍သွားသောကြောင့် ဖြစ်လေသည်။

mgyoe.com

mgyoe.com

(၆)

အထက်ပါအကြောင်းအရာနှင့် အဖြစ်အပျက်တို့သည် လွန်ခဲ့သော ရက်သတ္တ နှစ်ပတ်သာသာ သုံးပတ်ခန့်အတွင်းလောက်က ဖြစ်ခဲ့သည်။ ဆက်ဆက်လာဖြစ်အောင် လာခဲ့စမ်းပါ၊ ကျေးဇူးဆပ်ပါမည်ဆိုသော ရဲတိုက်ရှင်အဘိုးကြီး၏ စကားများအရ တစ်နေ့သွားမည်ဟု အားခဲထားခဲ့သော လူရွယ်သည် ပုဇွန်တောင်ဘက်ရှိ ၎င်း၏နေအိမ်မှ မြနန္ဒာရဲတိုက်ကြီးသို့ကားတော်တော်နှင့် မသွားဖြစ်ခဲ့ချေ။ အဘယ့်ကြောင့်ဆိုသော် ထိုမျှဝေးလံသော ခရီးကို သွားလာရန်အတွက် လူရွယ်တွင် လမ်းစရိတ်မျှပင် မတတ်နိုင်သော ကြောင့် ဖြစ်လေသည်။ ထို့ကြောင့် တစ်နေ့သွားမည်ဟု အားခဲထားသော လူရွယ်သည် မြနန္ဒာသို့ တော်တော်နှင့်မသွားဖြစ်နိုင်ဘဲ ရက်သတ္တ နှစ်ပတ်သာသာ သုံးပတ်ခန့်မျှ ကြာမြင့်ခဲ့ခြင်းဖြစ်လေသည်။

သို့ရာတွင် ယနေ့တွင်မူတော့ သူသည် သည်းညည်းမခံနိုင်တော့လောက်အောင် ဆာလောင်မွတ်သိပ်လှသဖြင့် ဘယ်ကမျှ မျှော်လင့်စရာမရှိသော လမ်းစရိတ်ကို အချည်းနှီးပင် အိပ်မက်မက်မနေတော့ဘဲ စစ်သားဟောင်းကြီးပီပီ သူ၏ခြေသလုံးကြွက်သားကိုသာ အားပြု၍ မြနန္ဒာရဲတိုက်ကြီးသို့ ထွက်လာခဲ့ခြင်းဖြစ်လေသည်။ ယင်းသို့ ပုဇွန်တောင်ဘက်ရှိ နေအိမ်မှ ထွက်လာခဲ့စဉ်က လူရွယ်သည် ငယ်ရွယ်သူတစ်ဦးပီပီ တော်တော်ကလေး စိတ်ကူးယဉ်လာခဲ့သည်။ မြနန္ဒာရဲတိုက်ကြီးသို့ရောက်လျှင် သူ၏ကျေးဇူးခံ ရဲတိုက်ရှင်အဘိုးကြီးနှင့်တကွ ၎င်း၏အိမ်သူအိမ်သားများအားလုံးတို့က သူ့အား ဧရာမကျေးဇူးရှင်ကြီးအဖြစ်လည်းကောင်း၊ သူရဲ ကောင်းကြီးအနေ

mgyoe.com

mgyoe.com

ဖြင့်လည်းကောင်း၊ ကျေးဇူးတတင်တင်နှင့် ဝမ်းသာအားရ ဧည့်ခံကျွေးမွေး ခြင်းပြုကြလိမ့်မည်။ စားကောင်းသောက်ဖွယ်ရာများကိုလည်း ဝဝလင်လင် စားသောက်ရလိမ့်မည်။ ထို့နောက် မြနန္ဒာအိမ်သူအိမ်သားများက သူ့အား အသက်သခင် ကျေးဇူးရှင်ကြီးတစ်ဦးအနေနှင့် ငွေကြေးကလေးများ ပေးကမ်းထောက်ပံ့ခြင်း ပြုကြလိမ့်မည်။ ထိုသို့ ပေးကမ်းထောက်ပံ့လိုက်သော ငွေကြေးကလေးများထဲမှ စစ်ယူနီဖောင်းဝတ်စုံဟောင်း နှစ်ခုမှလွဲ၍ ဘာမျှဝတ်စရာမရှိသော သူ၏အတွက် အဝတ်အစားတစ်စုံ လောက်တော့ ဝယ်လိုက်မည်။ ထို့နောက် သူ့အား မသဒ္ဒါရေစာ ကျွေးမွေးနေသော သူ့ယောက်ဖလုပ်သူရှေ့တွင် သူ၏အစ်မဖြစ်သူ မျက်နှာကောင်းရအောင် ငွေကြေးအချို့ကို ပေးကမ်းခြင်းပြုမည်။ ကျန်သော ငွေကြေးကလေးများကို သူ အလုပ်အကိုင်ရှာဖွေ၍ မရရှိသေးမီအတွင်း လက်စောင့်ခြေစောင့်အဖြစ် ချန်ထားမည်။ ဤကား ပုဇွန်တောင်နေအိမ်မှ စတင်ထွက်ခွာလာခဲ့စဉ်က လူရွယ်၏ စိတ်ကူးများဖြစ်လေသည်။ ပုဇွန်တောင်ဘက်မှ ကုက္ကိုင်းဘက်သို့ နေပူကြီးချစ်ချစ်တောက်တွင် လျှောက်လာခဲ့စဉ်က စိတ်ကူးများလည်း ဖြစ်လေသည်။ သို့ရာတွင် ဝေးလံလှသော ပုဇွန်တောင်ဘက်ရှိ နေအိမ်မှ ကုက္ကိုင်းဘက်ရှိ မြနန္ဒာရဲတိုက်ကြီး၏ ဝင်းတံခါးဝသို့ရောက်အောင် ရန်လိုလှသော နေအပူရှိန်အောက်တွင် ကုန်းကြောင်းလျှောက်လာခဲ့ရပြီးနောက် ခြံဝင်း တံခါးဝသို့ ရောက်ရှိသောအခါ၌ လူရွယ်၏စိတ်ကူးများသည် ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်၍သွားခဲ့ကြလေပြီတကား။

နှာခေါင်းမှ သွေးယိုစီးကာ နားထင်နားရင်းများ ဖူးရောင်သည်အထိ အနာအကျင်ခံကာ ကယ်တင်ခြင်းပြုခဲ့ရသော ရဲတိုက်ရှင်အဘိုးကြီးသည် အဘယ်မှာနည်း။ မြနန္ဒာရဲတိုက်ကြီးသည် တိတ်ဆိတ်ငြိမ်သက်လျက်သာ ရှိလေသည်။ သူ့အား ၎င်းတို့၏အသက်သခင်ကျေးဇူးရှင်အနေနှင့် အိမ် တံခါးများအားလုံးကိုဖွင့်ကာ ဝမ်းသာအားရ ဆီးကြိုကြမည့် အိမ်သူအိမ်သား များရော အဘယ်မှာနည်း။ ထူထဲခိုင်ခံ့လှသော သံတံခါးကြီးကသာ လူရွယ် အား ဟန့်တားခြောက်လှန့်လျက်ရှိနေသည်။

အချိန်မှာ နေ့ခင်းနာရီပြန် တစ်ချက်တီးသာသာခန့် ဖြစ်လေသည်။ ကောင်းကင်ပြင်၌ မိုးသားနှင့်မြူတိမ်များ ကင်းစင်လျက်ရှိနေသဖြင့် နေဝန်း

mgyoe.com

mgyoe.com


သည် ဤကမ္ဘာမြေပြင်အား ငြိုးမာန်ကြီးစွာဖြင့် လောင်တိုက်သွင်းတော့မည့် အလား မိမိ၏အပူရှိန်ရှိရှိသမျှတို့ကို မီးကုန်ယမ်းကုန် လွှတ်ထုတ်၍နေလေသည်။ ယင်းသို့ အပူရှိန်က ပြင်းထန်နေသည့်အချိန်တွင် အရိပ်အာဝါသဆို၍ ဘာမျှမရှိသော မြနန္ဒာရဲတိုက်ကြီး၏ ဝင်းတံခါးဝ၌ ရှေ့သို့လည်း မတိုးဝံ့၊ နောက်သို့လည်း မဆုတ်နိုင်ဖြစ်ကာ ချီတုံချတုံဖြစ်နေသော လူရွယ်သည် ၎င်း၏နဖူးပြင်၌ နောက်ထပ်၍ စို့ထွက်လာပြန်သော ချွေးသီးချွေးပေါက်များကို လက်ဖဝါးဖြင့် ဒုတိယအကြိမ် သပ်ချလိုက်ပြန်ရင်း သက်ပြင်းကို ခပ်လေးလေး ချလိုက်ပြန်လေသည်။ ထို့နောက် ချွေးများဖြင့် စိုရွှဲပေကျံနေသော ၎င်း၏လက်ဖဝါးကို ၎င်းတင်ပါးပြင်တွင် သန့်ရှင်းလိုက်ပြန်ရင်း နေအပူရှိန်ကြောင့် အငွေ့များပင် ပျံတက်နေသော ကုက္ကိုင်းလမ်းမကြီးဘက်ဆီသို့ နောက်ကြောင်းပြန်၍ လှည့်ကြည့်လိုက်ပြန်လေသည်

ကုက္ကိုင်းလမ်းမကြီးတစ်လျှောက်တွင်ကား မြန်မာအမျိုးသားများ၏ အုံကြွပြင်းထန်၍နေသော ကိုလိုနီဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကို အကြမ်းဖက်၍ နှိပ်ကွပ်ဖြိုဖျက်သင့်က ဖြိုဖျက်ခြင်းပြုရန်အတွက် ရုပ်သိမ်းခြင်းမပြုသေးသော ဗြိတိသျှကိုလိုနီယန္တရားတပ်မှ စစ်မော်တော်ကား ကြီးငယ်များသည် လက်နက်ကိုင်စစ်သားများကို တင်ဆောင်ကာ တဝေါဝေါ ပြေးလွှားဆူညံလျက် ရှိနေတုန်းသာဖြစ်လေသည်။

mgyoe.com

mgyoe.com

(၇)

မြနန္ဒာ၏ ဝင်းတံခါးဝ၌ရပ်နေသောလူရွယ်အား ခပ်လှမ်းလှမ်းမှ နေ၍ အကဲခတ်ကြည့်ရှုလိုက်မည်ဆိုလျှင် ဧရာမလူကြီးတစ်ယောက်ကဲ့သို့ ထင်မြင်အောက်မေ့စရာရှိလေသည်။ သို့ရာတွင် နီးနီးကပ်ကပ်မှနေ၍ စေ့စေ့ စပ်စပ်ကြည့်ရှုခြင်းပြုမည်ဆိုလျှင်ကား ထိုလူရွယ်သည် အသက်နှစ်ဆယ် သာသာခန့်မျှသာ ရှိနိုင်လိမ့်ဦးမည်ဖြစ်သည်ကို ကောင်းစွာ မှန်းဆနိုင်လေ သည်။ ခန္ဓာကိုယ်နှင့် အရပ်အမောင်းများက ဖွံ့ဖြိုးထွားကျိုင်း၍ အရိုးအဆစ် များက သန်စွမ်းကြီးခိုင်ခြင်းရှိသလောက် ၎င်း၏မျက်နှာပေါက်ကမူ နုနယ် နေသေးသည်။ ထိုလူရွယ်၏ ထူးခြားပေါ်လွင်လှသော အင်္ဂါလက္ခဏာများ သည်ကား စူးရှကြည်လင်သော မျက်လုံးများနှင့် ကြံ့ခိုင်သော မေးရိုးကြီး များပင်ဖြစ်လေသည်။

ရန်လို၍ ဆိုးဝါးပြင်းထန်သော ဘဝ၏ရာသီဥတုများ ပတ်ဝန်း ကျင်၌သာလျှင် ရုန်းကန်လှုဖြစ်လာခဲ့ရဟန်ရှိသောကြောင့် အနည်းငယ် ရိုင်းစိုင်း၍ ကြမ်းတမ်းခက်ထန်သော အသွင်အပြင် အမူအရာနှင့် စရိုက်များ ကို လူရွယ်၌ တွေ့ရှိနိုင်သည်။ ပညာတတ်လူလတ်တန်းစားများ၏ သိမ်မွေ့ နူးညံ့သောလက္ခဏာနှင့် ယဉ်ကျေးညင်သာသော အမူအရာဆို၍ကား ဘာ တစ်ခုတလေမျှ လူရွယ်၌ မတွေ့ရချေ။ သူ့ကို လူပေါ်ကာစ၊ ကမ္ဘာဦးက လူသားတစ်ယောက်ဟူ၍ပင်လျှင် ခေါ်ဆိုကောင်းခေါ်ဆိုနိုင်ဖွယ်ရာ ရှိလေ သည်။

လူရွယ်သည် ဗြိတိသျှတပ်မတော်သားများ ဝတ်စားဆင်ယင်ရသော

mgyoe.com

mgyoe.com


အစိမ်းပုပ်ရောင် စစ်ယူနီဖောင်းဝတ်စုံကို ဆင်မြန်းထားသည်။ သို့ရာတွင် ၎င်း၏စစ်ယူနီဖောင်းမှာ ဖွပ်လျှော်ရဖန်၊ နေလှန်းရဖန်များလှ၍ အရောင်အဆင်းပင် မရှိတော့ချေ။ အင်္ကျီပခုံးထောင့်တွင် ရိပ်ပြလျက် ဘောင်းဘီတွင်လည်း ဖာထေးခြင်းပြုထားရသောအပေါက် သုံးလေးပေါက်မျှပင် ရှိနေချေပြီ။ နေသည် ချစ်ချစ်တောက်ပူပြင်းလျက်ရှိသော်လည်း လူရွယ်၌ ယင်းအပူရှိန်ကို ခုခံကာကွယ်ခြင်းပြုရန်အတွက် ဦးထုပ်မပါရှိချေ။ ဆတ္တာသည်နှင့်လည်းကောင်း၊ ဆီနှင့်လည်းကောင်း ကြုံကြိုက်ခြင်းမရှိသည်မှာ အချိန်ကာလအတန်ကြာသွားပြီ ဖြစ်သည့်အတွက် ၎င်း၏ဆံပင်များသည် ကြည့်မကောင်းလောက်အောင် ရှည်လျားမွဲခြောက်၍နေသည်။ ကုန်းကြောင်းလျှောက်ရဖန်များလွန်းလှ၍လားတော့မသိ၊ ၎င်း၏ စစ်ဖိနပ်ဖနောင့်ခုံမှာလည်း ဟောင်းအိုနိမ့်ကျ၍နေလေသည်။

အရောင်အဆင်းများ မွဲခြောက်ကာ စုတ်ပြတ်နုံချာလှသော ၎င်း၏ဝတ်စားတန်ဆာပလာများကို လူရွယ်သည် စိတ်မသက်မသာနှင့် ငုံ့၍ကြည့်ရှုလျက်ရှိရာမှ ရဲတိုက်ကြီးအား လှမ်း၍ ကြည့်လိုက်ပြန်လေသည်။ ဤကဲ့သို့ အရောင်အဆင်းမရှိသော လူတစ်ယောက်က ခမ်းနားထည်ဝါခြင်းရှိလှသော ရဲတိုက်ကြီးတစ်လုံးအတွင်းသို့ မည်ကဲ့သို့ ဝင်ရောက်လည်ပတ်ခြင်းပြုရပါမည်နည်း။ စစ်ယူနီဖောင်းဝတ်လူရွယ်သည် မိမိ၏ကိုယ်ကိုတစ်လှည့်၊ မြန္မာရဲတိုက်ကြီးကိုတစ်လှည့်၊ ယင်းသို့ တစ်လှည့်စီကြည့်ရှုနေရင်းက သိမ်ငယ်သလို ဖြစ်လာဟန်ရှိသည်။ အားငယ်သလို၊စိုးကြောက်သလိုလည်း ဖြစ်နေပုံရလေသည်။

စင်စစ် ရဲတိုက်ရှင်အဘိုးကြီးသည် ၎င်း၏ အသက်သခင် ကျေးဇူးရှင်ဖြစ်ခဲ့သော ထိုလူရွယ်အား ၎င်း၏နေအိမ်သို့ မရောက်ရောက်အောင် လာလည်ဖို့အတွက် အတန်တန်ဖိတ်မန္တကပြုသွားခဲ့သည်မဟုတ်လော၊ ယင်းသို့ အိမ်ရှင်ဖြစ်သူက လေးလေးစားစားနှင့် ဖိတ်ကြားထားပါလျက် ထိုလူရွယ်သည် မြန္မာဝင်းတံခါးဝသို့ ရောက်ရှိလာခဲ့ပြီးခါမှ အဘယ့်အတွက် ဤမျှသိမ်ငယ် ညှဲ့ဖျင်းနေရသနည်း။ အားငယ်ကြောက်ရွံ့ခြင်းရော ဖြစ်နေရသနည်း။

လူရွယ်သည် ဤမျှလောက် ထည်ဝါဝင့်ကြွားလျက် ကြီးကျယ်

mgyoe.com


ခမ်းနားလှသော အဆောက်အဦနှင့် ဝင်းခြံများအတွင်းသို့ ၎င်း၏တစ်သက်နှင့်တစ်ကိုယ်တွင် တစ်ကြိမ်တစ်ခါမျှ ရောက်ဖူး ပေါက်ဖူးခဲ့ဟန်မရှိချေ။ ယင်းသို့ အနားသို့မျှပင် မသိဖူး၊ မကပ်ဖူးသော အခမ်းအနား အဆောင်အယောင်များကို ယခုကဲ့သို့ ဗြုန်းစားကြီး ရင်ဆိုင်လိုက်ရသောအခါ ထိုလူရွယ်သာလျှင်မဟုတ်၊ လူတိုင်း လူတိုင်းပင် အနည်းနှင့်အများ စိုးရွံ့သိမ်ငယ်ခြင်း ရှိလိမ့်မည်မဟုတ်သလော။

မြနန္ဒာခြံကြီးအတွင်း၌ကား တိတ်ဆိတ်ငြိမ်သက်၍သာ နေလေသည်။ အိမ်သူအိမ်သားများနှင့်တကွ အိမ်ကြီး၏အခြွေအရံများအားလုံးပါ နေ့လယ်နေ့ခင်းတွင် အပန်းဖြေအိပ်စက်၍နေကြဟန်တူသည့်အလား လူရိပ်လူယောင်ကိုမျှပင် မတွေ့ရ၊ မမြင်ရချေ။

လူရွယ်သည် မျှော်လင့်ခြင်းကြီးစွာဖြင့် အားခဲလာရောက်ခြင်းပြုခဲ့သော မိမိ၏ကိစ္စကို စိတ်အားလျှော့လိုက်ဘိသကဲ့သို့ ဦးခေါင်းကို တစ်ချက်မျှကုတ်လိုက်ပြီးနောက် ချာခနဲ လှည့်၍ ထွက်သွားတော့မည်အပြုတွင်..

"ဟေး .. မင်းဘယ်သူလဲ .. ဘာကိစ္စရှိလို့ ဒီနားမှာလာရသလဲ .."

ဟု ဟိန္ဒူစတန်နီ ဘာသာစကားဖြင့် ခပ်ထန်ထန် ခပ်မာမာကလေး မေးလိုက်သောအသံကို ကြားလိုက်ရသောကြောင့် ရုတ်တရက် အားတက်သလိုရှိလာပြီးလျှင် ကျောခိုင်း၍ထားခဲ့ပြီဖြစ်သော သံတံခါးကြီးဘက်သို့ ချာခနဲ ပြန်လှည့်ကြည့်လိုက်မိသည်။ ဝင်းတံခါး၏အတွင်းဘက်၌ "ကုတ်ကရိုး" ခေါ် ဓားကောက်အချွန်တစ်ချောင်းကို ခါးပတ်ဖြင့် ချိတ်ဆွဲထားသော ဂေါ်ရခါး အမျိုးသားတစ်ဦးကို တွေ့ရလေသည်။ ထိုဂေါ်ရခါးအမျိုးသားသည် မြနန္ဒာရဲ တိုက်ကြီးနှင့်ဝင်းခြံအား စောင့်ကြပ်ကြည့်ရှုရသော ဒရဝမ်ဖြစ်လိမ့်မည်လားဟု အတန်ကြာမျှ အကဲခတ်ကြည့်ရှုနေမိပြီးမှ ..

"ကျုပ် အိမ်ရှင်ကိုတွေ့ချင်လို့"

ဟု ၎င်းအနည်းငယ်တတ်ကျွမ်းထားသော ဟိန္ဒူစတန်နီဘာသာစကားဖြင့်ပင် ပြန်လည်ဖြေကြားခြင်းပြုလိုက်လေသည်။

မြနန္ဒာနှင့်တကွ အိမ်သူအိမ်သားများ၏ လုံခြုံရေးအတွက် တာဝန်ယူထားရဟန်ရှိသော ဒရဝမ်က "အိမ်ရှင်ကို တွေ့ချင်လို့ .." ဟုဆိုလာသောလူရွယ်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ရှုနေပြီးမှ ..

mgyoe.com

"အိမ်ရှင်နဲ့တွေ့ရအောင် မင်းက ဘယ်ကလဲ၊ ဘာ့ကိစ္စရှိလို့လဲ .."

ဟု စိတ်ချယုံကြည်ခြင်းမရှိသော မျက်နှာထားအမူအရာဖြင့် ပြန်လည်၍ စစ်ကြောမေးမြန်းခြင်း ပြုနေပြန်သည်။

လူရွှယ်သည် သက်ပြင်းကိုချလိုက်သည်။ တိုင်းတစ်ပါးသား အိမ်စောင့်ဒရဝမ်တစ်ဦးက တိုင်းပြည်အတွက် အသက်ပေးတိုက်ခိုက်လာခဲ့သော မိမိကဲ့သို့ မျိုးချစ်ဗမာ့တပ်မတော်သားတစ်ဦးအား အထင်သေးသလို၊ မယုံသင်္ကာသလိုနှင့် မေးမြန်းစစ်ကြောနေခြင်းကိုကား များစွာ အခံရခက်သလို ဖြစ်နေသည်။ သို့ရာတွင် သူ၏ပေါက်ကွဲချင်သောအတ္တကို လေ့ကျင့်သားကောင်းစွာ ရရှိခဲ့ပြီးသော ရဲဘော်ဟောင်းတစ်ဦးပီပီ လူရွှယ်သည် ချိုးနှိမ်လိုက်လေသည်။ ထို့နောက် ..

"အိမ်ရှင်အဘိုးကြီးရဲ့ မိတ်ဆွေတစ်ယောက်ပါ၊ သူက အလည်လာခဲ့ပါဆိုပြီး ဖိတ်ထားလို့ တမင်သက်သက် လာလည်တာပါ .."

ဟု လူရွှယ်က ပြန်လည်ပြောကြားလိုက်သည်။

မြနန္ဒာ၏ ဝင်းတော်မှူးသည် အိမ်ရှင်အဘိုးကြီး၏ မိတ်ဆွေပါဟူ၍ မိမိကိုယ်ကို ဝါဒဖြန့်လာသော စစ်သားယူနီဖောင်းနှင့်လူရွှယ်အား အနည်းငယ်မျှ ယုံကြည်လက်ခံခြင်း မပြုနိုင်သကဲ့သို့ မခိုးမခန့် ပြုံးရယ်လိုက်ပြီးလျှင် ..

"အိမ်ရှင်တွေ တစ်ယောက်မှမရှိကြဘူး၊ အပြင်ကို သွားနေကြတယ်၊ နောက်မှလာပါ .."

ဟူ၍ တိုတိုတုတ်တုတ်ပင် ပြောဆိုကာ အတွင်းမှနေ၍ ခတ်ထားသော ဝင်းတံခါးသော့ခလောက်ကို လှုပ်ယမ်းစမ်းသပ်ကြည့်ပြီးနောက် ရဲတိုက်ဝင်းအတွင်းသို့ ပြန်လှည့်၍ဝင်သွားသည်။

လူရွှယ်သည် သက်ပြင်းကို ချလိုက်ရပြန်လေသည်။ ထို့နောက် ၎င်း၏စုတ်ချာလှသော ယူနီဖောင်းကို စိတ်မသက်မသာနှင့် ငုံ့ကြည့်လိုက်သည်။ အမိတိုင်းပြည်၏ လွတ်လပ်ရေးအတွက် မည်သို့ပင် ရင်မြေကတုတ်ပြု၍ တိုက်ခိုက်ခဲ့စေကာမူလည်း တိုက်ပွဲ၏တစ်ကဏ္ဍပြီးဆုံး၍ တပ်၏အပြင်ဘက်သို့ ရောက်ရှိသွားခဲ့ရသည်နှင့်တစ်ပြိုင်နက် မည်သူတစ်ဦးတစ်ယောက်ကမျှ လေးစားခဲ့ညားခြင်းနှင့် အသိအမှတ်ပြုခြင်းမရှိတော့သော မိမိ၏ဘဝ

ကို လေးလေးနက်နက် စဉ်းစားမိရင်း ရင်နာသလိုဖြစ်မိသည်။ မိမိ၏ဘဝ ကိုလည်း မကျေမချမ်းဖြစ်မိသည်။

နဖူးပြင်၌ ပြန်ထွက်နေသော ချွေးသီးချွေးပေါက်များကို လူရွယ်သည် လက်ဖဝါးဖြင့် သပ်ချလိုက်ပြန်သည်။ ထို့နောက် ၎င်း၏လက်ဖဝါးကို ၎င်း၏တင်ပါးပြင်တွင် သန့်ရှင်းခြင်းပြုလိုက်ပြန်သည်။

နေသည် ချစ်ချစ်တောက်ပူပြင်းလျက်ရှိလေသည်။ လူရွယ်ရပ်နေသော မြနန္ဒာဝင်းတံခါးဝ၌လည်း ခိုကိုးရန် အရိပ်အာဝါသဆို၍ ဘာမျှမရှိချေ။ လူရွယ်သည် မြနန္ဒာဝင်းခြံအတွင်းသို့ တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် သက်ပြင်းကို ခပ်လေးလေးချလိုက်သည်။

နောက်ဆုံး၌ မြနန္ဒာရဲတိုက်ကြီး၏ ဝင်းတံခါးဝ၌ အခိပ္ပာယ်ကင်းမဲ့နေပြီဖြစ်သော ၎င်း၏ရပ်တည်မှုနှင့် မျှော်လင့်မှုများကို လူရွယ်သည် ကောင်းစွာ သဘောပေါက်နားလည်လာဟန်ရှိလေသည်။ ထို့ကြောင့် ပုဇွန်တောင်ဘက်ရှိ နေအိမ်မှ ထွက်လာကတည်းက စိတ်ကူးယဉ်လာခဲ့သော ၎င်း၏မျှော်လင့်အားထားချက် ဝန်ထုပ်ဝန်ပိုးကြီးများကို မြနန္ဒာဝင်းတံခါးဝ၌ တစ်ခါတည်းပစ်ချလိုက်ပြီးနောက် မြနန္ဒာရဲတိုက်ကြီးအား အပြီးအပိုင် ကျောခိုင်းကာ အရိပ်အာဝါသနှင့် မျှော်လင့်ချက် ဘာမျှမရှိတော့သော ထိုပတ်ဝန်းကျင်မှ ချာခနဲလှည့်ကာ ပြန်ထွက်လာတော့မည်အပြုတွင် ကုက္ကိုင်းလမ်းမကြီးအတိုင်း ခပ်မှန်မှန်မောင်းလာသော အော်စတင်ကား အနက်ကလေးတစ်စီးသည် ၎င်းခပ်စောစောက ဖွဲ့ဆင်းလာခဲ့သော မြေနီလမ်းကလေးအတိုင်း ဖွဲ့ဆင်းကာ မြနန္ဒာရဲတိုက်ကြီးဆီသို့ ဖြေးရှူမောင်းနှင်လာလေသတည်း။

mgyoe.com

mgyoe.com

# မမခင်

## (၁)

မြေနီလမ်းကလေးအတိုင်း မြနန္ဒာရဲတိုက်ကြီးဆီသို့ အော်စတင်ကားနက်ကလေးသည် ဖြည်းဖြည်းမှန်မှန် လိမ့်၍လာလေသည်။ လူရွယ်ရပ်နေသော တံခါးဝအနီးသို့ရောက်ရှိသောအခါ ညင်ညင်သာသာ ရပ်၍သွားသည်။

ကုက္ကိုင်းလမ်းကြီးပေါ်မှ ဖုံဆင်း၍လာကတည်းက ၎င်းတွေ့ဖူး မြင်ဖူးဟန်ရှိသော အော်စတင်ကားနက်လေးကို စစ်ယူနီဖောင်းဝတ်လူရွယ်သည် အားတက်ကြည်လင်လာသော မျက်လုံးများဖြင့် စူးစိုက်၍ ကြည့်ရှုနေသည်။ ၎င်းရပ်နေသော ဝင်းတံခါးဝသို့ မော်တော်ကား ရောက်ရှိလာသောအခါမှ ဘေးသို့ အနည်းငယ်ဖယ်ရှားပေးလိုက်ပြီးနောက် မော်တော်ကားအတွင်း၌ ပါလာသူများကို ကျီးကန်းတောင်းမှောက်သောမျက်လုံးများဖြင့် လျင်မြန်စွာ ကြည့်ရှုလိုက်ပြန်သည်။

မှန်းချက်နှင့် နှမ်းထွက်မကိုက်လှသကဲ့သို့ လူရွယ်သည် သက်ပြင်းကိုချပြန်လေသည်။ ထို့နောက် နဖူးပြင်မှ ချွေးသီးချွေးပေါက်များကို လက်ဖဝါးဖြင့် သပ်ချလိုက်ပြန်သည်။ လူရွယ်သည် ချွေးသီးချွေးပေါက်များဖြင့် စိုရွှဲပေကျံနေသော ၎င်း၏လက်ဖဝါးကို မသက်မသာကြည့်ရှုလိုက်ပြီးနောက် ၎င်း၏တင်ပါးပြင်တွင် သန့်ရှင်းခြင်း ပြုလိုက်ပြန်လေသည်။

အော်စတင်ကားနက်လေးအတွင်း၌ ၎င်းမျှော်လင့်အားထားခြင်းပြုလျက်ရှိသော ရဲတိုက်ရှင်အဘိုးကြီးကား ပါမလာချေ။ ကား၏ရှေ့ခန်း၌

mgyoe.com

mgyoe.com


အသက်သုံးဆယ်သာသာခန့် မြန်မာလူမျိုးဒရိုင်ဘာက မော်တော်ကားကို မောင်းလျက် ကား၏နောက်ခန်းထဲ၌မူကား များစွာချောမော၍ ကျက်သရေရှိလှသော အသက်အစိတ်သာသာခန့် မိန်းမပျိုတစ်ဦးကိုတွေ့ရှိရလေသည်။

မော်တော်ကားဒရိုင်ဘာသည် အရောင်အဆင်းပင် ကောင်းစွာ မမြင်ရတော့သော စစ်ယူနီဖောင်းဝတ်လူရွယ်ကို မျက်စောင်းတစ်ချက်ထိုး၍ ကြည့်လိုက်ပြီးနောက် ကားတံခါးကိုဖွင့်ကာ ဆင်းလာပြီးလျှင် ဝင်းတံခါးဝဆီသို့ လျှောက်သွားသည်။ ထို့နောက် ဒရဝမ်ကို လှမ်းအော်၍ခေါ်လေသည်။

ကား၏နောက်ခန်းထဲ၌ နောက်တန်းကိုမှီကာ ဣန္ဒြေရရထိုင်လျက်ရှိသော မိန်းမပျိုကို လူရွယ်သည် အတန်ကြာမျှ ငေးမောကြည့်ရှုနေမိသည်။ လူရွယ်သည် ၎င်း၏တစ်သက်နှင့်တစ်ကိုယ်တွင် ထိုကဲ့သို့ ချောမော၍ ကျက်သရေရှိလှသော မိန်းမပျိုမျိုးကို တစ်ကြိမ်တစ်ခါမှ ယခုကဲ့သို့ နီးနီးကပ်ကပ် မတွေ့ဖူး၊ မမြင်ဖူးသည့်အလား ငေးစိုက်ကြည့်နေခြင်းဖြစ်ပုံရသည်။ သို့ရာတွင် သူ၏အပြုအမူသည် အဘယ်မျှ ရိုင်းစိုင်းနေပြီဆိုသောအချက်ကိုကား ထိုစစ်သားဟောင်းသည် အနည်းငယ်မျှ စဉ်းစားမိပုံမရချေ။

ကားနောက်ခန်းထဲမှ မိန်းမပျိုသည် များစွာ အနေရကျပ်သကဲ့သို့ ဖြစ်နေပုံရသည်။ လူရိုင်းကြီးတစ်ဦးနှင့် တွေ့နေရသဖြင့် ကြောက်ရွံ့သလိုလည်း ဖြစ်နေပုံရသည်။ ၎င်း၏ကိုယ်ကို ဣန္ဒြေမပျက်ရအောင်ကား အားပြုဟန်လုပ်၍ထားလေသည်။ ၎င်းအား စိမ်းစိမ်းဝါးဝါးနှင့် စူးစူးစိုက်စိုက် ငေးမောကြည့်ရှုနေသော လူတစ်ယောက်လုံးကို မသိယောင်၊ မမြင်ယောင် လုပ်နေလိုက်သည်။

စစ်ယူနီဖောင်းဝတ်နှင့်လူရွယ်သည် မိန်းမပျိုကို တစ်စုံတစ်ရာ မေးမြန်းမည်ပြုလိုက်ပြီးမှ ဣန္ဒြေလုပ်နေသော မိန်းမပျိုကို ရဲရဲတင်းတင်း စကားမပြောဆိုဝံ့သကဲ့သို့ ဖြစ်နေပြန်သည်။ သူသည် ဦးခေါင်းကို ကုတ်ဖွလိုက်ပြီးနောက် သက်ပြင်းကိုချလိုက်သည်။

မိန်းမပျိုသည် မျက်နှာကိုခပ်တင်းတင်းထားကာ ဣန္ဒြေလုပ်၍နေရာမှ ၎င်း၏စိတ်ဓာတ်ကို နိုင်နိုင်နင်းနင်း ထိန်းသိမ်းခြင်းမပြုနိုင်ပြန်သကဲ့သို့ စစ်ယူနီဖောင်းဝတ်နှင့်လူရွယ်အား မသိမသာ လှမ်း၍ကြည့်လိုက်မိသည်။ ထို့နောက် တစ်စုံတစ်ရာကို ရုတ်တရက် သတိရလာသကဲ့သို့ မျက်မှောင်

mgyoe.com

mgyoe.com

ကလေးကုပ်ကာ တစ်ယောက်တည်း စဉ်းစားနေပြန်သည်။

ဒရဝမ်က ဝင်းတံခါးကို လာရောက်ဖွင့်ပေးပြီးသောအခါ မော်တော်ကားဒရိုင်ဘာသည် အူကြောင်ကြောင်လုပ်နေပုံရသော စစ်ယူနီဖောင်းဝတ်လူရွယ်ဆီသို့ ခပ်မာမာ ခပ်တောင့်တောင့်နှင့် လျှောက်လာခဲ့ပြီးလျှင် ..

"ဘယ်သူ့ကို ဘာကိစ္စနဲ့ တွေ့ချင်လို့လဲဟေ့ .."

ဟု ခပ်ဆတ်ဆတ်ကလေး မေးလိုက်သည်။ ထိုကဲ့သို့ မေးခွန်းထုတ်ခြင်းကို ခံလိုက်ရတော့မှပင် ကားနောက်ခန်းထဲမှ မိန်းမပျိုကို ရှိုင်းရှိုင်းစိုင်းစိုင်း ကြည့်ရှုနေသော လူရွယ်သည် ရုတ်တရက်သတိပြန်ဝင်လာပြီးလျှင် ၎င်းအား ခပ်စိမ်းစိမ်း ခပ်မာမာကြည့်ရှုနေသော မော်တော်ကားဒရိုင်ဘာနှင့် မျက်နှာချင်းဆိုင်လိုက်မိသည်။ သို့ရာတွင် စောစောက အလှ၏အာရုံ၌ ငြိတွယ်နေခဲ့သောကြောင့် မော်တော်ကားဒရိုင်ဘာ၏မေးခွန်းကို သဲသဲကွဲကွဲ မကြားလိုက်ရသဖြင့် လူရွယ်သည် ဘာပြန်ပြောရမှန်းမသိချေ။ အူကြောင်ကြောင်ဖြစ်နေသည်။

"မေးနေတာ မကြားဘူးလားကွ .."

ဒရိုင်ဘာက စိတ်မရှည်နိုင်သောလေသံဖြင့် ခပ်ငေါက်ငေါက်ကလေး နောက်တစ်ကြိမ်မေးလိုက်တော့မှ လူရွယ်သည် သတိရလာပြီးလျှင် ..

"စိတ်မရှိပါနဲ့ ရဲဘော်ကြီးရာ၊ ခုတင်က မေးလိုက်တာကို သဲသဲကွဲကွဲ မကြားလိုက်လို့ပါ .."

ဟု စစ်သားဟောင်းလေသံဖြင့် ခပ်မာမာ ခပ်ထေ့ထေ့ကလေး ပြန်ပြောလိုက်သည်။

"မင်းက ဘယ်ကလဲ .. ဘာကိစ္စရှိသလဲလို့ မေးနေတာကွ .. ဘယ်နှကြိမ်များ သံတော်ဦးတင်နေရဦးမလဲ .. "

မော်တော်ကားဒရိုင်ဘာက ၎င်း၏မျက်စိထဲတွင် ထောင့်မကျိုးသကဲ့သို့ဖြစ်နေသော စစ်သားဟောင်းအား ခပ်ကျယ်ကျယ်လောင်လောင်ကလေး ပြောဆိုခြင်းပြုလိုက်သည်။

စစ်သားဟောင်းလူရွယ်သည် မော်တော်ကားထဲမှ မိန်းမပျိုကို အာရုံမပြတ်နိုင်သေးသကဲ့သို့ မော်တော်ကားဒရိုင်ဘာနှင့် တွေ့တွေ့ဆိုင်ဆိုင် စကားပြောဆို၍နေရာမှပင် မိန်းမပျိုအား တစ်ချက်မျှ လှမ်း၍ကြည့်လိုက်သေး

mgyoe.com

mgyoe.com

သည်။ ယင်းသို့အကြည့်လိုက်တွင် ၎င်းအား မရဲတရဲကြည့်နေသော မိန်းမပျို၏အကြည့်နှင့် ဆုံစည်း၍နေလေသည်။

၎င်းကဲ့သို့ တိုင်းပြည်အတွက် အသက်ပေးဆောင်ရွက်လာခဲ့သော မျိုးချစ်စစ်သားဟောင်းတစ်ဦးအား မိမိ၏တစ်ဝမ်းတစ်ခါးအတွက် မော်တော်ကားမောင်းစားနေရသော လူတစ်ဦးက အထက်စီးဖြင့် နှိပ်ကွပ်ပြောဆိုနေခြင်းကို မထိမဲ့မြင်ပြုလိုက်သည့်အနေနှင့် စစ်သားဟောင်းက မခိုးမခန့်ပြုံးလိုက်သည်။ ထို့နောက် ၎င်း၏ဘောင်းဘီအိတ်ကပ်များအတွင်းသို့ လက်နှစ်ဖက်စလုံးကို ထည့်သွင်းလိုက်ရင်း ..

"မြန်န္မာက ဦးရွှေဝင်းကို တွေ့ချင်တဲ့ ကိစ္စကလေးတစ်ခုရှိလို့ပါ ရဲဘော်ကြီးရာ .. တခြားကိစ္စတော့ အထွေအထူး မရှိလှပါဘူး .."

ဟု ခပ်ပေါ့ပေါ့ရွှတ်ရွှတ်ပင် ပြောဆိုလိုက်သည်။

"သူဌေးမင်း ဦးရွှေဝင်းကို မင်းကတွေ့ချင်ရအောင် ဘာကိစ္စများရှိလို့လဲကွ .. ဒါထက် မင်းကရော .. ဘယ်ကလဲ .."

မော်တော်ကားဒရိုင်ဘာက မျက်နှာထားခပ်ဆိုးဆိုးနှင့် ဟောက်လိုက်သည်။

"ကျုပ်ဘယ်ကလဲ .. ကျုပ်ဘာကောင်လဲဆိုတာ သိချင်ရင် ခင်ဗျားမော်တော်ကားမောင်းပေးနေရတဲ့ သူဌေးမင်း ဦးရွှေဝင်းကို မေးမြန်းစုံစမ်းကြည့်ပေါ့ ရဲဘော်ကြီးရာ .. ခင်ဗျားတို့သူဌေးမင်း ဖိတ်ထားလို့ မြို့ထဲကဒီအရပ်ကိုရောက်အောင် နေပူကြီးကျဲကျဲမှာ ကုန်းကြောင်းလျှောက်လာခဲ့ရတဲ့ ကျုပ်ကိုတော့ မဆီမဆိုင်တဲ့မေးခွန်းတွေ ထုတ်မနေပါနဲ့တော့ဗျာ .."

စစ်ယူနီဖောင်းနှင့်လူရွယ်က ထိုသို့ပြောဆိုလိုက်သောအခါ မော်တော်ကားဒရိုင်ဘာသည် မျက်နှာကြီးတစ်ခုလုံး နီရဲ၍သွားလေသည်။ ထို့နောက် လူရွယ်အနီးသို့ကပ်လာပြီးလျှင် ..

"မင်းတို့ ယူနီဖောင်းဝတ်တွေဟာ တော်တော် အပြောရအဆိုရခက်တဲ့ လူစားတွေပဲ .."

ဟု ပြောဆိုလိုက်သည်။

"တိုင်းပြည်ရဲ့လွတ်လပ်ရေးအတွက် အသက်ပေးတိုက်ခိုက်လာခဲ့တဲ့လူတွေကို သက်သက်မဲ့တော့ မစော်ကားချင်စမ်းပါနဲ့ ရဲဘော်ကြီးရာ.."

mgyoe.com

mgyoe.com

လူရွယ်သည် ဘောင်းဘီအိတ်ထောင်များအတွင်းသို့ ခပ်စောစောက ထိုးသွင်းထားခဲ့သော လက်နှစ်ဖက်စလုံးကို ပြန်ထုတ်ရင်း ပြောဆိုလိုက်သည်။

၎င်း၏ မော်တော်ကားဒရိုင်ဘာနှင့် စစ်သားဟောင်းတို့နှစ်ဦး အချီအချပြောဆိုနေကြခြင်းကို မော်တော်ကားထဲမှ ငြိမ်သက်စွာ အကဲခတ် နားထောင်နေဟန်ရှိသော မိန်းမပျိုသည် အငြိမ်နေ၍မဖြစ်တော့မှန်းကို ကောင်းစွာ နားလည်လာသကဲ့သို့ ..

"ဒီမယ် .. ကိုသိမ်းမောင်၊ ရှင်ခဏလာခဲ့စမ်းပါဦး.."

ဟု ၎င်း၏ မော်တော်ကားမောင်းသူကို လှမ်း၍ခေါ်ယူခြင်း ပြုလိုက်သည်။ ဒရိုင်ဘာကိုသိမ်းမောင်သည် ၎င်း၏အရှင်သခင်မအမိန့်ကို အနည်းငယ်မျှ မလွန်ဆန်ဝံ့သကဲ့သို့ ၎င်း၏ကိုယ်ကို ရုတ်ခြည်းပင် ကိုယ်ရှိန်သတ်လိုက်သည်။ ထို့နောက် ၎င်းအား ဘုကန်နေသော စစ်သားဟောင်းကို မျက်စောင်းတစ်ချက်ထိုးကာ ကြည့်ပြီးလျှင် ၎င်း၏ အရှင်သခင်မလေးဆီသို့ လျှောက်သွားလေသည်။

မော်တော်ကားထဲမှ မိန်းမပျိုက ၎င်း၏ဒရိုင်ဘာကို ခေါ်ယူသိမ်းဆည်းသွားပြီဖြစ်၍ နောက်ထပ် ထိုအရပ်ဒေသ၌ ဆက်လက်နေထိုင်ရန် အတွက် ဘာအကြောင်းမျှမရှိတော့သော စစ်ယူနီဖောင်းနှင့်လူရွယ်သည် မြနန္ဒာရဲတိုက်ကြီး၏ ဝင်းတံခါးဝမှ ပြန်လှည့်၍ ထွက်အလာတွင် ..

"ဟော့ သူငယ် .. ဒီမယ် ခဏလေးလောက် နေပါဦးကွယ် .."

ကားနောက်ခန်းထဲမှ မိန်းမပျိုက လှမ်း၍တားဆီးလိုက်ပြန်သဖြင့် လူရွယ်သည် ခြေလှမ်းများကို ရုတ်တရက် ဘရိတ်အုပ်လိုက်ရပြန်သည်။ လူရွယ်သည် ၎င်းကဲ့သို့ တိုင်းပြည်အတွက် စစ်မက်တိုက်ခိုက်ခြင်းပင် ပြုလာခဲ့ဖူးသော ပုဂ္ဂိုလ်တစ်ဦးအား 'သူငယ် ..' ဟု ခေါ်ဝေါ်လိုက်သည့် အတွက် များစွာ အောင့်သက်သက် ဖြစ်သွားပုံရလေသည်။ ထိုသို့ အောင့်သက်သက်ဖြစ်နေခြင်းကိုလည်း ဣန္ဒြေဆည်ဖုံးဖိခြင်းမပြုနိုင်သဖြင့် ပေါ်လွင်၍နေလေသည်။ ၎င်းသည် 'သူငယ်' ကလေးတစ်ယောက် မဟုတ်တော့သည့်အကြောင်းကို မော်တော်ကားထဲမှ မိန်းမပျို သဘောပေါက် နားလည်သွားစေရန်အတွက် ရုတ်တရက် 'သတိ' နှင့်ရပ်ကာ ရင်ကိုလည်း

mgyoe.com

mgyoe.com

ခပ်တောင့်တောင့် ခပ်ကော့ကော့ကလေး လုပ်ထားလိုက်သည်။

"ဦးရွှေဝင်းနဲ့တွေ့ချင်တယ်ဆိုတာက ဘယ်လိုကိစ္စများရှိလို့လဲ ကွယ်.."

ဟု မိန်းမပျိုက လှမ်း၍မေးမြန်းလိုက်သောအခါ 'သတိ' နှင့်ရပ်ကာ ရင်ကော့ထားသောလူရွယ်က ..

"ကျုပ်ကို ဦးရွှေဝင်းက မှာထားလို့ လာတာပါ ... သက်သက်မဲ့တော့ မလာပါဘူး .."

ဟု ပြန်လည်ပြောဆိုလိုက်လေသည်။

"ဦးရွှေဝင်းဆိုတာ အစ်မကြီးရဲ့ ဖေဖေပါကွယ့် .. သူငယ်ရဲ့ ... ဒါပေမဲ့ ဖေဖေက ကနေ့မနက်ကပဲ အိန္ဒိယကိုလိုက်သွားလို့ ကိစ္စတစ်ခုခုရှိရင်လည်း အစ်မကြီးကို ပြောထားခဲ့ပါလား .."

၎င်းကယ်ဆယ်ခဲ့သော သူဌေးဦးရွှေဝင်းသမီးပါဟု ဆိုလာသော မိန်းမပျိုအား လူရွယ်သည် များစွာ စိတ်ဝင်စားလာသောအမူအရာဖြင့် လှမ်း၍ကြည့်ရင်း ..

"ကိစ္စကတော့ အထွေအထူးမဟုတ်ပါဘူးဗျာ .. ဦးရွှေဝင်းက လမ်းမှာဒုက္ခရောက်နေတုန်း ကယ်ဆယ်ခဲ့ဖူးလို့ သူ့အိမ်ကို အလည်လာခဲ့စမ်းပါဆိုလို့ မှာသွားတာနဲ့ တမင်သက်သက်လာလည်တာပါ.."

ဟု စစ်သားဟောင်းပီပီ လိုရင်းကို တိုတိုတုတ်တုတ်ပင် ပြောဆိုလိုက်သည်။

"ဩ .. ရဲဘော်အောင်ဒင် .. ရဲဘော်အောင်ဒင်နဲ့ ဖေဖေ ခဏခဏ ပြောပြောနေတာ မင်းကိုး .."

ဟု မော်တော်ကားထဲမှ မိန်းမပျိုက ရုတ်ခြည်း စိတ်ဝင်စားလာသကဲ့သို့ အားရဝမ်းသာ ပြောဆိုခြင်းပြုလိုက်သည်။

ရဲဘော်အောင်ဒင်သည် ဦးခေါင်းကို ငုံ့၍ထားလေသည်။

"မင်းအကြောင်းကို ဖေဖေ ပြောပြောနေကတည်းက မမခင်တို့က ရဲဘော်အောင်ဒင်ကို သိပ်ပြီး တွေ့ချင်မြင်ချင်နေကြတာပါကွယ် .. လာ .. လာ .. မော်တော်ကားပေါ် တက်စမ်းပါဦး .."

ဟုအစ်မကြီးဘဝမှ မမခင် ဘဝသို့ တစ်မုဟုတ်ချင်း ကူးပြောင်း၍

mgyoe.com

mg

သွားလိုက်သော သူဌေးဦးရွှေဝင်း၏ သမီးချောက ရဲဘော်အောင်ဒင်အား ရွှန်းရွှန်းဝေသွားအောင် ပြောဆိုလျက် ရှိနေရာမှ ..

"ကဲ .. ကိုသိမ်းမောင် .. မော်တော်ကားတံခါးကို ဖွင့်ပေးလိုက်စမ်းပါဦး .."

ဟု ၎င်း၏မော်တော်ကားဒရိုင်ဘာကို အမိန့်ပေးစေခိုင်းလိုက်ပြန်သည်။

ဒရိုင်ဘာကိုသိမ်းမောင်သည် မမခင် ထိုင်နေသော မော်တော်ကားနောက်ခန်းတံခါးကို အောင့်သက်သက်အမူအရာဖြင့် ဖွင့်ပေးလေသည်။ သို့ရာတွင် ရဲဘော်အောင်ဒင်သည် မော်တော်ကားပေါ်သို့ မတက်ဝံ့ မတက်ရဲ သလို ခပ်ကုပ်ကုပ် ခပ်ဆိုင်းဆိုင်းလုပ်နေသဖြင့် ..

"မော်တော်ကားပေါ်တက်လေ .. ရဲဘော်အောင်ဒင် .." ဟု

မမခင်က လှမ်းဆွဲ၍ပင် ခေါ်ငင်ခြင်းပြုတော့မည့်အလား ပြောဆိုခေါ်ငင်လိုက်တော့မှ စစ်သားဟောင်းလူရွယ်သည် ၎င်း၏တစ်သက်နှင့်တစ်ကိုယ်တွင် တစ်ကြိမ်တစ်ခါမျှ စီးနင်းဖူးဟန်မရှိသော မော်တော်ကားပေါ်သို့ တက်လာခဲ့ပြီးနောက် သူသည် ရုတ်တရက် မထိုင်သေးဘဲ ကုန်းကွကွလုပ်နေပြန်သဖြင့် ..

"ထိုင်လေ ..ရဲဘော်အောင်ဒင်"

ဟု မမခင်က အထိုင်ခိုင်းတော့မှပင် မွှေးကြိုင်၍နေသော မမခင်နှင့် မရဲတရဲ ယှဉ်၍ထိုင်လိုက်သည်။ ထိုသို့ ကားနောက်ခန်းထဲတွင် ယှဉ်တွဲ၍ထိုင်မိပြီးခါမှ ရဲဘော်အောင်ဒင်သည် တစ်ဖက်သားအား များစွာ အားနာနေပြန်ဟန်ရှိလေသည်။ ဖုန်များ၊ ချွေးများဖြင့် ညစ်ပတ်ပေရေနေသော သူ၏ကိုယ်ကို မကြာခဏ ငုံ့ကြည့်ရင်း တစ်ချက်တစ်ချက်တွင် မွှေးကြိုင်သန့်ရှင်းနေသော မမခင်အား လှမ်း၍လှမ်း၍ ကြည့်မိသည်။

ဒရိုင်ဘာကိုသိမ်းမောင်သည် မျက်နှာအောက်သိုးသိုးနှင့် ၎င်း၏မော်တော်ကားကို မြန်မာ့အသံရဲတိုက်ကြီးဆီသို့ ဝူးခနဲ မောင်းထွက်သွားသောအခါ ဝင်းတံခါးမှ ဒရဝမ်က ကားနောက်ခန်းတွင်ပါလာသော သူဌေးသမီးအား လှမ်း၍ အရိုအသေပေးလေသည်။ သို့ရာတွင် မမခင်သည် ဒရဝမ်၏အလေးပြုခြင်းကို သတိထားမိဟန်မရှိချေ။ မမခင်နှင့် မော်တော်ကားနောက်ခန်းထဲ

mgyoe.com

mgyoe.com

တွင် အခန့်သားလိုက်ပါလာသော ရဲဘော်အောင်ဒင်ကသာ သတိပြုမိလိုက်သည်။ ၎င်း၏ သခင်မလေးနှင့် အခန့်သားလိုက်ပါ၍လာသော စစ်သားဟောင်းကို ဒရဝမ်က ပါးစပ်အဟောင်းသားနှင့် ငေးမောကြည့်ရှုလျက်ရှိစဉ် ရဲဘော်အောင်ဒင်က ၎င်း၏မျက်လုံးတစ်ဖက်ကို မသိမသာ မှိတ်ပြထားခဲ့သည်။

mgyoe.com

mgyoe.com

(၂)

အော်စတင်ကားကလေးသည် မြန္မာ့ရဲတိုက်ကြီး၏ ဆင်ဝင်အောက်တွင် ညင်သာစွာ ထိုးရပ်လိုက်သည်။ မော်တော်ကားသံကြားလျှင်ပင် အတွင်းမှနေ၍ပိတ်ထားသော အိမ်ရှေ့တံခါးမကြီးကို အခိုင်းအစေနှင့်တူသော မိန်းကလေးတစ်ယောက်က ဖွင့်ပေးခြင်းပြုလေသည်။

ရဲဘော်အောင်ဒင်သည် ဒရိုင်ဘာကိုသိမ်းမောင် ဖွင့်ပေးသော မော်တော်ကားတံခါးပေါက်မှ မမခင်နှင့်အတူ ရှေ့ဆင့်နောက်ဆင့် ဆင်းလာခဲ့ပြီးနောက် အိမ်ပေါ်သို့ သွက်လက်ပေါ့ပါးစွာ လှမ်းတက်၍သွားသော မမခင်နှင့်အတူ တစ်ပါတည်း မလိုက်ပါသွားဝံ့သကဲ့သို့ လှေကားထစ်ရင်းတွင် အူကြောင်ကြောင်ဖြစ်နေပြန်လေသည်။ မြန္မာ့ရဲတိုက်ကြီးကို ခြံဝင်းတံခါးမှနေ၍ ကြောက်လန့်နေခဲ့သော စစ်သားလူထွက်သည် ယခုကဲ့သို့ ရဲတိုက်တံခါးဝသို့ရောက်ရှိကာ ရဲတိုက်ကြီးအတွင်းမှ အဆောင်အယောင်နှင့် ပရိဘောဂများကို နီးနီးကပ်ကပ် လှမ်း၍မြင်နေရသောအခါတွင်ကား ပိုမို၍ သိမ်ငယ်ကြောက်ရွံ့သွားဟန်ရှိလေသည်။ သူ၏ခြေလှမ်းများသည် လှေကားထစ်ရင်းတွင် သံမှိုစွဲထားသကဲ့သို့ စွဲငြိနေလေသည်။

စစ်သားဟောင်းသည် ချွေးများပင် ပြန်လျက်ရှိသည်။ သို့ရာတွင် သူ၏အနီးအနားတွင်ကား မည်သူတစ်ဦးတစ်ယောက်မျှတော့ မရှိကြချေ။ ဒရိုင်ဘာကိုသိမ်းမောင်သည် ၎င်း၏မော်တော်ကားကို ဆင်ဝင်အောက်မှ တိုက်နောက်ဖေးဘက်ရှိ ဂိုဒေါင်သို့ မောင်းထွက်သွားပြီဖြစ်သည့်နည်းတူ အိမ်ရှေ့တံခါးမကြီးကိုဖွင့်ပေးသော အိမ်ဖော်မိန်းကလေးသည်လည်း မမခင်

mgyoe.com

mgyoe.com

နှင့်အတူ အိမ်တွင်းသို့ လိုက်ပါ၍သွားခဲ့လေပြီ။

ရဲဘော်အောင်ဒင်သည် ၎င်း၏နဖူးပြင်မှ ချွေးသီးချွေးပေါက်များကို လက်ဖဝါးဖြင့်သပ်ချလိုက်ပြီးနောက် တင်ပါးပြင်တွင် သန့်ရှင်းလိုက်ရပြန်လေသည်။ ကျည်ဆန်များ ကုန်သွားသဖြင့် ရိုင်ဖယ်တွင် လှံစွပ်တပ်၍ ဂျပန်တပ်စိတ်တစ်စိတ်ကို အတင်းဝင်ရောက် ထိုးနှက်တိုက်ခိုက်ခဲ့စဉ်ကပင် ချွေးပြန်ခြင်းမရှိခဲ့ဖူးသော စစ်သားဟောင်းသည် မြန္မာရဲတိုက်ကြီး၏ အိမ်ရှေ့လှေကားထစ်ရင်းမှ ရဲတိုက်ကြီးအတွင်းသို့ဝင်ရောက်ရန်အတွက် မိမိကိုယ်ကို အားပေးခြင်းပြုရစဉ် တစ်ကိုယ်လုံး ချွေးပြန်လျက်ရှိသည်။ သို့ရာတွင် သူရသတ္တိနှင့်ပြည့်စုံသော မျိုးချစ်ဗမာ့တပ်မတော်သားကောင်းတစ်ဦးပီပီ နောက်ဆုံး၌ သူသည် လှေကားထစ်ငါးထစ်ကို တစ်ထစ်ပြီးတစ်ထစ် အောင်အောင်မြင်မြင် တက်လာနိုင်ခဲ့သည်။

လှေကားထစ်ထိပ်ဆုံးသို့ရောက်ရှိ၍ အိမ်တွင်းသို့ လှမ်းဝင်မည်ပြုလိုက်စဉ် သူ၏ခြေလှမ်းများသည် တွန့်ဆုတ်၍နေပြန်လေသည်။ ကြမ်းပြင်အား ဆေးဖယောင်းတိုက်ထားသောကြောင့် တဖိတ်ဖိတ်တောက်ပြောင်ကာ လူရိပ်ပင် ပေါ်လျက်ရှိသည်။ ဤကဲ့သို့သောကြမ်းပြင်ကို ဖုန်အလိမ်းလိမ်းကပ်နေသော မိမိ၏စစ်ဖိနပ်ဟောင်းကြီးနှင့် ရဲရဲဝံ့ဝံ့ ရက်ရက်စက်စက် နင်းရမည့်အမှုကို ရဲဘော်အောင်ဒင်သည် တွန့်ဆုတ်နေခြင်းမျှ ဖြစ်လေသည်။ ထို့ကြောင့် သူသည် ဟိုဟိုသည်သည် လှမ်းကြည့်လိုက်ပြီးနောက် လှေကားထိပ်တွင် ထိုင်ချလိုက်သည်။ ထို့နောက် စစ်ဖိနပ်ဟောင်းကြီးကို ချွတ်ပစ်လိုက်ရန်အတွက် ဖိနပ်ကြိုးများကို ဆွဲဖြုတ်ခြင်းပြုလေသည်။

ထိုသို့ ဖိနပ်ချွတ်တွင် ခြေပစ်လက်ပစ်ထိုင်ကာ ဖိနပ်ကြိုးများကို ဆွဲဖြုတ်နေခိုက် မမခင်သည် ပြန်လည်ရောက်ရှိလာပြီးလျှင် ..

"အို .. ဘာပြုလို့ ဖိနပ်ကို ချွတ်ပစ်နေရတာလဲ .. ရဲဘော်အောင်ဒင်၊ စီးသာစီးပါ .."

ဟု ဟန့်တားပြောဆိုခြင်းပြုလိုက်သဖြင့် စစ်သားဟောင်းသည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားပြန်လေသည်။ ဤမျှ ခမ်းနားသန့်ရှင်းကာ ဖိတ်ဖိတ်တောက်နေသော ကြမ်းပြင်ပေါ်သို့ သူ၏ စစ်ဖိနပ်ခြေရာကြီးများကို မချလို၍ ထိုခွာကိုဖြုတ်နေခိုက် ဖိနပ်ကိုမချွတ်ဘဲ အတင်း

mgyoe.com

mgyoe.com

စီးခိုင်းနေသောကြောင့် ရဲဘော်အောင်ဒင်သည် ဘာလုပ်၍ဘာကိုင်ရမှန်း အစရှာမရအောင် ဖြစ်နေခြင်းမျှသာဖြစ်လေသည်။

စစ်သားဟောင်းတစ်ဦး အကျပ်အတည်းဆိုက်ရောက်နေပုံကို ကောင်းစွာအကဲခတ်မိဟန်ရှိသော မမခင်က..

"ဖိနပ်ကြိုးပြန်တပ်လေ .. ရဲဘော်အောင်ဒင် .."

ဟု ညင်ညင်သာသာ တိုက်တွန်းပြောဆိုသည်။ ယင်းသို့ မမခင်က ထပ်မံပြောဆိုလိုက်တော့မှ ရဲဘော်အောင်ဒင်သည် ၎င်း၏စစ်ဖိနပ်ကြိုးကို ပြန်၍ကြိုးတပ်ခြင်း ပြုနိုင်လေသည်။ ထို့နောက် မမခင်က ရှေ့ဆောင်ခေါ်ငင်သွားရာသို့ တဖိတ်ဖိတ်တောက်နေသော ကြမ်းပြင်ကို အားနာပါးနာနှင့် မရဲတရဲနင်းရင်း နောက်ပါးမှ လိုက်ပါ၍သွားသည်။ ထိုသို့ မမခင်၏နောက်ပါးမှ လိုက်ပါသွားရစဉ် နောက်ပိုင်းမှနေ၍ကြည့်လျှင်လည်း လှနေသော မမခင်ကို သူသည် ယောင်၍မျှပင် မကြည့်အားချေ။ အဘယ့်ကြောင့်ဆိုသော် ချောမွတ်ပြောင်လက်နေသော ကြမ်းပြင်ပေါ်၌ ၎င်းကိုယ်ကို ချော်လဲ၍မသွားစေရန်အတွက် များစွာ အလေးဂရုပြု၍ လျှောက်လိုက်လာခဲ့ရသောကြောင့်ဖြစ်လေသည်။

မိုးပြာရောင် ခန်းဆီးပါးပါးကလေး တပ်ဆင်ထားသော ဧည့်ခန်းတံခါးဝသို့ ရောက်သောအခါ၌လည်း ရဲဘော်အောင်ဒင်၏ ခြေလှမ်းများသည် အလိုလို လျှောက်လာရင်းက ရပ်ဆိုင်း၍ သွားကြပြန်လေသည်။ အဘယ့်ကြောင့်ဆိုသော် ကျယ်ဝန်းလှသော ဧည့်ခန်းကြီးအတွင်း၌ ခန်းလုံးပြည့်မျှ ခင်းကျင်းထားသော ကော်ဇောကြီးနှင့် ရေဒီယို၊ ပီယာနို၊ ပန်းချီကားကြီးများနှင့် အခြားပရိဘောဂများက စစ်သားဟောင်းအား လှမ်း၍ ဟိန်းဟောက်ခြောက်လှန့်နေကြသောကြောင့် ဖြစ်လေသည်။ သူ့ကို ရှေ့ဆောင်ခေါ်ငင်သွားသော မမခင်သည် ဧည့်ခန်းအတွင်းသို့ ဝင်ရောက်သွားပြီဖြစ်သော်လည်း ရဲဘော်အောင်ဒင်သည် ဧည့်ခန်းတံခါးဝတွင် တစ်ဆို့၍ ကျန်ရစ်လေသည်။

သိမ်ငယ်လျက်ရှိသော ၎င်း၏အဖြစ်ကို စစ်သားလူထွက်သည် ကောင်းစွာ သိရှိထားသော်လည်း သူသည် ထိုအစွဲကို အဘယ်သို့မျှ မတတ်နိုင်သကဲ့သို့ ဖြစ်နေပုံရသည်။ သက်ပြင်းကို ခပ်လေးလေးချရင်း ဦးခေါင်း

mgyoe.com

mgyoe.com

ကိုလည်း ကုပ်ဖွလိုက်မိသည်။

"လာလေ .. ရဲဘော်အောင်ဒင် .."

မမခင် က ဧည့်ခန်းအတွင်းမှ လှမ်း၍ခေါ်လိုက်တော့မှပင် ရဲဘော်အောင်ဒင်သည် ၎င်း၏ကိုယ်ကို ရဲဆေးတင်ကာ အတွင်းသို့ ဝင်လိုက်လာသည်။ သို့ရာတွင် သူသည် ဧည့်ခန်းထဲ၌ ခင်းကျင်းထားသော ကော်ဇောကြီးကိုမူကား ငုံ့၍တော့မကြည့်ရဲချေ။

ဧည့်ခန်းအတွင်းသို့ ရောက်ရှိသွားသောအခါ၌လည်း ဖင်မပါသော သတ္တဝါတစ်ကောင်ကဲ့သို့ နီးရာကုလားတိုင်တစ်လုံးလုံးတွင် ဣန္ဒြေရရ ဝင်၍မထိုင်လိုက်သေးဘဲ မိုးတိုးမတ်တတ်နှင့် အူလည်လည်လုပ်နေပြန်သဖြင့် ဆိုဖာကုလားထိုင်ကြီးတစ်လုံးထက်တွင် ထိုင်နှင့်နေပြီဖြစ်သော မမခင်က ကြည့်မနေနိုင်တော့၍ ..

"ထိုင်လေ ရဲဘော်အောင်ဒင် .."

ဟု အထိုင်ခိုင်းလိုက်ရပြန်လေသည်။ သည်တော့မှပင် စစ်သားလူထွက်သည် ၎င်းကိုယ်၌ ဖင်ပါလာသောအဖြစ်ကို ရုတ်တရက် သတိရလာသကဲ့သို့ မမခင် ထိုင်၍နေသော ကုလားထိုင်နှင့် မျက်စောင်းထိုး ဆိုဖာကြီးတစ်လုံးပေါ်သို့ ပစ်ထိုင်၍ ချလိုက်လေသည်။

"စီးကရက်သောက်ပါဦး ရဲဘော်အောင်ဒင် .."

စားပွဲဝိုင်းကလေးတစ်လုံးပေါ်တွင် တင်ထားသော လောဟာ စီးကရက်ဘူးနှင့် ဓာတ်မီးခြစ်ကို မမခင်က လှမ်းယူ၍ ရဲဘော်အောင်ဒင်အား ပေးလေသည်။

ရဲဘော်အောင်ဒင်သည် ဆယ့်သုံးနှစ်သားအရွယ်လောက်မှစ၍ ဆေးလိပ်ကို သောက်တတ်လာခဲ့သူတစ်ဦး ဖြစ်လေသည်။ ဆေးလိပ်ကိုလည်း အင်မတန် နှစ်သက်ခုံမင်သူတစ်ဦးဖြစ်လေသည်။ သို့ရာတွင် သူသည် ရက်ကြောက်သလို၊ အားနာသလိုဖြစ်နေသဖြင့် ..

"နေပါစေ .. မမခင်"

ဟု ဟန်လုပ်၍ ငြင်းပယ်လိုက်မိသည်။ ထိုသို့ ဟန်လုပ်၍ ငြင်းပယ်ပြီးတော့မှ ဆေးလိပ်ကို အင်မတန်သောက်ချင်နေသော စစ်သားဟောင်းသည် သူ၏ ဟန်လုပ်ငြင်းပယ်မိခြင်းကို နောင်တရမိလေသည်။ ဟန်လုပ်

mgyoe.com

mgyoe.com


သောအတတ်ပညာကို မည်သည့်အချိန်က တတ်မြောက်နေခဲ့မှန်း မသိသော သူ၏ကိုယ်ကိုလည်း ကျိန်ဆဲမိလေသည်။

"သောက်တတ်ရင်သောက်ပါ ရဲဘော်အောင်ဒင် .. မမခင်ကိုတော့ အားနာနေဖို့မလိုပါဘူး .."

ဟုပြောဆိုကာ မမခင်က စီးကရက်ဘူးနှင့် ဓာတ်မီးခြစ်တို့ကို ပြန်လည်ရုပ်သိမ်းခြင်းမပြုသေးဘဲ လှမ်း၍ ပေးမြဲပေးနေသဖြင့် ရဲဘော်အောင်ဒင်သည် ဤတစ်ကြိမ်တွင် လက်နှေးမနေတော့ဘဲ လှမ်းယူလိုက်ပြီးနောက် ပရုပ်နှင့်ထည့်ထားသော စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိကာ အားရပါးရ ရှိုက်ဖွာလိုက်လေသည်။

စီးကရက်ကို တစ်ဖွာပြီးတစ်ဖွာ အားရပါးရ ရှိုက်ဖွာလျက်ရှိသော စစ်သားဟောင်းကို အကဲခတ် ကြည့်ရှုလျက်ရှိရာမှ ....

"ခြံတံခါးဝကို ဘယ်အချိန်လောက်ကတည်းက ရောက်နေတာလဲဟင် .. တော်တော်များ ကြာသွားပြီလား .."

ဟု မမခင်က မေးမြန်းလိုက်သည်။

"သိပ်တော့ မကြာလှသေးပါဘူး .. ဒါပေမဲ့ ခြံထဲမှာ လူတစ်ယောက်မှ မတွေ့မိတာနဲ့ အိမ်ပြန်တော့မယ်လုပ်တုန်း မမခင်တို့ ရောက်လာကြတာပါပဲ .."

ဧည့်ခန်းဦးဘက်၌ တခမ်းတနား ပြင်ဆင်ထားရှိသော ဂျာမန်လုပ် ပီယာနိုကြီးကို အထူးအဆန်းသဖွယ် လှမ်း၍ ကြည့်ရှုနေရာမှ စစ်သားဟောင်းက ပြန်လည်ပြောကြားခြင်း ပြုလိုက်သည်။

"မမခင်တို့သာ ပြန်ရောက်မလာကြရင်ဖြင့် ဒါ ရဲဘော်အောင်ဒင် ခြံထဲမဝင်ဖြစ်ဘဲ အိမ်ပြန်တော့မလို့ပေါ့နော် .. ဟုတ်လား .."

စစ်သားဟောင်းသည် စီးကရက်မီးခိုးများကို မှုတ်ထုတ်ရင်း ဦးခေါင်းကို ညိတ်ပြလိုက်သည်။

"အဲဒီညက မိုးကြီးတော်တော်ချုပ်လို့တောင် ဖေဖေ အိမ်ပြန်ရောက်မလာလို့ မမခင်တို့ တစ်အိမ်သားလုံး သိပ်စိတ်ပူနေကြတုန်း ဖေဖေပြန်ရောက်လာတော့မှ စိတ်အေးသွားကြတယ် .. အိမ်ပြန်ရောက်ရောက်ချင်း လမ်းမှာတွေ့ခဲ့ရတဲ့ ဒုက္ခနဲ့ ရဲဘော်အောင်ဒင်က ကယ်ဆယ်လိုက်တဲ့

mgyoe.com

mgyoe.com


အကြောင်းတွေကို ဖေဖေက ပြောပြကတည်းက မေမေနဲ့ မမခင်ကရော၊ မောင်မောင်လေးနဲ့ ဒီပြင်အိမ်သူအိမ်သားတွေ အားလုံးကပါ ရဲဘော်အောင်ဒင်ကို သိပ်ကျေးဇူးတင်ပြီး သိပ်တွေ့ချင်နေခဲ့ကြတာကွယ့် ..."

မမခင်ပြောသမျှကို ရဲဘော်အောင်ဒင်သည် နားထောင်၍ကောင်းလှသကဲ့သို့ ငြိမ်သက်စွာ နားထောင်၍နေသည်။

"ခုလို အသက်သခင်ကျေးဇူးရှင်ကို တစ်ပါတည်း အိမ်ခေါ်မလာတဲ့အတွက် မေမေက ဖေဖေ့ကို အပြစ်တင်စကားပြောသေးတယ်၊ နောက်ပြီးတော့ ရဲဘော်အောင်ဒင်ရဲ့ နေရပ်နဲ့ လိပ်စာကို မေးပြန်တော့လည်း ဖေဖေကဘာမှ ရေရေရာရာမသိခဲ့မိတဲ့အတွက် တော်တော်ကြီးစိတ်မကောင်းဖြစ်နေလိုက်သေးတယ်၊ ဒီသူငယ်ကို ငါ ဘယ်လိုစုံစမ်းရပါ့မလဲဆိုပြီး တဗျစ်တောက်တောက်နဲ့ ပြောနေသေးတယ် ..."

လေယူလေသိမ်းမှန်မှန်နှင့် ပြောဆိုလျက်ရှိသော မမခင်၏ ပြောပုံဆိုပုံမျိုးကို ၎င်း၏တစ်သက်နှင့်တစ်ကိုယ်တွင် တစ်ကြိမ်တစ်ခါမျှ မကြုံဖူး၊ မကြားဖူးသကဲ့သို့ ရဲဘော်အောင်ဒင်သည် ငေးမောနားထောင်လျက်ရှိလေသည်။ မှန်သည်။ သူသည် မမခင်ကဲ့သို့ အထက်တန်းလွှာမှ လှပချောမောသော မိန်းမပျိုမျိုးနှင့် တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံးသိကျွမ်းခြင်းမရှိခဲ့ဖူးပေ။ ထိုကဲ့သို့ မိန်းမပျိုမျိုးကို ရဲဘော်အောင်ဒင်သည် ကာလပေါ်ဝတ္ထုများထဲ၌သာ ဖတ်ဖူးတွေ့ဖူးလေသည်။ ထို့ကြောင့် ယခုကဲ့သို့ နဖူးတွေ့ဒူးတွေ့ တွေ့ဆုံသိကျွမ်းလျက် စကားပြောဆိုဆက်ဆံနေရသောအခါ၌ သူသည် မျက်မှောက်ပြု၍နေရသော ကိုယ်တွေ့ဘဝကိုပင်လျှင် စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်ကဲ့သို့ အထင်ရောက်နေသည်။ စစ်သားဟောင်းသည် ၎င်း၏ရဲဘော်အောင်ဒင် ဆိုသော စစ်သားလူထွက် အလုပ်လက်မဲ့ လူငယ်တစ်ဦး၏ဘဝကို လုံးလုံးလျားလျားကြီး မေ့လျော့နေသည်။ တစ်ကြိမ်သောအခါက သူ စွဲစွဲလမ်းလမ်းနှင့် နှစ်နှစ်ခြိုက်ခြိုက် ဖတ်ရှုခဲ့သော နိုင်ငံကျော်စာရေးဆရာကြီး မဟာဆွေ၏ ဝတ္ထုရှည်ကြီးတစ်ပုဒ်မှ ဇာတ်လိုက်တစ်ယောက်လိုလို သူ၏ကိုယ်ကို အထင်ရောက်ရှိနေပုံလည်း ရလေသည်။ တကယ်ဆိုတော့လည်း ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက မြန်မာနိုင်ငံ၌ အမျိုးသားရေးစိတ်ဓာတ်ကို ပြင်းပြင်းထန်ထန် လှုံ့ဆော်ရေးသား၍ နိုးဆွခြင်းပြုခဲ့သော

mgyoe.com

mgyoe.com

စာရေးဆရာကြီးမဟာဆွေ၏ တို့မေမေ၊ စစ်ထွက်သူ၊ သူပုန်ကြီးနှင့် သူပုန့်အိမ် အစရှိသော ဝတ္ထုကြီးများကို စွဲမြဲဖတ်ရှုရင်း မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်မီး ကူးစက်လာသောအခါ သူသည် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ အပြေးအလွှား ဝင်ရောက်ခြင်းပြုခဲ့ဖူးသော ဆရာကြီးမဟာဆွေ၏ ဇာတ်ကောင်တစ်ယောက်မျှသာ မဟုတ်သလော။

"ဒါထက် ကနေ့အဖို့ တခြားအရေးကြီးတဲ့ ကိစ္စတွေများ ရှိနေသေးသလား ... ဟင် .. ရဲဘော်အောင်ဒင် .."

ဟု မမခင်က မေးလိုက်သည်။

"မရှိပါဘူး မမခင် .."

"ဒါဖြင့် ကနေ့ည ညစာ မမခင်တို့အိမ်မှာ အေးအေးဆေးဆေး စားသောက်ပြီးမှပဲ ပြန်တာပေါ့နော် .. ဟုတ်လား .. အိမ်ပြန်တော့လည်း မမခင်တို့အိမ်ကကားနဲ့ လိုက်ပို့ပေးမှာပေါ့ ..."

"ကိစ္စမရှိပါဘူး ... မမခင် .. ကျွန်တော့်ဘာသာပဲ ပြန်ပါ့မယ်"

"အားနာရမယ့်လူတွေ မဟုတ်ပါဘူးလေ .. ဖေဖေ့အသက်သခင်ကျေးဇူးရှင်ကို မမခင်တို့က အင်မတန်ပြုစုချင်နေကြတာပါ ရဲဘော်အောင်ဒင်"

"ကျွန်တော့်အတွက်နဲ့တော့ သိပ်ဒုက္ခရှာမနေကြပါနဲ့ဗျာ .."

"ဒါလောက်ဟာ .. ဒုက္ခမဟုတ်ပါဘူး ရဲဘော်အောင်ဒင် .. ဪ စကားကောင်းနေလိုက်တာနဲ့ ရဲဘော်အောင်ဒင်ကိုတောင် လက်ဖက်ရည်တိုက်ဖို့ မေ့နေလိုက်တာကွယ် .. ခဏကလေး ထိုင်နေဦးနော် .. ဟုတ်လား .. မမခင် လက်ဖက်ရည် သွားအပြင်ခိုင်းရင်း အဝတ်အစားလဲလိုက်ဦးမယ်နော် .."

ဟု ပြောဆိုတောင်းပန်ကာ မမခင်သည် ထိုင်ရာမှ ထလိုက် သည်။ ယင်းသို့ ထလိုက်ပြီးခါမှ မမခင်သည် ၎င်း၏ဧည့်သည်ကြီးကို ဧည့်ခန်းထဲ၌ တွင် တစ်ယောက်တည်းထားပစ်ခဲ့ရသောအရေးကို ရုတ်တရက် စဉ်းစားမိလာပြန်သကဲ့သို့ တွေတွေကလေး ရပ်နေလိုက်ပြန်သည်။ ထို့နောက်မှ တစ်စုံတစ်ရာကို စဉ်းစားမိလာသကဲ့သို့ ရေဒီယိုတင်ထားသော စားပွဲကလေးဘေးမှ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ တစ်နှစ် နှစ်နှစ်ခန့်လောက်က

mgyoe.com

ရန်ကုန်တက္ကသိုလ်နှင့် တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ ထုတ်ဝေခဲ့သော တက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းနှင့် အိုးဝေမဂ္ဂဇင်း သုံးလေးအုပ်ကို လှမ်းယူ၍ ရဲဘော်အောင်ဒင်အားပေးရင်း ..

"ပျင်းရင် ဒီမဂ္ဂဇင်းတွေ ဖတ်နေဦးနော် .. မမခင် သိပ်မကြာပါဘူး .." ဟု ပြောဆိုနှစ်သိမ့်ကာ ဧည့်ခန်းအတွင်းမှ နောက်ဆံတငင်ငင်နှင့် ထွက်၍ သွားလေသည်။

mgyoe.com

mgyoe.com

(၃)

သူမရှိခိုက် ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ပျင်းကျန်ရစ်ခဲ့မည်စိုး၍ အပျင်းပြေဖတ်ရှုရန် မမခင်က ပေးထားခဲ့သော မဂ္ဂဇင်းများကို စစ်သားဟောင်းသည် စိတ်ဝင်စားခြင်း မရှိသေးပေ။ ၎င်း၏ တစ်သက်နှင့် တစ်ကိုယ်တွင် ယခုကဲ့သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူး၊ မထိုင်ဖူးသော ဧည့်ခန်းမကြီးကိုသာ တအံ့တသြ ငေးမောကြည့်ရှုနေမိသည်။ ဤမျှလောက် ထည်ဝါခမ်းနားလှသော ဧည့်ခန်းဆောင်မျိုးကို ရဲဘော်အောင်ဒင်သည် ကာလပေါ်ဝတ္ထုစာအုပ်များထဲ၌သာ ဖတ်ရှုဖူးလေသည်။ သို့ရာတွင် ယခုကဲ့သို့ မမျှော်လင့် မထင်မှတ်ဘဲ ရောက်ရှိလာရသောအခါ၌ စစ်သားလူထွက် အောင်ဒင်သည် ၎င်း၏လက်တွေ့ဘဝကိုပင် သံသယဖြစ်မိသည်။ ၎င်း၏ ကိုယ်ကိုလည်း စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ် ဖတ်ရှုနေသလိုလို အောက်မေ့ ထင်မှတ်နေမိသည်။

ဧည့်ခန်းဆောင်၏ နံရံပတ်ပတ်လည်တွင် များစွာ အဖိုးထိုက်တန်လှ၍ လှပခံ့ညားသော ပန်းချီကားများကို ချိတ်ဆွဲထားသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက မြန်မာနိုင်ငံ၌ များစွာထင်ရှားကျော်ကြားခဲ့သော ပန်းချီဆရာကြီးများဖြစ်ကြသည့် ဦးဘညဏ်၊ ဦးဘလုံနှင့် ဦးဘဖန်တို့၏ ဆီဆေးကားကြီးများကို တွေ့ရသည်။ သို့ရာတွင် ဆီဆေးကားများကို အလင်းနှင့် အမှောင်ခွဲခြား၍ မကြည့်ရှုတတ်သော ရဲဘော်အောင်ဒင်သည် ထိုပန်းချီဆရာကြီးများ၏လက်ရာကို အရသာမခံယူတတ်ချေ။ သူ့စိတ်ထဲတွင် ဆီဆေးကားများသည် "သက်သက်ပိုနေတာပဲ ..." ဟု ထင်မြင်

mgyoe.com

mgyoe.com

အောက်မေ့လျက်ရှိလေသတည်း။

ပန်းချီကားများကိုကြည့်ရှု၍ အရသာမတွေ့သောအခါမှ စစ်သားဟောင်းသည် စောစောက မမခင်ပေးသွားသော မဂ္ဂဇင်းများကို ပြန်လည်သတိရလာကာ လှန်လှောကြည့်ရှုခြင်းပြုလေသည်။ ယခင် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီက ပေါ်ပေါက်ထုတ်ဝေခဲ့ဖူးသော ဒဂုန်၊ သူရိယ၊ မြန်မာ့အလင်း စသော မဂ္ဂဇင်းများကြီးနှင့် ဆယ်သန်း၊ ကြီးပွားရေး၊ တိုးတက်ရေး အစရှိသော မဂ္ဂဇင်းများကို ကိုယ်တိုင်ဝယ်ယူ ဖတ်ရှုခြင်းသာမပြုနိုင်သော်လည်း ဝယ်ယူဖတ်ရှုနိုင်ကြသူများထံမှ အဟောင်းများကို ငှားရမ်းဖတ်ရှုခဲ့ဖူးသည်။ သို့ရာတွင် တက္ကသိုလ်ပညာတတ်များနှင့် သုခမိန်တို့က ရေးသားထုတ်ဝေခြင်းပြုကြသော တက္ကသိုလ်မဂ္ဂဇင်းများကိုမူကား ဖတ်ရှုဖူးဖို့ဝေးစွ၊ ထိုကဲ့သို့သောမဂ္ဂဇင်းမျိုး ဤတိုင်းပြည်၌ ပေါ်ပေါက်ထုတ်ဖော်လျက်ရှိသည့်အကြောင်းကိုပင် စစ်သားဟောင်းအောင်ဒင်သည် မသိခဲ့ချေ။

တက္ကသိုလ်နှစ်ပတ်လည် မဂ္ဂဇင်းအဟောင်းတစ်စောင်ကို ဟိုလှန်သည်လှန်ကြည့်နေရာမှ ရဲဘော်အောင်ဒင်သည် အနည်းငယ်စိတ်ဝင်စားသလိုဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် ထိုတက္ကသိုလ်ပညာတတ်များ၏ မဂ္ဂဇင်းစာအုပ်ထဲတွင် ယခင် တက္ကသိုလ်ကျောင်းအပြင်မှ ထုတ်ဝေလျက်ရှိကြသော စာရေးဆရာနှင့် ကဗျာဆရာအချို့၏အမည်များနှင့် ၎င်းတို့ရေးသားကြသော ဝတ္ထုဆောင်းပါးနှင့် ကဗျာများကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်ရလေသောကြောင့်ဖြစ်လေသည်။ တက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းကို စိတ်ဝင်စားလာပြီဖြစ်သဖြင့် စစ်သားဟောင်းအောင်ဒင်သည် မာတိကာကို ပြန်၍လှန်ကာ ယခင်က သူ ဖတ်ရှုခဲ့ဖူးသော တက္ကသိုလ်စာရေးဆရာများနှင့် ကဗျာဆရာများကို စိစစ်ကြည့်ရှုမိလေသည်။

သိပ္ပံမောင်ဝ၊ မောင်သန့်စင်၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ မြကေတုနှင့် ကုသ အစရှိသော ခေတ်စမ်းစာပေကို ပြုစုထူထောင်လာခဲ့ကြသော စာရေးဆရာကြီးများကအစ သိန်းနေနွယ်၊ ညိုမြ၊ မောင်ထင်၊ တက်တိုး၊ မြဒေါင်းညို၊ မောင်အာယု၊ မန်းတင်၊ ခင်လေးမောင်၊ မြစိန်၊ တက္ကသိုလ်ဆုမြိုင်၊ စံဝင်း၊ ထင်ကြီး၊ သိပ္ပံကျော်ရင်၊ ဒဂုန်မြတ်လေးနွယ်နှင့် ဒဂုန်တာရာ စသူတို့အပြင် သပိတ်မှောက်ကျောင်းသူ မအမာ၊ မအုန်း၊ ခင်မျိုးချစ်နှင့် နုယဉ်

mgyoe.com

mg


အစရှိသော အမျိုးသမီးကလောင်ရှင်များကို တွေ့ရှိရလေသည်။ ဤ တက္ကသိုလ်ပညာတတ် နိုင်ငံကျော်ကလောင်ရှင်ကြီးများထဲတွင် ရဲဘော် အောင်ဒင်သည် သိပ္ပံမောင်ဝ၊ မောင်ထင်၊ ညိုမြနှင့် မင်းသုဝဏ်တို့ကို နှစ် သက်စွဲလမ်းခဲ့ဖူးသည်။ သိပ္ပံမောင်ဝ၏ မောင်လူအေး၊ မောင်ထင်၏ ကို ဒေါင်းနှင့် မင်းသုဝဏ်၏ ဘကြီးအောင်ညာတယ် စသော စာတိုစာစကလေး များကို သူသည် အခေါက်ခေါက် အခါခါ ဖတ်ရှုခဲ့ဖူးသည်။ ကဗျာလင်္ကာ အကြောင်းနှင့်ပတ်သက်၍ သူသည် ဘာမျှနားလည်သူတစ်ဦးတစ်ယောက် မဟုတ်သော်လည်း မင်းသုဝဏ်နှင့်ဒဂုန်တာရာတို့၏ကဗျာကိုကား ဖတ်ရှု ခြင်းပြုဖူးသည်။ သို့ရာတွင် ကဗျာလင်္ကာ သီကုံးမှုတွင်ရော၊ စကားပြေ အရေးအသားတွင်ရော သူ၏အနှစ်သက်ဆုံး စာရေးဆရာနှင့် ကဗျာဆရာ ကြီးကား ဇော်ဂျီပင်ဖြစ်လေသည်။ ဇော်ဂျီ၏ပိတောက်နှင့် ဗေဒါများ အကြောင်း ရေးစပ်သီကုံးသောကဗျာများကို သူသည် အဓိပ္ပာယ်ကို ကုန် အောင် မငုံမိသော်လည်း အနှစ်ခြိုက်ဆုံးဖြစ်ခဲ့သည်။

ထို့ကြောင့် စစ်သားဟောင်းသည် ဇော်ဂျီ၏ကဗျာတစ်ပုဒ်ကို ရှာ ဖွေကာ ဖတ်ရှုခြင်းပြုလေသည်။ လှိုင်းလေနှင့် ရေစုန်ရေဆန်၏ဒဏ်ကို အဘယ်မျှခံနေရစေကာမူလည်း ဘယ်သောအခါမျှ အလံမလှဲသော ဗေဒါ ၏အကြောင်းကို ဖွဲ့နွဲ့ထားသော ကဗျာတစ်ပုဒ်ပင်ဖြစ်လေသည်။ ထိုကဗျာ ၏လေးနက်သော အနှစ်သာရကို စစ်သားဟောင်းအောင်ဒင်သည် ပြည့်ပြည့် ဝဝတော့ နားမလည်လိုက်ချေ။ မည်ကဲ့သို့ပင်ဖြစ်စေ ဇော်ဂျီ၏ကဗျာကို ဖတ်ရှုနေရခိုက် သူသည် ဗေဒါဖြစ်နေသည်။

ဗေဒါကို စစ်သားဟောင်းသည် နောက်တစ်ခေါက်ပြန်၍ ဖတ်လေ သည်။ ဒုတိယအကြိမ် ပြန်၍ဖတ်သောအခါတွင် ပထမအကြိမ်ကထက် ကဗျာ၏ သဘောသရုပ်ကို ပိုမိုငုံမိလာသည်။ လေးနက်ခြင်းလည်း ရှိလာ သည်။ သူကမသိ၍ သူ့ကိုလည်းမသိသော ကဗျာဆရာဇော်ဂျီသည် သူ့ အကြောင်းကိုများ ကဗျာရေးစပ်ထားလေသလား၊ စစ်သားဟောင်းအောင်ဒင် သည် ဗေဒါနှင့်တူလှသော သူ့ဘဝကို မြင်ယောင်လာသည်။ ကဗျာဆရာ ဇော်ဂျီရေးစပ်ထားသော ဗေဒါနှင့် သူ၏ဘဝသည် ဘာများခြားသေး သနည်း။ လှိုင်းလေပြင်းထန်သောရာသီ၌ ဗေဒါသည် မြုပ်ချည်ပေါ်ချည်

mgyoe.com

mgyoe.com

ဖြစ်နေရသကဲ့သို့ ဘဝ၏လှိုင်းလေပြင်တွင် သူသည်လည်း မြုပ်ချည်ပေါ်ချည်ဖြစ်နေရသော သတ္တဝါတစ်ကောင်ပင်မဟုတ်ပါလား။

ဇော်ဂျီ၏ကဗျာတစ်ပုဒ်ကို စူးစိုက်ဖတ်ရှုနေခိုက် အဝတ်အစားများလဲလှယ်၍ မမခင်သည် ဧည့်ခန်းအတွင်းသို့ ဝင်လာသည်။ ဗေဒါနှင့်အတူ မျှော၍ပါနေသော ရဲဘော်အောင်ဒင်သည် မမခင် ပြန်ဝင်လာသည်ကို မတွေ့လိုက်ချေ။ မမခင်သည် ရဲဘော်အောင်ဒင်ကို အတန်ကြာမျှ ကြည့်ရှုစောင့်ဆိုင်းနေပြီးမှ..

"လက်ဖက်ရည်ပြင်ထားပြီးပြီ ရဲဘော်အောင်ဒင် .."

ဟု လက်ဖက်ရည်သောက်ရန်အလို့ငှာ ဖိတ်ခေါ်လိုက်သည်။

ကဗျာဖတ်နေရာမှ စစ်သားဟောင်းသည် မြနန္ဒာဒေဝီအား လှမ်းမော့၍ကြည့်လိုက်သည်။ မမခင်သည် ပြာသောထဘီနှင့် ဖြူဆွတ်သောအင်္ကျီတို့ကို ဆင်မြန်းထားသဖြင့် များစွာ ကျက်သရေရှိနေသည်။ ရိုးရိုးကလေးနှင့် ယဉ်နေသည်။ စစ်သားဟောင်း၏မျက်စိထဲတွင် ကြည့်၍ ကောင်းနေသည်။

"လက်ဖက်ရည်သောက်ရအောင်လေ .."

မမခင်က ထပ်မံ၍ ဖိတ်ခေါ်ရပြန်သည်။

စစ်သားဟောင်းသည် လက်ဖက်ရည်သောက်ဖို့ကိစ္စထက် ဇော်ဂျီ၏ကဗျာကို ပိုမိုစိတ်ဝင်စားလျက်ရှိသောကြောင့် "ဇော်ဂျီရဲ့ကဗျာတစ်ပုဒ်ကို ကျွန်တော် ဖတ်ကြည့်နေတယ် .. သူ့ကဗျာက သိပ်ဖတ်လို့ကောင်းတာပဲ.." ဟု ၎င်း၏အသိဉာဏ်နှင့်မီသလောက် ဇော်ဂျီ၏ကဗျာကို ချီးမွမ်းခန်းဖွင့်လိုက်သည်။

"ဪ .. ရဲဘော်အောင်ဒင်က ဆရာဦးသိန်းဟန်ရဲ့ကဗျာကို ဖတ်နေသလား .."

ကဗျာဆရာကြီးဇော်ဂျီ၏ ကဗျာအကြောင်းကို ချီးမွမ်းပြောဆိုလျက်ရှိသော စစ်သားဟောင်းကို မမခင်က များစွာ အံ့သြသွားသောအမူအရာဖြင့် မေးမြန်းလိုက်သည်။

သူဖတ်နေသော ကဗျာမှာ ဇော်ဂျီ၏ ကဗျာတစ်ပုဒ်မျှသာဖြစ်သည်။ သို့ရာတွင် မမခင်က မဆိမဆိုင် ဆရာဦးသိန်းဟန်၏ကဗျာကို ဖတ်နေ

mgyoe.com

mgyoe.com

သလားဟု မေးမြန်းလိုက်သည့်အတွက် စစ်သားလူထွက်သည် အဘယ်သို့မျှ ဆက်စပ်၍နားမလည်နိုင်အောင် ဖြစ်သွားလေသည်။ ထို့ကြောင့် သူသည် ဘာပြန်ပြောရမှန်းမသိတော့ချေ။ မမခင်ကိုသာ မျက်လုံးအဝိုင်းသားနှင့် ငေးမောကြည့်နေလေသည်။

ဇော်ဂျီနှင့် ဆရာဦးသိန်းဟန်တို့ကို တစ်ဦးစီထင်ကာ မရှင်းမလင်း ဖြစ်နေသော စစ်သားဟောင်း၏ အကျပ်အတည်းကို မမခင်က အကဲခတ်လိုက်မိသည်။ ထို့ကြောင့် ပါးချိုင့်ကလေးများပေါ်လာအောင် ပြုံးလိုက်ပြီး လျှင် ..

"ဇော်ဂျီရဲ့နာမည်အရင်းက ဦးသိန်းဟန်တဲ့ကွယ့် ရဲဘော်အောင်ဒင်၊ အရင်စစ်ကြီးမဖြစ်ခင် ရန်ကုန်တက္ကသိုလ်မှာ မမခင် ဝိဇ္ဇာဂုဏ်ထူးတန်း တက်ခဲ့ရတုန်းက မမခင်တို့ရဲ့ ဆရာလည်းဖြစ်ဖူးတယ်.. ဆရာဦးသိန်းဟန်က သိပ်သဘောကောင်းတယ်၊ မာန်မာနမရှိဘူး .. ပြီးတော့ သူ့နဖူးမှာ မြင်းဖု ကလေးတစ်လုံးတောင် ရှိသေးတယ် .."

ဟု ဇော်ဂျီအမည်ခံ ကဗျာဆရာကြီး ဦးသိန်းဟန်အကြောင်းကို သူ့နဖူး၌ သူ့ဘာသာသူရှိနေသော မြင်းဖုကလေးပါမကျန် ရှင်းလင်းပြောပြလိုက်တော့မှ ဇော်ဂျီဆိုသည်မှာ ဆေးကြိတ်ပြီး သူယောင်မယ်လေးများ လောက်နှင့်သာ ဆက်ဆံတတ်သော ပုဂ္ဂိုလ်တစ်ဦးအနေနှင့် နားလည်ထားသော စစ်သားဟောင်းသည် ဘဝင်ကျ၍သွားလေသည်။ ဇော်ဂျီ၏ အကြောင်းကိုသာမဟုတ်တော့ဘဲ စစ်ကြီးမဖြစ်မီက ဝိဇ္ဇာဂုဏ်ထူးတန်းသို့ပင် တက်ရောက်သင်ကြားခဲ့ဖူးသော မမခင်၏ အရည်အသွေးကိုပါ စစ်သားဟောင်းသည် သိရှိသွားရပြန်လေသည်။

"လက်စသတ်တော့ ဇော်ဂျီဆိုတဲ့ ကဗျာဆရာကြီးရဲ့နာမည်အရင်း က ဆရာ ဦးသိန်းဟန်တဲ့ကိုး .. "

ဟု သူ့ဘာသာသူ တစ်ယောက်တည်းပြောဆိုသကဲ့သို့ မတိုးမကျယ်ပြောဆိုရင်း မမခင် ဖိတ်ခေါ်လျက်ရှိသော ထမင်းစားခန်းမကြီးဘက်သို့ လက်ဖက်ရည်သောက်ရန်အတွက် လိုက်ပါ၍ သွားလေတော့သတည်း။

mgyoe.com

mgyoe.com

# မြပင်တိုင်တော်ဦး

(၁)

လက်ဖက်ရည်သောက် စားပွဲကြီးမှာလည်း ထည်ဝါခံ့ညားလှသည်။ စားပွဲထက်တွင် ငှက်ပျောသီး၊ စပျစ်သီး၊ ပန်းသီးများကို လှပသော ငွေပန်းကန်ပြားကြီးများနှင့် ထည့်ထားသည်။ သစ်သီးများအပြင် ကိတ်မုန့်နှင့် ဘီစကွတ်မုန့်များကိုလည်း လက်ဖက်ရည်သောက် စားပွဲကြီးပေါ်တွင် ပြင်ဆင်ထားလေသည်။

လက်ဖက်ရည်သောက် စားပွဲတွင်လည်း ရဲဘော်အောင်ဒင်နှင့် မမခင်တို့ နှစ်ယောက်တည်းသာဖြစ်လေသည်။ အခြားအိမ်သူ အိမ်သားတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။ ထို့ကြောင့် ရဲဘော်အောင်ဒင်က ..

"မမခင်တို့ မေမေတစ်ယောက်ရော .. မမြင်မိပါလား .."

ဟု မေးမြန်းခြင်းပြုလိုက်သည်။

ဧည့်သည်အတွက် လက်ဖက်ရည်တစ်ခွက်ကိုပြင်ဆင်လျက်ရှိရာမှ "မေမေ မြို့ထဲက အသိတစ်ယောက်ရဲ့အလှူကို သွားနေတယ် .. ရဲဘော်အောင်ဒင် .. ညနေ လေးနာရီလောက် ပြန်လာလိမ့်မယ်ထင်တယ် .."

ဟု ပြန်၍ ပြောဆိုသည်။

"ဒါထက် စောစောက မမခင်ပြောတဲ့ မောင်မောင်လေးဆိုတာက ရော ..ဟင် .."

ဆာလောင်၍ ဝမ်းဗိုက်ထဲတွင် တကျုတ်ကျုတ်ဖြစ်နေပြီဖြစ်သော

mgyoe.com

mgyoe.com

ရဲဘော်အောင်ဒင်က စပျစ်သီးတစ်လုံးကိုလှမ်းယူကာ ပါးစပ်ထဲသို့ ပစ်ထည့်ရင်း မေးလိုက်သည်။

ရဲဘော်အောင်ဒင်အတွက် ပြင်ဆင်လျက်ရှိသော လက်ဖက်ရည် ပန်းကန်ထဲသို့ နို့စိမ်းကို ငွေဇွန်းကလေးနှင့် ထည့်ပေးနေရာမှ ..

"ဩော် .. မောင်မောင်လေးက ကျောင်းတက်ရတယ်လေ .. သူက အခု ဥပစာ အထက်တန်းမှာ .."

ဟုပြောဆိုသည်။

ဥပစာ ဆိုသော ဝေါဟာရစကားတစ်လုံးနှင့်ပတ်သက်၍ အိမ်ရှေ့ ဥပစာလောက်ကိုသာကြားဖူးသော ရဲဘော်အောင်ဒင်သည် ဥပစာတန်းဟု ဆိုလိုက်သောအခါ ထိုဝေါဟာရ၏အနက်အဓိပ္ပာယ်ကို မသိလိုက်တော့ချေ။ ထို့ကြောင့် စပျစ်သီးတစ်လုံးကို နောက်ထပ်လှမ်း၍ယူလိုက်ရင်း ..

"ဥပစာတန်းဆိုတာ ဘာအတန်းလဲဟင် .. မမခင် .."

ဟု ၎င်းမသိရှိသောကိစ္စကို စစ်သားဟောင်းပီပီ ရိုးရိုးသားသားနှင့် ပွင့်ပွင့်လင်းလင်း မေးမြန်းလိုက်သည်။

"အိုင်အေ ဒုတိယနှစ်ပေါ့ ရဲဘော်အောင်ဒင် .. ညနေလေးနာရီလောက်ဆိုရင် သူလည်း ကျောင်းက ပြန်ရောက်ပါလိမ့်မယ် .."

"မောင်မောင်လေးက ကျွန်တော့်လောက်ရှိပြီလား မမခင် .."

"ရွယ်တူလောက်ပဲ နေလိမ့်မယ်ထင်တယ် .. ဒါထက် ရဲဘော်အောင်ဒင်ကရော .. အသက်ဘယ်လောက်ရှိပြီလဲ .."

"နှစ်ဆယ့်တစ်နှစ်ထဲမှာခင်ဗျ.."

"မောင်မောင်လေးလည်း နှစ်ဆယ်ပြည့်တော့မယ် .. ရဲဘော်အောင်ဒင်နဲ့ဆိုရင် လကြီး လငယ်လောက်ပဲ ရှိလိမ့်မယ်ထင်တယ် .."

ဟု ပြောဆိုပြီးနောက် ဧည့်သည်အတွက် ပြင်ဆင်နေသော လက်ဖက်ရည်ပန်းကန်ကို လှမ်း၍ပေးရင်း ..

"မမခင်ဖျော်ထားတဲ့ လက်ဖက်ရည် ဘာများလိုသေးလဲ ဆိုတာ မြည်းကြည့်စမ်းပါဦး .."

ဟု ခိုင်းစေလိုက်ပြန်သည်။

အိမ်ရှင်က သကြားအချိုအပေါ့နှင့် လက်ဖက်ခြောက်အလေးအပေါ့

mgyoe.com

mgyoe.com

ပြည်းစမ်းခိုင်းသောကိစ္စကို နားဝေးနေသော စစ်သားဟောင်းသည် လက်ဖက်ရည်တစ်ပန်းကန်လုံးကို တဂွပ်ဂွပ်နှင့်မြည်အောင် တစ်မော့တည်းနှင့် သောက်ချပစ်လိုက်သည်။ ရဲဘော်အောင်ဒင်၏ စရိုက်ခပ်ကြမ်းကြမ်းနှင့် စားသောက်တတ်ပုံအမူအရာကို ကရုဏာသက်သော မျက်လုံးကြီးများဖြင့် အကဲခတ်ကြည့်ရှုနေရာမှ ..

"မမခင်ဖျော်ပေးတဲ့ လက်ဖက်ရည် ဘယ်လိုများနေသလဲဟင် .." ဟု မမခင်က မေးလိုက်သည်။

"မပြောတတ်ပါဘူး မမခင်ရာ .. ကျွန်တော်ကတော့ လက်ဖက်ရည်ဆိုရင် တစ်ခါတည်း မော့ချပစ်လိုက်ဖို့လောက်သာ နားလည်ထားတဲ့ လူတစ်ယောက်ပဲ"

လက်ဖက်ရည်ပန်းကန်ကို လက်ထဲမှ စားပွဲပေါ်သို့ ပြန်ချထားရင်း စစ်သားဟောင်းက ပြောလိုက်လေသည်။ ရဲဘော်အောင်ဒင်၏ တန်ဆာမဆင်၊ ဟန်လည်းမလုပ်ဘဲ ပွင့်ပွင့်လင်းလင်းနှင့် ရိုးရိုးသားသား ပြောတတ်ဆိုတတ်ပုံများကို အဆန်းအသစ်လိုဖြစ်နေသော မမခင်က စိတ်ဝင်စားနေပုံရလေသည်။ ထို့ကြောင့် ရဲဘော်အောင်ဒင်အတွက် နောက်ထပ်၍ လက်ဖက်ရည်တစ်ခွက်ကို အရင်းခံစေတနာနှင့် ထပ်၍ ပြင်ဆင်ပြန်ရင်း "ကိတ်မုန့်နဲ့ သစ်သီးတွေ စားပါဦး ရဲဘော်အောင်ဒင် .."ဟု လှမ်း၍ ပြောဆိုလိုက်သည်။

ဤကဲ့သို့ သူဌေးသူကြွယ်နှင့် အထက်တန်းလွှာတို့၏ လက်ဖက်ရည်ပွဲမျိုးကို အနီးအနားသို့ပင် သီဖူးဟန်မရှိသော ရဲဘော်အောင်ဒင်သည် ငွေပန်းကန်ပြားတစ်ချပ်နှင့် လှလှပပပြင်ဆင်ထားသော ပန်းသီးလေးငါးလုံးအနက် တစ်လုံးကို ရုတ်တရက် လှမ်းယူလိုက်ပြီးနောက် ဆတ်ခနဲကိုက်စားပစ်လိုက်သည်။ ပန်းသီးကို အခွံသင်၍ခွဲစားရန်အတွက် စားပွဲဓားတစ်ချောင်း လှမ်းပေးမည်လုပ်နေသော မမခင်သည် ပန်းသီးတစ်လုံးကို အရုပ်ဆိုးလောက်အောင် ပါးစပ်ကိုဖြဲကာ ဆတ်ခနဲ၊ ဆတ်ခနဲ ကိုက်၍စားသောက်နေသော သတ္တဝါတစ်ကောင်ကို တွေ့နေရသောအခါ လက်ထဲမှ ဓားကို မသိမသာ ပြန်၍ ချထားလိုက်ရလေသည်။ မည်သည့်ကပ်ကမ္ဘာမှ ငတ်မွတ်လာမှန်းမသိသော စစ်သားဟောင်းသည် ရောမပန်းသီးကြီးတစ်လုံးကို လေးငါးခြောက်ကိုက်နှင့်ကုန်သွားအောင် ခပ်ကြမ်းကြမ်းကိုက်ဝါး၍ စား

mgyoe.com

mgyoe.com


သောက်ပစ်လိုက်လေသည်။ အခွံပါမကျန်အောင် ပန်းသီးကြီးတစ်လုံးကို စားသောက်ပစ်လိုက်ပြီးနောက် ထိုစစ်သားဟောင်းသည် ရွှေငှက်ပျောသီးကြီး တစ်လုံးကိုလည်း ဆိုးခနဲ ဆတ်ခနဲ ဆွဲယူကာ စားသောက်ခြင်းပြုလိုက် ပြန်သည်။ ဝေါ်မွတ်ခြင်းနှင့် ညီအစ်ကိုတော်စပ်ဟန်ရှိသော သတ္တဝါတစ် ကောင်သည် ပန်းသီးတစ်လုံးနှင့် ငှက်ပျောသီးတစ်လုံးတို့ကို စားပွဲပေါ်မှ ရှင်းလင်းလိုက်ပြီးသည်နှင့် အားမရသေးသကဲ့သို့ အဆင်သင့်လှီးထားသော သစ်သီးကိတ်မုန့်နှစ်ချပ်ကိုလည်း ပလုပ်ပလောင်း စားပစ်လိုက်ပြန်လေ သည်။ ယင်းသို့ အချိန်အနည်းငယ်အတွင်း ပန်းသီးတစ်လုံး၊ ငှက်ပျောသီး တစ်လုံးနှင့် ကိတ်မုန့်နှစ်ချပ်တို့ကို အနားမယူဘဲ ဆက်တိုက်စားသောက်ခြင်း ပြုလိုက်သောကြောင့် စစ်သားဟောင်းသည် နင်၍သွားလေသည်။

မိမိဧည့်သည်၏အခြေအနေကို အကဲခတ်မိသော မမခင်က ဖျော် နေသော လက်ဖက်ရည်ပန်းကန်ကို ကတိုက်ကရိုက် လှမ်း၍ပေးရင်း ..

"လက်ဖက်ရည်တစ်ခွက် ထပ်သောက်လိုက်ပါဦး ရဲဘော်အောင်ဒင် .."

ဟု ပြောဆိုလိုက်သည်။ စားပိုးနင့်၍နေသော စစ်သားဟောင်းက ပေးနေသော လက်ဖက်ရည်ပန်းကန်ကို လှမ်းမယူသေးဘဲ ..

"ခုတင်ကပဲ သောက်ပြီး ပါပကောလား မမခင်ရဲ့ .."

ဟူ၍ပင် ပြန်ပြောနေလိုက်သေးသည်။

"ရဲဘော်အောင်ဒင်တို့လို ကျန်းမာရေးကောင်းတဲ့လူငယ်တွေ အတွက် တစ်ခွက်တည်းနဲ့ ဘယ်ဝပါ့မလဲ .. သောက်စမ်းပါဦး .. ပြီးတော့ လည်း စောစောက လက်ဖက်ရည်တစ်ခွက်ကို ဖျော်ပေးတုန်းက မမခင် သကြားမထည့်လိုက်မိဘူးထင်လို့ပါ .."

မမခင်က မသိမသာလေးပြုံး၍ ပြောဆိုရင်း လက်ဖက်ရည် ပန်းကန်ကို လှမ်းပေးနေသောအခါ ရဲဘော်အောင်ဒင်သည် သောကြာသား မဟုတ်သည့်အတိုင်း လှမ်းယူကာ တစ်ခါတည်း မော့ချပစ်လိုက်လေသည်။

ဧည့်သည်အား လက်ဖက်ရည်နှစ်ခွက်မျှ ဖျော်တိုက်ပြီးနောက် ၎င်း ၏အတွက် နောက်ထပ်လက်ဖက်ရည်တစ်ခွက်ကို ခပ်အေးအေးဖျော်လျက် ရှိရာမှ ..

"ရဲဘော်အောင်ဒင်က စစ်သားလုပ်ခဲ့ပေမယ့် စာပေတို့၊ ကဗျာတို့ကို

mgyoe.com

 mgyoe.com 

တော့ တော်တော်ကလေး ဝါသနာပါတယ်ထင်တယ် ..”

ဟု ၎င်း၏ညှော့သည် ပျင်းရိ၍မနေရအောင် အကြောင်းအရာ အသစ်တစ်ခုကို စတင်၍ ပြောဆိုလိုက်သည်။

“အရင် စစ်တပ်ထဲမဝင်ခင်တုန်းကတော့ ဝါသနာပါလို့ နည်းနည်း ပါးပါး လိုက်စားဖူးပါတယ်၊ ဒါပေမဲ့ ကျကျနနတော့ မဟုတ်ပါဘူး မမခင်”

၎င်း၏ဝမ်းခေါင်းသည် မပြည့်နိုင်သေးသကဲ့သို့ စစ်သားဟောင်း သည် စပျစ်သီးတစ်လုံးကို လှမ်းယူကာ ပါးစပ်ထဲသို့ ပစ်ထည့်ရင်း ပြော လိုက်လေသည်။

“စစ်တပ်ထဲကို ဘယ်တုန်းကဝင်သလဲ ..”

“ရန်ကုန်မြို့ကို ဘီ–အိုင်–အေတပ်တွေ ဝင်တဲ့နေ့ကစပြီး ဝင်ခဲ့ တာပဲ..”

“စစ်တပ်ထဲမှာ ဘယ်လောက်ကြာခဲ့သလဲ .. ဟင် ..”

“စစ်ကြီးအတွင်း သုံးနှစ်သာသာပဲဆိုပါတော့ မမခင် ..”

“စစ်တပ်ထဲ မဝင်ခင်တုန်းက ဘာလုပ်သလဲ .. ကျောင်းနေတုန်း ပဲလားဟင် ..”

“ကျွန်တော် ကျောင်းကောင်းကောင်းမနေခဲ့ရပါဘူး မမခင် .. ကျောင်းနေလိုက် .. ထွက်ပြီးအလုပ်လုပ်လိုက်၊ ပြန်နေလိုက်နဲ့ ပညာကို ဖြောင့်ဖြောင့်တန်းတန်း မသင်ခဲ့ရပါဘူးဗျာ ..” ၎င်း၏ ကပျက်ယပျက်နှင့် ပညာသင်ကြားခဲ့ရသောကိစ္စကို စိတ်နာကြည်းဟန်ဖြင့် ရဲဘော်အောင်ဒင်က မကျေမချမ်းပြောဆိုခြင်းပြုသည်။

“ဘယ်နှတန်းအထိရော .. သင်ခဲ့ရသလဲဟင် ..”

“အတန်းဆိုရင် ခြောက်တန်းလောက်အထိပဲ သင်ခဲ့ရတယ် မမခင်၊ ဒါပေမဲ့ ညဘက်သင်ရတဲ့ အလွတ်ပညာသင်ကျောင်းတော့ နှစ်နှစ်လောက် တက်ခဲ့ဖူးတယ် .. ဒါတောင် နေ့ခင်းဘက်မှာ အလုပ်လုပ်ရင်း သင်ခဲ့ရတာ” စပျစ်သီးတစ်လုံးကို လှမ်းယူပြန်ကာ ပါးစပ်ထဲသို့ ရုတ်ခနဲထည့်ရင်း ပြော ဆိုသည်။

“ခြောက်တန်းအထိနေခဲ့တာက ဘယ်ကျောင်းမှာလဲ ရဲဘော်အောင် ဒင် ..”

mgyoe.com

mgy

"ပုဇွန်တောင်အမျိုးသားကျောင်းမှာပါ မမခင် .."

"သြော် .. သြော် .. သြော် .."

ပညာသင်ကြားလိုလျက် ဖြောင့်ဖြောင့်တန်းတန်းနှင့် သင်လိုသလောက် သင်ကြားခွင့်မရခဲ့ရှာသော လူရွယ်အတွက် မမခင်သည် စိတ်မကောင်းဟန်ဖြင့် ညည်းတွားလိုက်သည်။

"ကျောင်းနေချင်တဲ့စိတ်ကတော့ ခုထက်ထိမကုန်သေးပါဘူး မမခင် .. ဒါပေမဲ့ ကျောင်းနေဖို့ထက် ကိုယ့်ဝမ်းကိုယ်ကျောင်းဖို့အရေးကပိုအရေးကြီးနေတော့ ကျောင်းပြန်နေဖို့စိတ်ကူးကို စွန့်လွှတ်လိုက်ရတာ ကြာပါပြီ"

"နေ့ဘက်အလုပ်လုပ်ရင်း ညဘက်တက်နိုင်တဲ့ကျောင်းတွေ ရှိသားပဲမဟုတ်လား .."

"ဒါတွေကိုတော့ ကျွန်တော်လည်းအသိသားပေါ့ မမခင် .. ဒါပေမဲ့ နေ့ဘက်အလုပ်လုပ်ဖို့နဲ့ အလုပ်ရဖို့ကိစ္စအတွက်က စစ်တပ်ထဲက ထွက်လာရပြီးကတည်းက ကနေ့ထက်ထိ ဖြေရှင်းလို့မရသေးဘူး၊ ဒါကြောင့် ညဘက်ကျောင်းတက်ဖို့အရေးထက် နေ့ဘက်အလုပ်တစ်ခုခုရဖို့အရေးကို လိုက်နေရသေးတယ် မမခင် .."

"ရဲဘော်အောင်ဒင် .. အခုနေတော့ ဘယ်သူနဲ့နေသလဲဟင် .."

"ကျွန်တော့်အစ်မနဲ့ ယောက်ဖများအိမ်မှာ ဒီလိုပဲ ကပ်ရပ်နေထိုင်ပြီး အလုပ်ရှာနေတုန်းပဲ မမခင် .."

"စစ်တပ်ထဲကို မဝင်ခင်က ဘာအလုပ်အကိုင်တွေများ လုပ်ဖူးကိုင်ဖူးခဲ့သလဲ ရဲဘော်အောင်ဒင် .."

"လုပ်ဖူးကိုင်ဖူးခဲ့တဲ့အလုပ်တွေကိုတော့ မေးမနေနဲ့ မမခင်၊ စုံလို့ပဲ၊ ဆိုက်ကားနင်းဖူးတယ်၊ မြင်းလှည်းမောင်းဖူးတယ်၊ မော်တော်ကား စပယ်ယာလုပ်ဖူးတယ်၊ သင်္ဘောကြီးကူလီလုပ်ဖူးတယ်၊ ဒီ့အပြင်လည်း အများကြီးရှိသေးတယ် .."

အသက်အရွယ်နှင့်မမျှလောက်အောင် အောက်တန်းစားအလုပ်အကိုင်အမျိုးမျိုးကို လုပ်ကိုင်ခဲ့ဖူးလျက် လူ့ဘဝ၏တိုက်ပွဲပေါင်း မြောက်မြားစွာတို့ကို ဆင်နွှဲလွန်မြောက်ခဲ့ဖူးဟန်တူသော မိမိမျက်စိအောက်မှ လူရွယ်

mgyoe.com

အား သူဌေးသမီးနှင့် တက္ကသိုလ်ပညာတတ် မမခင်သည် များစွာအံ့ဩလျက်ရှိလေသည်။ သက်တူရွယ်တူဖြစ်သော မိမိ၏မောင်လုပ်သူနှင့် နှိုင်းယှဉ်၍လည်း ကြည့်သည်။

"ကျွန်တော့်ဘဝနဲ့ ကျွန်တော့်အကြောင်းကတော့ မျိုးစုံနေပြီ မမခင်၊ ကုန်အောင်သာပြောရမယ်ဆိုရင်တော့ ကျွန်တော်ဟာ ထောင်တောင် ကျခဲ့ဖူးသေးတယ် .."

ထောင်ကျဖူးသည်ဟု ဆိုလိုက်သည့်အတွက် မမခင်သည် မျက်လုံးများပင်ပြူးသွားလေသည်။ တကယ်ဆိုတော့ မမခင်၏အသိ၌ ထောင်ကျဖူးသောလူတစ်ယောက်သည် အလွန်တရာ စက်ဆုပ်ရွံရှာစရာကောင်းလှသော လူဆိုးကြီးတစ်ဦးဖြစ်နေသည်။

"ဒါပေမဲ့ သရက်မြို့က ကလေးထောင်မှာပါ မမခင် .."

"ဘာပြစ်မှုနဲ့ ထောင်ကျခဲ့ရတာလဲ ရဲဘော်အောင်ဒင် .."

"အဲဒီတုန်းက ခု ပန်းဆိုးတန်း စတားရုပ်ရှင်ရုံဘေးမှာ ကျွန်တော် ကွမ်းယာရောင်းရတယ် မမခင် .. ထောင်ကျရတာကတော့ ကျွန်တော့်ကွမ်းယာဗန်းထဲက စီးကရက်တစ်ဘူးကို အရှေ့ပိုင်းလူမိုက်တစ်ယောက်က ပိုက်ဆံမပေးဘဲ အတင်းအဓမ္မ နိုက်ယူသွားလို့ ဘီလပ်ရေပုလင်းနဲ့ ခေါင်းကို လိုက်ရိုက်ခွဲမိတဲ့အမှုပါ .."

"အပြစ်ဒဏ်ဘယ်လောက်ခံခဲ့ရသလဲ .."

"ခြောက်လပါ မမခင် .."

"ထောင်က ထွက်လာတော့ရော .."

"တရုတ်ထမင်းဆိုင်တစ်ဆိုင်မှာ ပန်းကန်ဆေးရတဲ့အလုပ်ကို ဝင်လုပ်တယ် .. အဲဒီတရုတ်ဆိုင်မှာလည်း သိပ်မကြာလှဘူးဗျ မမခင်၊ ဆိုင်ရှင်က အလုပ်ကို နှင်းခိုင်းပြီး လုပ်ခကျတော့ မှန်မှန်ကန်ကန် မပေးတာနဲ့ ထွက်လာခဲ့ပြီး ကမ်းနားလမ်းဘက်က ပွဲရုံတစ်ရုံမှာ ကူလီဝင်လုပ်တယ်.."

မမခင်သည် စိတ်ဝင်စားစွာ နားထောင်လျက်ရှိသဖြင့် ..

"အဲဒီပွဲရုံကလည်း ကူလီခကို တန်ရာတန်ဖိုးအတိုင်း မပေးဘူး မမခင်၊ ဒါနဲ့ အဲဒီပွဲရုံက ထွက်လာခဲ့ပြန်ပြီး မြူနီစီပယ်ရုံးမှာ အမှိုက်လှည်းတဲ့အလုပ်ကို တစ်လ ဆယ့်ငါးကျပ်နဲ့ ဝင်လုပ်ရင်း ကျွန်တော် ညကျောင်း

mgyoe.com

တက်ခဲ့တယ် ..”

“ဩော် .. ဩော် .. ဩော် ..” မမခင်က ဝမ်းထဲ၌သာ စုတ်သပ်လိုက်ရသည်။

“အဲဒီလို မြူနီစီပယ်မှာ အလုပ်လုပ်ရင်း ညကျောင်းတက်နေတုန်း တိုင်းပြည်ကြီးပျက်ပြီး ကျွန်တော်လည်း စစ်သားဖြစ်သွားခဲ့တာပါပဲ မမခင်” ၎င်းစစ်သားဖြစ်လာခဲ့ရသောအကြောင်းကို နိဂုံးချုပ်ပြောဆိုရင်း ရဲဘော်အောင်ဒင်သည် ရွှေငှက်ပျောသီးတစ်လုံးကို လှမ်း၍ယူကာ ပလုပ်ပလောင်းနှင့် စားသောက်လိုက်ပြန်သည်။

သို့ဖြင့် လက်ဖက်ရည်စားပွဲမှ နှစ်ယောက်သား ထလာကြသောအချိန်တွင် လူ့လောကကြီး၏အကြောင်းအရာများကို စာအုပ်များထဲ၌ လောက်သာ ဖတ်ရှုဖူးသော မမခင်နှင့် ကလေးထောင်ကျခဲ့ဖူးသည်အထိ လက်တွေ့လူ့လောကအတွေ့အကြုံများရရှိခဲ့သော စစ်သားဟောင်းအောင်ဒင်တို့သည် တစ်ဦးနှင့်တစ်ဦး တော်တော်ကလေး ရင်းနှီးလာခဲ့ကြလေသည်။

mgyoe.com

mgyoe.com

(၂)

ထိုနေ့ည ညစာကို မမခင်တို့ အိမ်သူအိမ်သားနှင့်အတူ စားသောက်ပြီးနောက် ပုဇွန်တောင်ဘက်ရှိ နေအိမ်သို့ပြန်ရန်အတွက် မောင်မောင်လေးက မြို့ထဲသို့ ၎င်းတို့၏အိမ်မှ အော်စတင်ကားအနက်လေးနှင့် လိုက်မပို့ပေးမီ တစ်နေ့ခင်းလုံးလိုလိုပင် ရဲဘော်အောင်ဒင်သည် မြနန္ဒာရဲတိုက်ကြီးတွင် မမခင်နှင့်နှစ်ယောက်တည်း အချိန်ကုန်သွားခဲ့လေသည်။

နေ့လယ်ခင်း လက်ဖက်ရည်သောက်ပြီးနောက် မမခင်နှင့် ဧည့်ခန်းထဲတွင် စကားပြောဆိုနေခိုက် မဇခင်၏မိခင် သူဌေးကတော်ကြီး ဒေါ်မြစိန်သည် မြို့ထဲမှ ပြန်ရောက်လာသည်။ မမခင်က ၎င်း၏မိခင်ကို ရဲဘော်အောင်ဒင်နှင့် မိတ်ဆက်၍ပေးလေသည်။ ဒေါ်မြစိန်သည် ရဲဘော်အောင်ဒင်ကို တွေ့လျှင်တွေ့ချင်း ကျေးဇူးတင်စကားပြောဆိုခြင်းပြုသည်။ သို့ရာတွင် ဧည့်ခန်းထဲ ကြာကြာတော့ မထိုင်ချေ။ အသက်အရွယ်ကြီး၍ ဦးခေါင်းထဲ၌ မူးလာကြောင်းဖြင့် ရဲဘော်အောင်ဒင်အား ပြောဆိုကာ အိမ်အပေါ်ထပ်သို့ တက်သွားသည်။ ၎င်းအပန်းဖြေ၍ လှဲနေခိုက် ဧည့်သည်အား ဧည့်ခံစကားပြောရန် သမီးလုပ်သူအား ဒေါ်မြစိန်က မှာကြားသွားသည်။

နေ့လယ်ခင်း လက်ဖက်ရည်မသောက်မီက ကဗျာဆရာကြီးဇော်ဂျီ၏အကြောင်းကို ပြောဆို၍နေခဲ့ကြရာမှ ပြတ်သွားသောစကားကို လက်ဖက်ရည်သောက်၍ ပြီးစီးသွားကြသောအခါ ပြန်ဆက်ကြပြန်လေသည်။ ထိုစကားကိုပြန်ဆက်သူမှာ တက္ကသိုလ်ကျောင်းသူ မမခင် မဟုတ်ချေ။ စစ်သားဟောင်းအောင်ဒင်ဖြစ်သည်။ ရဲဘော်အောင်ဒင်သည် ဇော်ဂျီရေးသားခဲ့သော

mgyoe.com

'ပုဂံဈေး' အမည်ရှိ စာတစ်ပုဒ်အကြောင်းကို ပြောဆိုခြင်းပြုလေသည်။ ထိုစာကို သူသည် အကြိမ်ကြိမ်ဖတ်ရှုဖူးသော်လည်း ဘာကိုဆိုလိုမှန်း နားမလည်သည့်အကြောင်းကို ပြောဆိုလေသည်။ ရဲဘော်အောင်ဒင်ကဲ့သို့ပင် ထိုစာတစ်ပုဒ်ကို ကောင်းစွာ သဘောပေါက်ဟန်မရှိသော မမခင်ကလည်း ထွေထွေထူးထူး ဘာမျှတော့ ရှင်းလင်းပြောကြားခြင်းမပြုနိုင်ရှာချေ။

ဇော်ဂျီ၏အကြောင်းကို မမခင်ထံမှ နောက်ထပ် ဘာမျှမသိရှိရသောအခါ စစ်သားဟောင်းအောင်ဒင်သည် ၎င်းဖတ်ရှုနှစ်သက်ခဲ့ဖူးသော တက္ကသိုလ်စာရေးဆရာများနှင့် ကဗျာဆရာများ၏အကြောင်းကို မမခင်အား တစ်ယောက်ပြီးတစ်ယောက် မေးမြန်းစုံစမ်းပြန်လေသည်။ မမခင်ကလည်း သိရှိလို၍ မေးမြန်းနေသော စစ်သားဟောင်းအား ၎င်းသိရှိသမျှကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြခြင်းပြုလေသည်။

"မင်းသုဝဏ်ဆိုတဲ့ စာရေးဆရာက တော်တော်အသက်ကြီးပြီလား မမခင် .. သူရေးတဲ့ ဘကြီးအောင်ညာတယ်ဆိုတဲ့ ဝတ္ထုလေးကို ကျွန်တော် အကြိမ် ၂၀ လောက် ဖတ်ကြည့်ဖူးတယ် .."

"မင်းသုဝဏ်နာမည်က ဆရာဦးဝန်တဲ့ကွယ့် .. မမခင်တို့ဆရာ ဖြစ်ခဲ့ဖူးတယ် .."

"ဒါထက် ညိုမြဆိုတဲ့ စာရေးဆရာကရော .. မမခင် .."

"ညိုမြ နာမည်က ကိုသိန်းတင်တဲ့ကွယ့် .. သူက အထက်အညာကပဲ .. မမခင်တို့ထက် အတန်းကြီးတယ် .. သူက နိုင်ငံခြားကို ပညာတော်သင်သွားရာက ပြန်လာလို့ အခု အမေရိကန်ပြန်ကြားရေးဌာနမှာ အလုပ်လုပ်နေတယ် .."

"ဩော် .. ဩော် .. ဩော် .. နောက်ပြီးတော့ နုယဉ် ဆိုတဲ့ ကဗျာဆရာမကိုရော .. မမခင် သိသေးလား၊ သူ့ကဗျာလေးတွေကို ကျွန်တော်ဖတ်ဖူးတယ် .."

"နုယဉ်က ဆရာဦးဝန်ရဲ့ နှမကွယ့် .. အခုတော့ စာရေးဆရာတက်တိုးနဲ့ အိမ်ထောင်ကျသွားပြီ .."

"ဩော် .. မင်းသုဝဏ်နဲ့ နုယဉ်တို့က မောင်နှမကိုး .. ပြီးတော့ စာရေးဆရာတက်တိုးနဲ့လည်း အိမ်ထောင်ကျသွားပြီကိုး .."

mgyoe.com

mgyoe.com

"ရဲဘော်အောင်ဒင် ခပ်စောစောကပြောတဲ့ သိပ္ပံမောင်ဝဆိုတဲ့ စာရေးဆရာကတော့ စစ်ပြီးအတွင်းက ရွှေဘိုနယ်မှာ ဆုံးသွားပြီလို့ ကြားရတယ်ကွယ် .."

"ဩော် .. နှမြောစရာဗျာ .. သူရေးရေးနေတဲ့ မောင်လူအေးဆိုတာ သူ့အကြောင်းလို့ ပြောသံဆိုသံ ကြားဖူးတယ် .. အဲဒါ ဟုတ်ရောဟုတ်ရဲ့လား ဟင် .. မမခင် .."

"ဦးစိန်တင်က အရေးပိုင်လေ .. ရဲဘော်အောင်ဒင် .."

"ဘယ်က ဦးစိန်တင်လဲ မမခင် .. ကျွန်တော်မသိဘူး .."

"သိပ္ပံမောင်ဝနာမည်က ဦးစိန်တင်လေ .. ရဲဘော်အောင်ဒင် .."

"ဩော် .. သိပ္ပံမောင်ဝက အရေးပိုင်ကိုး .."

"သိပ္ပံမောင်ဝလိုပဲ မောင်ထင်တို့၊ တက္ကသိုလ်ထင်ကြီးနဲ့ မန်းတင်တို့ကလည်း အစိုးရအရာရှိတွေပဲကွယ် .."

"ဒီလူတွေက စာရေးဆရာဖြစ်ပြီးတော့ ဘာပြုလို့များ အစိုးရအရာရှိလုပ်နေကြသလဲ မသိဘူးနော် .. မမခင် .."

"စာရေးဆရာအလုပ်နဲ့ ထမင်းမဝနိုင်လို့ ဖြစ်တော့မပေါ့ကွယ်.."

"ဟင် .. စာရေးဆရာတွေဟာ ထမင်းမဝကြဘူးပေါ့ .. ဟုတ်လား .. မမခင် .."

"စစ်ကြီးမဖြစ်ခင်က အင်မတန်ကျော်ကြားနေခဲ့တဲ့ စာရေးဆရာကြီး ပီမိုးနင်းဟာ တော်တော်လေး ဆင်းရဲချို့တဲ့ရှာတယ် လို့ ပြောသံကြားဖူးတယ် .."

"ဩ .. ဆရာကြီးပီမိုးနင်းလို ဇရာမစာရေးဆရာကြီးတစ်ယောက်တောင်မှပဲ ဆင်းရဲရှာသကိုး .."

"စာရေးဆရာကြီး မဟာဆွေတစ်ယောက်လည်း တော်တော်လေးဆင်းရဲရှာတယ်လို့ ပြောသံဆိုသံကြားဖူးတယ် .. ရဲဘော်အောင်ဒင် .."

"ဩော် .. ဩော် .. ဩော် .."

"အင်မတန်ကျော်ကြားတဲ့ စာရေးဆရာကြီး ရွှေဥဒေါင်းနဲ့ ရွှေလင်းယုန်တို့တောင် သတင်းစာတိုက်ကြီးတွေမှာ တစ်ဖက်တစ်လမ်းက အယ်ဒီတာ ဝင်လုပ်နေကြရသေးတယ်ကွယ် .."

mgyoe.com

mgyoe.com


"ဒီလိုဆိုတော့ စာရေးဆရာဘဝဟာ စိတ်ပျက်စရာကြီးပေါ့နော် မမခင် .."

"ဒီလိုပြောလို့လည်း မဖြစ်သေးဘူးထင်တယ် .. ဘာပြုလို့လဲဆိုတော့ စာရေးဆရာလုပ်တဲ့ လူတစ်ယောက်ဟာ တခြားလူတွေနဲ့ မတူလို့ပဲကွယ် .."

"ဘယ်လိုမတူတာလဲဟင် .. မမခင် .."

"သူ့ကိုယ်ကို ဘာပဲဖြစ်နေ ဖြစ်နေ .. သူရေးချင်တာ ရေးနေရရင် ကျေနပ်တဲ့လူစားမျိုး ဖြစ်လို့ထင်ပါရဲ့ကွယ် .."

"ဪ .. စာရေးဆရာဆိုတဲ့လူတွေဟာ ဒီလိုလူစားတွေကိုး .."

"ပြင်သစ်စာရေးဆရာကြီး ဇိုလာဘိုတာ ကြားဖူးသလား ရဲဘော်အောင်ဒင် .."

"မကြားဖူးပါဘူး မမခင် .."

"အဲဒီ ဇိုလာဆိုတဲ့ စာရေးဆရာကြီးဟာ မင်းပြစ်မင်းဒဏ်အသင့်ခံပြီး သူရေးချင်တာတွေကိုရေးခဲ့တဲ့ စာရေးဆရာကြီးပဲကွယ် .."

"ဒီလိုစာရေးဆရာတွေလည်း လောကကြီးမှာ ရှိနေသေးသကိုး .."

"ဒီလိုလူစားမျိုးမှလည်း စာရေးဆရာဖြစ်နိုင်တယ် ရဲဘော်အောင်ဒင် .."

"ဒါထက် မမခင်ကို ကျွန်တော်မေးချင်တာ တစ်ခုရှိတယ် .."

"မေးပါ .."

"စာရေးဆရာတစ်ယောက်ဖြစ်လာနိုင်ဖို့အတွက် ပညာတွေ အများကြီးတတ်ဖို့လိုမလား .. ဟင်.."

"တတ်ထားရင်တော့ ကောင်းသပေါ့ .. ဒါပေမဲ့ ပညာတတ်ထားတိုင်းတော့ စာရေးဆရာမဖြစ်နိုင်ဘူးထင်တယ် .."

"ကျွန်တော်ကတော့ အလယ်တန်းကျောင်းလောက်မှ ဖြောင့်ဖြောင့်တန်းတန်းမနေခဲ့ရလို့ ဒီတစ်သက်မှာ ပညာတတ်တစ်ယောက်ဖြစ်ဖို့ ဝေးပါပြီ မမခင် .."

"စာမေးပွဲအောင်တာနဲ့ ပညာတတ်တာဟာ တခြားစီ ..၊ တစ်ဘာသာစီဖြစ်လို့ ပြဇာတ်ရေးဆရာကြီး ဘားနာဒ်ရှော ဆိုသူက ပြောဖူးတယ်

mgyoe.com

mgyoe.com

ရဲဘော်အောင်ဒင် ..”

“ဩော် .. ဩော် .. ဩော် ..”

“ဒါထက် ရဲဘော်အောင်ဒင်မှာ အခုရော .. ပညာသင်ချင်တဲ့စိတ် ရှိသေးတုန်းပဲလားဟင် ..”

ရဲဘော်အောင်ဒင်အား အကဲခတ်လျက်ရှိရာမှ မမခင်က အကြောင်းအရာအသစ်တစ်ခုကို ရုတ်တရက် ကောက်ခါငင်ကာ မေးလိုက်သည်။

ထိုမေးခွန်းကိုမေးလာသော မမခင်၏မျက်နှာအား ရဲဘော်အောင်ဒင်သည် အတန်ကြာမျှ ငေးစိုက်၍ကြည့်နေလေသည်။ ထို့နောက် သက်ပြင်းကို ခပ်လေးလေးချရင်း ...

“ကျောင်းနေဖို့ထက် ကိုယ့်အသက်လေးတစ်ချောင်းကို မနည်းကြီးကုပ်ကတ်မွေးနေရတဲ့လူတစ်ယောက်ဆိုတော့ စိတ်ကူးလို့တောင်မရပါဘူး မမခင်ရယ် ..”

ဟု ဖြည်းညင်းစွာ ပြန်၍ပြောလိုက်ရသည်။

မမခင်က ပြုံးလိုက်သဖြင့် ပါးချိုင့်လေးများ ပေါ်လာသည်။

“ငယ်ငယ်လေးကတည်းက ကျွန်တော် ဘယ်လောက်ကျောင်းနေချင်ခဲ့တယ်ဆိုတာရယ် .. နည်းနည်းကြီးလာတော့ ကျောင်းနေရအောင် ကျွန်တော် ဘယ်လောက်ထိ ကြိုးစားလာခဲ့တယ်ဆိုတာတွေကို မမခင်များသိရင် သိပ်အံ့သြသွားမယ် ..”

ထိုအကြောင်းကို ပြောဆိုလိုက်စဉ် စစ်သားဟောင်း၏မျက်နှာသည် နပျိုငယ်ရွှယ်လျက်ရှိရာမှ များစွာ ရင့်ရော်အိုမင်း၍သွားလေသည်။

“မမခင် မေးနေတာက ကျောင်းနေဖို့ကိစ္စကို မေးနေတာမဟုတ်ပါဘူး ရဲဘော်အောင်ဒင်ရဲ့ .. ပညာသင်ဖို့ကိစ္စကိုသာ ပြောနေတာပါကွယ်..”

“ကျောင်းနေတာနဲ့ ပညာသင်ကြားတာဟာ ဘာများခြားနားလို့လဲ မမခင် ..”

“ကျောင်းနေတယ်ဆိုတာ အသက်အရွယ်ငယ်တုန်းနဲ့ အချိန်ရှိတုန်းမှ နေလို့ဖြစ်တာ ရဲဘော်အောင်ဒင် .. ဒါပေမဲ့ ပညာသင်တယ်ဆိုတာကတော့ ကိုယ်ကသာ တကယ်သင်ကြားချင်ရင် သေတဲ့အချိန်အထိ သင်လို့ကြားလို့ဖြစ်တယ်ကွယ့် ..”

mgyoe.com

မမခင်၏စကားကို စစ်သားဟောင်းအောင်ဒင်သည် လေးလေးနက်နက် စဉ်းစားခြင်းပြုနေပုံရလေသည်။ မျက်မှောင်ကိုပင် ကုပ်ထားလေသည်။ ထိုသို့ အတန်ကြာမျှ မျက်မှောင်ကုပ်ကာ တွေတွေကြီး စဉ်းစား၍နေရာမှ ...

"ပညာဆိုတာ ဘာလဲဟင် ..မမခင် .."

ဟု လေးလေးနက်နက်ကြီး မေးမြန်းလိုက်မိသည်။

"မမခင် နားလည်ထားတဲ့အတိုင်း ပြောရမယ်ဆိုရင်တော့ ပညာဆိုတာ သဘာဝကြီးတစ်ခုလုံးနဲ့ လူ့လောကကြီးတစ်ခုလုံးမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို လေ့လာတဲ့အလုပ်လို့ ထင်တာပဲ .."

"ဒီလိုဆိုရင် ပညာသင်လို့ ဘယ်ကုန်နိုင်ပါတော့မလဲ မမခင်ရယ်"

"ဒါကို ရဲဘော်အောင်ဒင် လွယ်လွယ်နဲ့ သဘောပေါက်နားလည်ပုံထောက်ရရင် ရဲဘော်အောင်ဒင်ဟာ ပညာတတ်တစ်ယောက်ဖြစ်လာဖို့အတွက် သိပ်မခဲယဉ်းလှဘူးထင်တယ် .."

"ဒါလောက်များပြားလှတဲ့ အကြောင်းအရာ အဖြစ်အပျက်တွေကို ဘယ်လိုလုပ်ပြီး သင်လို့ ကြားလို့ဖြစ်နိုင်ပါ့မလဲ မမခင်ရယ် .."

"ဖြစ်နိုင်ပါတယ် ရဲဘော်အောင်ဒင် .. လောကကြီးမှာ မဖြစ်သေးတာပဲရှိတယ်.. မဖြစ်နိုင်တဲ့အလုပ်ဆိုတာ ရှိကိုမရှိတော့ဘူး .."

"ဘယ်လိုဖြစ်နိုင်တာလဲ .. မမခင် .."

"ပညာသင်တယ်ဆိုတာ တစ်ဖက်က ကိုယ့်အသက်မွေးဝမ်းကျောင်းရတဲ့ အလုပ်ကိုလုပ်ရင်း ကိုယ့်ဘာသာကြိုးစားပြီး ကြံဖန်သင်နိုင်တယ် .. ဖြစ်လည်းဖြစ်နိုင်တယ် .. ဥပမာ .. ကိုယ့်အသက်မွေးဝမ်းကျောင်းတဲ့အလုပ်ကို တစ်ဖက်ကလုပ်ရင်း တစ်နေ့ကို တစ်နာရီပဲဖြစ်ဖြစ် တတ်နိုင်ရင် နှစ်နာရီ သုံးနာရီပဲဖြစ်ဖြစ် သဘာဝနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို လေ့လာနိုင်သားပဲ .. ဒါမှမဟုတ်ရင်လည်း လူ့လောကအကြောင်းနဲ့ပတ်သက်ပြီး ရေးသားထားတဲ့ စာအုပ်စာတမ်းတွေကိုလည်း ဖတ်နိုင်သားပဲ မဟုတ်လား .."

စစ်သားဟောင်းသည် တက္ကသိုလ်ပညာတတ်တစ်ဦးက ကရားမှ ရေလွှတ်သကဲ့သို့ ပြောဆိုနေသော စကားများကို ငိုင်၍ နားထောင်လျက်

mgyoe.com

mgyoe.com

ရှိသည်။ ထိုစကားများကိုကြားရသဖြင့် သူသည် အားတက်သလိုလည်း ဖြစ်လာသည်။ သူ၏မျက်လုံးများသည်လည်း ကြည်လင်တောက်ပ၍ လာကြလေသည်။

မမခင်သည် ၎င်း၏ ကျောင်းမနေရရှာသော ကျောင်းသားကြီးအား အကဲခတ်ကြည့်ရှုလျက်ရှိရာမှ ..

"မမခင်ပြောတာ ဘယ်လိုသဘောရသလဲဟင် .. ရဲဘော်အောင်ဒင်"

ဟု မေးခွန်းထုတ်လိုက်သည်။

"ဟုတ်တယ် မမခင် .. အရင်က ဒီကိစ္စကို ကျွန်တော် တစ်ခါမှ ခုလိုမစဉ်းစားခဲ့ဖူးဘူး .. မမခင်က အခုလိုရှင်းပြတော့လည်း ကျွန်တော် စဉ်းစားမိလာတယ် ..."

"ရဲဘော်အောင်ဒင်လည်း ခုမှ အသက်ငယ်ငယ်ပဲရှိသေးတာ ..ရှေ့ ကိုသာ မမခင် တိုက်တွန်းသလို ကြိုးစားသွားမယ်ဆိုရင် အချိန်တွေ အပုံကြီး ကျန်ပါသေးတယ်ကွယ်၊ တချို့လူတွေဟာ အသက်လေးငါးဆယ် ကျော်ကာမှ ပညာသင်ကြရပြီး ကြီးပွားကောင်းစားသွားကြတာလည်း အများကြီးရှိတယ်၊ နောက်ဆုံးမှာတော့ ဖွဲကောင်းရင် ဖြစ်နိုင်မှာပဲ၊ မမခင်တို့ မြန်မာ စကားပုံတွေထဲမှာတောင် ကြိုးစားက ဘုရားဖြစ်နိုင်သေးတယ်လို့ ဆိုတားသေးတာပဲမဟုတ်လားကွယ် .."

"ကြိုးစားက ဘုရားတောင်ဖြစ်နိုင်သေးတယ် .." ဆိုသော မမခင်၏စကားကို စစ်သားဟောင်းအောင်ဒင်သည် များစွာသဘောကျ နှစ်ခြိုက်သွားလေသည်။ သူသည် အားတက်၍လည်းသွားလေသည်။ ဤလောက ကြီး၌ မလုပ်နိုင်သောအရာသည်မရှိ၊ မဖြစ်သေးသော အရာသာရှိသည် ဆိုသော မမခင်၏ စကားလေးများသည်လည်း သူ၏နားထဲ၌ စွဲမြဲလျက်ရှိသည်။

မမခင် အားပေးတိုက်တွန်းခြင်းပြုသည့်အတိုင်း ယခုအချိန်မှစ၍ ကြိုးစားခြင်းပြုလျှင် သူသည် အဘယ်ကြောင့် ပညာတတ်ကြီးတစ်ဦး ဖြစ် မလာနိုင်ဘဲ ရှိအံ့နည်း။ မမခင်တို့ စံမြန်းလျက်ရှိကြသော မြနန္ဒာရဲတိုက် ကြီးမျိုးကဲ့သို့ ဗိမာန်ကြီးနှင့် သူသည် အဘယ့်ကြောင့် မနေနိုင်ဘဲရှိအံ့နည်း။ ဘုရားပင်လျှင် ဖြစ်နိုင်သေးသည်ဆိုသောအခါ ဤကဲ့သို့သော အခမ်းအနား

mgyoe.com

m g

အဆောင်အယောင်များနှင့်လည်းကောင်း၊ အခြွေအရံ အသင်းအပင်းများနှင့်လည်းကောင်း နေထိုင်ခြင်းပြုရန်မှာ ဘာမျှခက်ခဲလှသောကိစ္စမဟုတ်တော့ချေ။

လူမှန်းသူမှန်းသိလာသော အချိန်အရွယ်မှစ၍ တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ခဲ့ဖူးသော စိတ်ထားနှင့် အာသာဆန္ဒများသည် ယခုအချိန်မှ အစပြု၍ ရဲဘော်အောင်ဒင်၌ တဖွားဖွားပေါ်ပေါက်၍လာလေသည်။ ယခင်က သူသည် ထိုသို့မဟုတ်ခဲ့ချေ။ ရောက်ရာကွေ့၌ ဖြစ်သည့်တက်နှင့် သူ၏လေှကွဲကြီးကို ဖြစ်သလိုလှော်ခတ်ခဲ့သည်။ ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျ၊ ကျသည့်နေရာအရပ်တွင် ကျသလိုနေခဲ့သည်။ သို့ရာတွင် မြန္မာရဲတိုက်ကြီးသို့ အလည်အပတ်ရောက်ရှိလာခဲ့ပြီးနောက် မြန္မာဒေဝီနှင့် တွေ့ဆုံစကားပြောဆိုခြင်းပြုလိုက်ရသောအချိန်ကာလမှစ၍ စစ်သားဟောင်းအောင်ဒင်သည် ယခင်အောင်ဒင်မဟုတ်တော့ချေ။ သူသည် ခေတ်ပညာတတ်ကြီးတစ်ဦးနှင့် လူချမ်းသာကြေးရတတ်ကြီးတစ်ဦး ဖြစ်လာခဲ့ချေပြီ။ အေးချမ်းသာယာသည့် သူ၏အနာဂတ်လမ်းခရီးနှင့် ပန်းတိုင်တို့ကို လေးလေးနက်နက် တွေးတောစဉ်းစားစပြုလေပြီ။

mgyoe.com

mgyoe.com

(၃)

ညှော့ခန်းထဲ၌သာ ထိုင်၍ချည်းစကားပြောဆိုနေကြရသောအခါ ညှော့သည်ရော အိမ်ရှင်ပါ ညောင်းညာ၍လာကြသည်။ ထို့ကြောင့် မမခင်သည် ၎င်း၏ညှော့သည်အား ညှော့ခန်းအတွင်းမှ ၎င်းတို့၏ကျယ်ဝန်းသာယာလှသော ခြံကြီးအတွင်းသို့ စကားတပြောပြောနှင့် ခေါ်ဆောင်သွားလေသည်။ စံပယ်ရုံကြီးများနှင့် နှင်းဆီမြိုင်ကြီးများကို လိုက်လံပြသရင်း မမခင်သည် ၎င်း၏ညှော့သည်အား ညှော့ခံစကားပြောဆိုခြင်းပြုလေသည်။

သို့ရာတွင် "ကြိုးစားက ဘုရားတောင်ဖြစ်နိုင်တယ်" ဆိုသော မမခင်၏ အားပေးတိုက်တွန်းချက်ကို ကြားနာရပြီးကတည်းက ထိုစကားကို အတော်လေး သဘောပေါက်ကာ နှလုံးသွင်းထားမိဟန်ရှိသော စစ်သားဟောင်းသည် ခပ်စောစောကကဲ့သို့ သွက်လက်ခြင်းမရှိလှတော့ဘဲ ခပ်အေးအေး ခပ်ထိုင်းထိုင်းဖြစ်နေသည်။ မမခင်က မေးမှသာ ပြန်၍ဖြေတတ်သော အခြေသို့ ရောက်ရှိနေလေသည်။

"ရဲဘော်အောင်ဒင်မှာ မိဘတွေရော ရှိသေးသလားဟင် .."

စံပယ်ရုံကြီးအနီးသို့ရောက်သောအခါ မြရွက်စိမ်းများအကြား၌ ပွင့်နေသော စံပယ်ပန်းတစ်ပွင့်ကို ဆွတ်ယူရင်း မမခင်က စစ်သားဟောင်း၏ အကြောင်းကို မေးလိုက်သည်။

"ဆုံးသွားကြပြီ မမခင် .."

ရဲဘော်အောင်ဒင်က မမခင်၏လက်ထဲမှ စံပယ်ပန်းကိုငေးကြည့်ရင်း ပြန်ပြောသည်။

mgyoe.com

mgyoe.com


"တော်တော်ကြာပလား .."

"အဖေက ကျွန်တော် ဆယ်နှစ်သားလောက်က ဆုံးတယ် .. အမေကတော့ စစ်ကြီးမဖြစ်ခင် သုံးလေးနှစ်လောက်ကမှ ဆုံးသွားပါတယ် .."

"ညီအစ်ကိုမောင်နှမနဲ့ ဒီပြင်ဆွေမျိုးသားချင်းတွေရော ရှိသေးလား ဟင် .."

"အစ်မတစ်ယောက်ပဲရှိတယ် မမခင် .."

"ဇာတိကတော့ ရန်ကုန်ကပဲပေါ့နော် .. ဟုတ်လား"

"ဒေးဒရဲဘက်ကပါ မမခင် .. ရန်ကုန်ကို ကျွန်တော့်မိဘတွေ ပြောင်းမလာကြခင်က ဒေးဒရဲဘက်မှာ လယ်အလုပ်လုပ်တယ်လို့ ပြောတယ်၊ နောက်တော့ လယ်ကို ချစ်တီးက သိမ်းသွားတာနဲ့ တောမှာ လုပ်ကိုင်စားသောက်ကြဖို့ ကျပ်တည်းလာလို့ ရန်ကုန်ကို ပြောင်းလာခဲ့ကြပြီး သစ်စက်မှာ အလုပ်ဝင်လုပ်တာပဲ .."

"ရဲဘော်အောင်ဒင် အခုနေတော့ အစ်မများနဲ့ပဲနေသလား .."

"ဟုတ်တယ် .. အစ်မများ ယောက်ဖများအိမ်မှာပဲ ကပ်နေရတယ်"

"အစ်မများကရော .. ဘာလုပ်ကြသလဲ .."

"ယောက်ဖက မော်တော်ကားမောင်းစားပါတယ်၊ အရင်ကတော့ မော်တော်ကားဝပ်ရှော့တွေမှာ စက်ပြင်ဆရာလည်းလုပ်ပါတယ် .."

"သြော် .. သြော် .. သြော် .."

စကားဆက်ပြတ်သွားကြပြီးနောက် မမခင်နှင့် ရဲဘော်အောင်ဒင်တို့သည် အင်းလျားကန်စပ်သို့ လျှောက်လာခဲ့ကြသည်။ မမခင်သည် စောစောက ဆွတ်ယူလာခဲ့ကြသော စံပယ်ပွင့်ကို နှာခေါင်းဝတွင်တေ့၍ထားရင်း ငြိမ်သက်သောရေပြင်ကို ငေးမောကြည့်ရှုနေလေသည်။ အသက်အရွယ်နှင့် မလိုက်အောင် ဘဝသံသရာတွင် ချာချာလည်ခဲ့ရသော ၎င်း၏ညော့်သည် အကြောင်းကိုလည်း စဉ်းစားနေမိသည်။ မိမိ၏မောင်အငယ်ဖြစ်သော မောင်မောင်လေး၏ဘဝနှင့် ရဲဘော်အောင်ဒင်၏ဘဝတို့ကိုလည်း နှိုင်းယှဉ်၍ ကြည့်မိသည်။ ယင်းသို့ အတန်ကြာမျှ စကားပြတ်သွားကြပြီးမှ ၎င်းစိတ်ဝင်စား၍ သိရှိလိုသေးသော အကြောင်းအရာများကို မေးမြန်းပြန်လေသည်။

"စစ်တပ်ထဲက ဘာပြုလို့ ထွက်လာခဲ့ရတာလဲ ရဲဘော်အောင်ဒင်"

mgyoe.com

mgyoe.com

တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားလျက်ရှိရာမှ ရဲဘော်အောင်ဒင်သည် မမခင်ကို အလန့်တကြား လှမ်း၍ကြည့်လိုက်သည်။

"တပ်ထဲကတော့ ကျွန်တော့်သဘောနဲ့ကျွန်တော် ထွက်ချင်လို့ ထွက်လာခဲ့တာမဟုတ်ပါဘူး မမခင်၊ လက်ခံရမယ့် စစ်သားဦးရေပြည့်သွားလို့ ကျွန်တော့်ကို လက်မခံကြတော့တဲ့အတွက် မထွက်ချင်ဘဲနဲ့ ထွက်လာခဲ့ရတာပါ .." ဟု ပြန်လည်ပြောဆိုလိုက်သည်။

"ဩော် .. ဒီလိုလား .."

"အခုနေခါသာ တပ်ထဲက ပြန်ခေါ်မယ်ဆိုရင် တပ်ထဲမှာပဲ ပြန်နေချင်တယ် မမခင် .. တပ်ထဲမှာနေရတာလောက် ကျွန်တော့်ဘဝမှာ အပျော်ဆုံးအချိန်ဟာ မရှိတော့ဘူး"

လက်နက်ကိုင်တပ်သားဘဝကို စွဲလမ်းမြတ်နိုးလှပုံရသော ရဲဘော်အောင်ဒင်အား ကရုဏာရိပ်ဝေသော မျက်လုံးများဖြင့် လှမ်းကြည့်ရင်း မမခင်သည် မသိမသာ သက်ပြင်းလေး ချလိုက်မိသည်။ မြင်းလှည်းသမား၊ ဆိုက်ကားသမား၊ မော်တော်ကားစပယ်ယာနှင့် ကွမ်းယာသမားဘဝများထက် အလွန်ကောင်းမွန်ဖွယ်ရာရှိသော စစ်သားဘဝကို ထိုသူငယ် ခုံမင်မြတ်နိုးခြင်းမှာ စင်စစ်တော့ ဆန်းလှသည်ကား မဟုတ်ချေ။ အမျိုးသားလွတ်လပ်ရေးအတွက် အမျိုးသားလက်နက်ကိုင်တပ်များအတွင်း၌ တာဝန်ထမ်းဆောင်ခြင်းသည် မွန်မြတ်သောအလုပ်တစ်ခုပင် မဟုတ်လော။

"တပ်ထဲမှာ ဘယ်အဆင့်အတန်းအထိ ရာထူးရခဲ့ဖူးသလဲဟင် .."

"တပ်ကြပ်ကြီး .. မမခင် .."

"ဩော် .. တပ်ကြပ်ကြီးရာထူးတောင် ရခဲ့ဖူးသကိုး .."

"ဂျပန်သာ တော်တော်နဲ့ လက်နက်မချသေးရင် ကျွန်တော်လည်း ဗိုလ်ဖြစ်ဖို့ အလားအလာအများကြီးရှိသပေါ့.."

ရဲဘော်အောင်ဒင်သည် ဦးခေါင်းကိုထောင်၍ ရင်ကိုကော့ကာ ခပ်ကြွားကြွားလေး ပြောဆိုလိုက်သည်။

"ရဲဘော်အောင်ဒင်က ဗိုလ်ဖြစ်ချင်သေးတယ်ထင်တယ် .. ဟုတ်လား .."

မမခင်က အနည်းငယ်ပြုံး၍ မေးလိုက်သည်။

mgyoe.com

"ဒါကိုတော့ မေးမနေနဲ့ မမခင်၊ ဘာပြုလို့လဲဆိုတော့ တပ်သားတိုင်းဟာ တပ်ကြပ်ကြီးဖြစ်ချင်သလို တပ်ကြပ်တိုင်းဟာ အနည်းဆုံးတော့ ဗိုလ်ဖြစ်ချင်ကြတာချည်းပဲဗျ .."

"ဩော် .. ဒီလိုလား .."

"ဒါတွင်မကသေးဘူး မမခင်၊ ဗိုလ်တိုင်း ဗိုလ်တိုင်းဟာလည်း ဗိုလ်မှူးဖြစ်ချင်ကြသလို ဗိုလ်မှူးတိုင်းဟာလည်း ဗိုလ်ချုပ်ဖြစ်ဖို့ မျှော်လင့်တတ်ကြတယ်ဗျ.."

"ဩော် .. ဒီလိုလား .. အင်း .. အင်း .."

"ကျွန်တော်တို့ အကြပ်သင်တန်းတက်ရတုန်းက ပြင်သစ်ပြည်က နပိုလီယံဆိုတဲ့ စစ်ဘုရင်ကြီးရဲ့အကြောင်းကို သင်ခဲ့ရဖူးတယ် မမခင်.."

"ဆိုစမ်းပါဦးကွယ် .."

"နပိုလီယံဟာ သာမန်စစ်ဗိုလ်ကလေးဘဝက ဗိုလ်ချုပ်ကြီးဘဝကို တက်လာရရုံနဲ့ အားမရနိုင်သေးလို့ နောက်ဆုံး ဧကရာဇ်ဘုရင်ကြီးဘဝကိုတောင် ရယူခဲ့သေးတယ်ဆိုပဲ .."

"ဒါပေမဲ့ ဧကရာဇ်ဘုရင်ကြီး နပိုလီယံရဲ့ ဇာတ်သိမ်းပုံကတော့ ကြေကွဲစရာချည်းပါကွယ် .."

အကြပ်သင်တန်းတွင် စစ်ဗိုလ်ကလေးဘဝမှ ဧကရာဇ်စစ်ဘုရင်ကြီးဘဝသို့ တက်လှမ်းခဲ့သော နပိုလီယံ၏ အကြောင်းမျှလောက်ကိုသာ သင်ကြားရပြီး ထိုစစ်ဘုရင်ကြီး၏ ဇာတ်သိမ်းခန်းကို သင်ကြားခြင်းပြုလာခဲ့ရဟန်မရှိသော ရဲဘော်အောင်ဒင်သည် ရုတ်တရက်သော် ကြောင်စီစီဖြစ်၍ သွားလေသည်။ သူသည် အတန်ကြာမျှ ငိုင်၍နေပြီးမှ ..

"ဒါကိုတော့ အကြပ်သင်တန်းမှာတုန်းက ကျွန်တော် မသင်ခဲ့ရလို့ မသိဘူး မမခင်၊ ဒါထက် အဲဒီစစ်ဘုရင်ကြီးနပိုလီယံဟာ နောက်ဆုံး ဘယ်လိုများ ဇာတ်သိမ်းသွားသလဲဟင် .." ဟု ပြန်၍မေးလိုက်မိသည်။

"ဝါတာလူး ဆိုတဲ့ သူ့ရဲ့နောက်ဆုံးစစ်ပွဲမှာ အရေးနိမ့်ပြီး စိန့်ဟယ်လီနာဆိုတဲ့ ကျွန်းကလေးကို စစ်သုံ့ပန်းအဖြစ်နဲ့ အပို့ခံခဲ့ရတယ်လေ .."

"နောက်ပြီးတော့ကော .. မမခင်" စစ်သားဟောင်းက သိချင်ဇောဖြင့် အလောတကြီးမေးလေသည်။

mgyoe.com

mgyoe.com

"အဲဒီ စိန့်ဟယ်လီနာဆိုတဲ့ ကျွန်းကလေးမှာပဲ သေသွားတယ်လေ"

"ဩော် .. ဩော် .. ဩော် .."

ရဲဘော်အောင်ဒင်သည် စစ်ဘုရင်ကြီးတစ်ဦး၏ ဇာတ်သိမ်းကို သိရှိလိုက်ရသောအခါ ရင်ထဲတွင် ဟာခနဲ ဖြစ်သွားဟန်ရှိသည်။

တပ်သားတစ်ယောက်နှင့် စစ်ဘုရင်ကြီးတစ်ဦးတို့၏အကြောင်းကို ပြောဆိုကြရင်း မမခင်သည် စစ်သားဟောင်းကို လှေဆိပ်သို့ ခေါ်ဆောင်လာခဲ့လေသည်။ လှေဆိပ်သို့ရောက်သောအခါ ..

"ရဲဘော်အောင်ဒင် .. လှေလှော်တတ်သလားဟင်.." ဟု မမခင်က မေးမြန်းလိုက်သည်။

"လှော်တတ်သားပဲ မမခင်၊ အရင် စစ်ကြီးမဖြစ်ခင်က ရန်ကုန်နဲ့ ဒလအကြားမှာတောင် ခေါ်တောကုလားတွေနဲ့အတူ သမ္ဗန်ခတ်ခဲ့ဖူးသေးတာပဲ.."

"ဟင် .. ရဲဘော်အောင်ဒင် သမ္ဗန်ခတ်ဖူးသလား .."

စစ်သားဟောင်းက ကြွားကြွားဝင့်ဝင့်နှင့် ဦးခေါင်းကို ညိတ်ပြလိုက်သည်။

"ဒါဖြင့် ရေကော ကူးတတ်မှာပေါ့ .."

"တတ်ပါတယ် .."

"ဒါဖြင့် မောင်မောင်လေး ကျောင်းကအပြန်ကိုစောင့်ရင်း မမခင်တို့ အပျင်းပြေလှေစီးကြရအောင်နော် .. ဟုတ်လား .. ရဲဘော်အောင်ဒင်.."

ဤသို့ နှစ်ယောက်သား စကားတပြောပြောနှင့် လှေစီးကြရင်း နေ့ခင်းပိုင်းလောက်က ဧည့်ခန်း၌ပြောဆိုခဲ့ကြသော စာရေးဆရာ၊ ကဗျာဆရာနှင့် စာပေကဗျာများအကြောင်းသို့ ရောက်ရှိသွားကြပြန်လေသည်။ စစ်သားလူထွက်တစ်ယောက်က ကဗျာနှင့်စာပေအကြောင်းကို စိတ်အား ထက်သန်စွာ ပြောဆိုခြင်းကို မမခင်သည် အံ့ဩဝမ်းသာမိသည်။ ယခင်က စရိုက်ကြမ်းတမ်းသော စစ်သားတစ်ဦးသည် သိမ်မွေ့နူးညံ့သော စာပေ အနုပညာရပ်များကို ဤမျှစိတ်ဝင်စားခြင်းရှိလိမ့်မည်ဟု မမခင်သည် အနည်းငယ်မျှ မမျှော်လင့်ခဲ့ချေ။ တကယ်ဆိုတော့ စစ်ကြီးမဖြစ်ပွားမီကပင် ဝိဇ္ဇာတန်းကို မြန်မာစာဂုဏ်ထူးနှင့် အောင်မြင်ခဲ့ပြီးနောက် မဟာဝိဇ္ဇာတန်းတက်

mgyoe.com

mgyoe.com


ရင်း တစ်ဖက်က နည်းပြဆရာမ လုပ်ခဲ့ဖူးသော မမခင်သည် ပညာရှိဖြစ် သော်လည်း သတိဖြစ်ခဲခြင်းသာဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာစာဆိုတော်ကြီးများဖြစ်ကြကုန်သော နတ်ရှင်နောင်၊ နဝဒေးကြီးနှင့် လျော်ကားသုံထောင်မှူးတို့သည် စစ်ထွက်ရင်း မတိမ်မြုပ်နိုင်သော ရတုကဗျာ တို့ကို ဖွဲ့နွဲ့ရေးသားခြင်း ပြုခဲ့ကြသည်မဟုတ်လော။

ရဲဘော်အောင်ဒင်သည် လေ့ကို ခပ်လေးလေး ခပ်မှန်မှန်လျော်ခတ် ၍နေရာမှ ....

"ဇော်ဂျီရေးတဲ့ မဟာဆန်ချင်သူပြဇာတ်နဲ့ သကုဏ္ဍလပြဇာတ်တွေ ကို ကျွန်တော် ဖတ်ရဖူးတယ် .. မမခင်၊ မဟာဆန်ချင်သူ ပြဇာတ်ထဲက ဦးရွှေနှောင်းဆိုတဲ့ လူကြီးနဲ့ သကုဏ္ဍလပြဇာတ်ထဲက သကုဏ္ဍလ ဆိုတဲ့ မင်းသမီးလေးဟာ ကျွန်တော့်မျက်စိထဲက တော်တော်နဲ့မထွက်တော့ဘူးဗျ"

ဟု အားရပါးရ ပြောဆိုလိုက်သည်။

ရန်ကုန်နှင့်ဒလအကြား သမ္ဗန်ပင်ခတ်ခဲ့ဖူးသော လူငယ်တစ်ဦးက ကမ္ဘာကျော်ပြဇာတ်ကြီးနှစ်ပုဒ်ကို ဖတ်ရဖူးသည်ဟု ဆိုလိုက်သောအခါ မမခင်သည် များစွာ အံ့သြ၍သွားလေသည်။ သို့ရာတွင် ထိုပြဇာတ်များကို မူရင်းရေးသားသူမှာ ဇော်ဂျီမဟုတ်သည့်အကြောင်းကို ရှင်းပြရန် တာဝန် ရှိသဖြင့် .."အဲဒီပြဇာတ်တွေကို ဆရာဦးသိန်းဟန်ရေးတာ မဟုတ်ဘူးကွယ့်.. ရဲဘော်အောင်ဒင်၊ ဘာသာပြန်ထားတာ .." ဟု ပြောကြားလိုက်ရသည်။

"ဩ .. ဟုတ်လား .." စစ်သားဟောင်းသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မဟာဆန်ချင်သူ ဆိုတဲ့ပြဇာတ်က ပြင်သစ်ပြဇာတ်ရေးဆရာကြီး မိုးဆိုလျဲ ဆိုသူကရေးတဲ့ပြဇာတ်ကို ဘာသာပြန်တာ၊ သကုဏ္ဍလဆိုတာက တော့ အိန္ဒိယပြဇာတ်နဲ့ ကဗျာဆရာကြီး ကာလီဒါသ ရေးတဲ့ သက်ရိုက်ပြ ဇာတ်ကို ဘာသာပြန်ထားတာကွယ့် .. ရဲဘော်အောင်ဒင် .."

"မိုးလျဲ ဆိုတဲ့ ပြဇာတ်ရေးဆရာကြီးကိုတော့ ကျွန်တော်မကြားဖူး လို့မသိဘူး၊ ကာလီဒါသကိုတော့ အရင်စစ်ကြီးမဖြစ်ခင်က စာရေးဆရာနဲ့ ကဗျာဆရာ မင်းရှင်နောင် ရေးဖို့ ဖတ်ဖူးတယ် .."

"မင်းရှင်နောင်တို့လို တက္ကသိုလ်ကျောင်းတိုက် အပြင်အပက စာ

mgyoe.com

mgyoe.com

ရေးဆရာတွေထဲက တခြားဘယ်သူတွေရေးတဲ့စာတွေကိုကော ဖတ်ဖူးသေးလဲ.. ဟင် .. ရဲဘော်အောင်ဒင် .."

"ဖတ်တာကတော့ တွေ့ကရာဖတ်တာပါပဲ မမခင်၊ ဒါပေမဲ့ ကျွန်တော်အကြိုက်ဆုံးနဲ့ အလေးစားဆုံး စာရေးဆရာကြီးကတော့ မဟာဆွေပဲ၊ နောက်ပြီးတော့ တက်ဘုန်းကြီး သိန်းဖေ၊ ဒဂုန်ခင်ခင်လေး၊ ရွှေလင်းယုန်နဲ့ ရွှေဥဒေါင်းတို့ရေးတဲ့စာတွေကိုလည်း ဖတ်ဖူးတယ်၊ ဆရာကြီး ပီမိုးနင်းရေးတဲ့ ကျမ်းတွေကိုလည်း ဖတ်ဖူးတယ်.."

"ရဲဘော်အောင်ဒင်က တော်တော်စာဖတ်ဖူးတယ်ထင်တယ် .. ဟုတ်လား .."

"စာဖတ်ဝါသနာပါတာကိုတော့ မငြင်းနဲ့တော့ မမခင်၊ ဒါပေမဲ့ စာကောင်းကောင်းဖတ်ဖို့အခွင့်အရေးနဲ့ အချိန်ကို မရခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စားဖို့သောက်ဖို့ လုပ်နေကိုင်နေရတာကလည်းတစ်ကြောင်း၊ နောက်ပြီးတော့ စာအုပ်ကလည်း ငှားဖို့ ရမ်းဖို့ သိပ်မလွယ်လှတာကတစ်ကြောင်းမို့ပါ .."

"ရဲဘော်အောင်ဒင် စာဖတ်ဝါသနာပါရင်တော့ တစ်နေ့တော့မှပဲ မမခင်တို့အိမ်က စာကြည့်တိုက်ကို ပြရဦးမယ် .."

"ဩ .. မမခင်တို့အိမ်မှာ စာကြည့်တိုက်သပ်သပ်ထားတာလား ဟင် .."

ကိုယ်ပိုင်စာကြည့်တိုက်ထားလေ့ရှိသော အထက်တန်းပညာတတ်များ၏အကြောင်းကို ဘာမှမသိရှိသော စစ်သားဟောင်းက အလန့်တကြား မေးမြန်းခြင်းပြုလိုက်သည်။

"စာအုပ်အမျိုးပေါင်း သုံးထောင်လောက်တော့ ရှိလိမ့်မယ်ထင်တယ်၊ ဒါပေမယ့် အင်္ဂလိပ်စာအုပ်တွေက ပိုများတယ် .."

"မြန်မာစာအုပ်တွေကော .. များများမထားဘူးလားဟင် မမခင်.."

"ထားသင့်သလောက်တော့ ထားပါတယ်၊ ဒါ့ထက် ရဲဘော်အောင်ဒင် .. အင်္ဂလိပ်စာအုပ်တွေကိုကော .. မဖတ်ဘူးလား .."

"ဖတ်တော့ သိပ်ကိုဖတ်ချင်တာပေါ့ မမခင်၊ ဒါပေမဲ့ ကျွန်တော် အင်္ဂလိပ်စာအခြေခံက သိပ်အားနည်းတော့ ဖတ်လို့ ဘာမှနားမလည်ဘူး"

mgyoe.com

mgyoe.com


"အဓိပ္ပာယ်နားလည်အောင် အဘိဓာန်စာအုပ်ထားပြီး ဖတ်နိုင်သားပဲမဟုတ်လား၊ ဒီလိုပဲ ကြိုးစားပြီးဖတ်ရတာပေါ့ကွယ် .."

"အရင်က အိုင်ဗင်ဟိုး ဆိုတဲ့ အင်္ဂလိပ်စာအုပ်ကို အဘိဓာန်စာအုပ်ဘေးချပြီး ဖတ်ကြည့်ဖူးတယ် မမခင်၊ ဒါပေမဲ့ စာတစ်ကြောင်းတစ်ကြောင်းမှာ မတွေ့ဖူး မကြားဖူးတဲ့ စကားလုံးက အနည်းဆုံး နှစ်လုံးသုံးလုံးလောက်ပါပါနေတော့ နောက်ဆုံးလက်လျှော့လိုက်ရတာပါပဲဗျာ .."

"ဉာဏ်ကောင်းကောင်းနဲ့ ကြိုးစားဖတ်ရင် ရနိုင်ပါတယ် ရဲဘော်အောင်ဒင် .. ပြီးတော့ မမခင်လည်း တတ်နိုင်သလောက် အကူအညီပေးပါ့မယ် .."

တစ်သက်နှင့်တစ်ကိုယ်တွင် အဘယ်သူတစ်ဦးတစ်ယောက်ထံမှ ဘာအကူအညီမျှ မတောင်းခံမရရှိခဲ့ဖူးသော စစ်သားဟောင်းအောင်ဒင်သည် တတ်နိုင်သလောက် အကူအညီပေးပါမည်ဆိုသော ကတိဝန်ခံချက် စကားကို မမခင်ထံမှ ကြားလိုက်ရသောအခါ တော်တော်လေး ချောက်ချား၍သွားလေသည်။ သူ၏နားကိုပင်လျှင် ကောင်းစွာစိတ်ချယုံကြည်ခြင်းမပြုနိုင်သကဲ့သို့ မြန္မာဒေဝီအား ပါးစပ်အဟောင်းသားနှင့် ငေးမောကြည့်ရှုနေမိသည်။

"အင်္ဂလိပ်စာက ကမ္ဘာသုံးဘာသာစကားကြီးတစ်ခုဖြစ်လေတော့ တတ်ရင်ကောင်းတယ်၊ တတ်ဖို့ဆိုတာက ကြိုးစားပြီးလေ့လာရင် ဖြစ်နိုင်တယ် ရဲဘော်အောင်ဒင် .."

မမခင် ပြောဆိုသောစကားများကို စစ်သားဟောင်းသည် ပါးစပ်အဟောင်းသားနှင့် ငေးမောနားထောင်နေသည်။ ဘာမျှလည်း ပြန်၍မမေးမိချေ။

"အင်္ဂလိပ်စာကို ကောင်းကောင်းတတ်လာအောင်နဲ့ အင်္ဂလိပ်စာအုပ်တွေပါ ရဲဘော်အောင်ဒင် ကောင်းကောင်းကြီးဖတ်လာနိုင်အောင် မမခင်နည်းလမ်းလည်းပေးမယ်၊ အကူအညီလည်းပေးမယ်၊ ရဲဘော်အောင်ဒင်က ဉာဏ်ကောင်းကောင်း ဝီရိယကောင်းကောင်းနဲ့ ကြိုးစားဖို့လိုလိမ့်မယ် .."

"ဖြစ်နိုင်ပါ့မလား မမခင် .."

မိမိ၏ကိုယ်ကို သံသယရှိနေတုန်းဖြစ်သော စစ်သားလူထွက်က မရဲတရဲနှင့် ပြန်၍မေးလိုက်သည်။

mgyoe.com

"ဘုရားတောင်ဖြစ်နိုင်သေးတယ်လို့ ဆိုထားတာပဲ ရဲဘော်အောင်ဒင်ရယ် .. လောကကြီးမှာ မဖြစ်နိုင်တာရယ်လို့ မရှိတော့ပါဘူးကွယ် .."

"ကျွန်တော်က ဘာမှ အခြေခံမရှိတဲ့လူတစ်ယောက်မို့လို့ မေးမိတာပါ မမခင်၊ တကယ်သာဖြစ်နိုင်ရင်တော့ ကျွန်တော် ကြိုးစားကြည့်ချင်တယ်"

"ရဲဘော်အောင်ဒင် .. တကယ်ကြိုးစားမလားဟင် .."

"ဖြစ်နိုင်မယ်ဆိုရင်တော့ ကျွန်တော်ကြိုးစားပါ့မယ် .."

"ဒီလိုကြားရတာ မမခင် ဝမ်းသာတယ် ရဲဘော်အောင်ဒင်၊ မမခင်လည်း အတတ်နိုင်ဆုံး ကူညီပါ့မယ်ကွယ် .."

"ဝမ်းသာလိုက်တာ မမခင်၊ နောက်ပြီးတော့ မမခင်ကိုလည်း ဘယ်လိုကျေးဇူးဆပ်ရမှန်းကိုတောင် ကျွန်တော် မပြောတတ်တော့ဘူးဗျ.."

"မလိုပါဘူး ရဲဘော်အောင်ဒင်၊ မမခင်တို့ဖေဖေကို ရဲဘော်အောင်ဒင် ကယ်ဆယ်ခဲ့တဲ့ကျေးဇူးထက်စာရင် ဒါက မဖြစ်လောက်သေးပါဘူးကွယ် .."

အနှစ်နှစ်အလလက ၎င်းမျှော်လင့်ထားခဲ့သော ပညာသင်ကြားတတ်မြောက်ရေး၏ လမ်းစကို မမခင်က ဖွင့်ပေးလိုက်ပြီဖြစ်၍ ရဲဘော်အောင်ဒင်သည် အတိုင်းထက်အလွန် အားတက်ဝမ်းသာ၍သွားလေသည်။

mgyoe.com

mgyoe.com

(၄)

ည (၇) နာရီခန့်တွင် မြန္မာ့ရဲတိုက်ကြီး၌ စစ်သားဟောင်းတစ်ဦးအား အိမ်ကြီးရှင်များက ဂုဏ်ပြုညစာထမင်းပွဲကို တည်ခင်းကျွေးမွေးကြသည်။ အရေးပေါ်စီမံရသော ညစာစားပွဲပင်ဖြစ်စေကာမူလည်း တကယ့်ဧည့်ကြီးဧည့်ကောင်းကဲ့သို့ အညတရအောင်ဒင်အား ခမ်းခမ်းနားနား ဖွယ်ဖွယ်ရာရာ ကျွေးမွေးခြင်းပြုကြသည်။

ကန်ထဲ၌ လှေစီးကြပြီးနောက် ညနေလေးနာရီသာသာတွင် ကျောင်းမှ အိမ်သို့ပြန်ရောက်ရှိလာသော မောင်မောင်လေးအား မမခင်က ရဲဘော်အောင်ဒင်နှင့် မိတ်ဆက်ပေးလေသည်။ ၎င်း၏ဖခင်အား သေတွင်းမှ ရဲရဲဝံ့ဝံ့ကယ်ဆယ်ခဲ့သော စစ်သားဟောင်းတစ်ဦးကို တွေ့လျှင်တွေ့ချင်း တက္ကသိုလ်ကျောင်းသားတစ်ဦးက ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းတစ်ဦးအဖြစ်ဖြင့် အသိအမှတ်ပြု လက်ခံခြင်းပြုလေသည်။ မိမိနှင့် သက်တူရွယ်မျှသာဖြစ်သော်လည်း မိမိထက် လူကောင်အားဖြင့် ထွားကျိုင်းသန်မာသော ရဲဘော်အောင်ဒင်ကို မောင်မောင်လေးက များစွာ အံ့သြလျက်ရှိသည်။

အိမ်သို့ပြန်ရောက်၍ အဝတ်အစားလဲပြီးနောက် ရဲဘော်အောင်ဒင်အား ၎င်းနှင့်အတူ တင်းနစ်ဘောလုံးကစားရန် မောင်မောင်လေးက ဖိတ်ကြားသည်။ သို့ရာတွင် တင်းနစ်ဘောလုံးကစားသည်ကို အဝေးမှသာ ကြည့်ဖူးမြင်ဖူး၍ 'ရက်ကက်' ကိုပင် မကိုင်ဖူးသော စစ်သားလူထွက်က ၎င်း၏ထုံးစံအတိုင်း မကစားတတ်ကြောင်းနှင့် မကစားဖူးကြောင်း ခပ်ရှင်းရှင်း

mgyoe.com

mgyoe.com

ပြောပြလိုက်သဖြင့် မောင်မောင်လေးနှင့် မမခင်တို့ မောင်နှမနှစ်ယောက်သာ ကစားကြလေသည်။

မမခင်နှင့် မောင်မောင်လေးတို့မောင်နှမနှစ်ယောက် နာရီဝက်သာ သာခန့်မျှ တင်းနစ်ဘောလုံးကစားကြပုံ၊ တစ်ယောက်နှင့်တစ်ယောက် ကြင်ကြင်နာနာ ယုယုယယ ပြောဆိုဆက်ဆံကြပုံနှင့် အရေးပေးအလိုလိုက်ပုံများကို ကွင်းဘေးမှ ထိုင်၍ကြည့်နေ၊ မြင်နေရသော ရဲဘော်အောင်ဒင်သည် သူတို့မောင်နှမကို များစွာ အားကျမိလေသည်။ ၎င်းအပြင် တစ်ဦးနှင့်တစ်ဦး မလွှဲသာ မကင်းသာ၍ ဆက်ဆံခြင်းပြုနေကြသော ၎င်းတို့မောင်နှမ၏ဖြစ်အင်နှင့် ဘဝတို့ကိုလည်း နှိုင်းယှဉ်စဉ်းစားမိလေသည်။ မြန္မာရဲတိုက်ကြီးမှ ထိုမောင်နှမနှစ်ယောက်ကတော့ တစ်ဦးကိုတစ်ဦး ခင်မင်ယုယကြသလောက် မိမိတို့မောင်နှမကတော့ အဘယ်ကြောင့် ထိုကဲ့သို့ ခင်မင်ယုယခြင်းမရှိခဲ့ကြသနည်း။ ထိုအဖြစ်နှင့် ထိုအကြောင်းကို စဉ်းစားမိသဖြင့် ရဲဘော်အောင်ဒင်သည် ဝမ်းနည်းသလိုဖြစ်လာသည်။ သို့ရာတွင် ငယ်ရွယ်သော စစ်သားဟောင်းသည် အကြောင်းရင်းကို မစဉ်းစား မရှာဖွေတတ်ချေ။

တင်းနစ်ဘောလုံးကစား၍ ပြီးစီးသွားသောအခါ မောင်မောင်လေးက ရဲဘော်အောင်ဒင်အား ၎င်းနှင့်အတူ အပျင်းပြေရေကူးရင်း ရေချိုးရန် အတင်းခေါ်သဖြင့် စစ်သားဟောင်းသည် တက္ကသိုလ်ကျောင်းသားနှင့်အတူ ရေကူးခြင်းပြုလေသည်။ တင်းနစ်ဘောလုံးကစားဖို့အတွက် ဖိတ်မန္တကပြုစဉ်က အညှံ့ခံခဲ့ရသော စစ်သားဟောင်းအောင်ဒင်သည် ရေကူးကြသောအခါ၌ သူဌေးသားမောင်မောင်လေးကို အပြတ်အသတ်အနိုင်ယူလိုက်လေသည်။ ရှေ့ကျွမ်း နောက်ကျွမ်းနှင့် လေကျွမ်းအမျိုးမျိုးကို မောင်မောင်လေးက ငေးမော၍ကြည့်နေရအောင် ထိုးပြပြီးနောက် ရေကိုလည်း အလှကူး၊ အမြန်ကူးနှင့် နောက်ပြန်ကူးအမျိုးမျိုး ကူးပြလိုက်သည်။

ရေမိုးချိုးပြီးကြသောအခါ မမခင်က မောင်မောင်လေးအား ရဲဘော်အောင်ဒင်မသိရအောင် မျက်ရိပ်ပြခေါ်ငင်သွားပြီးနောက် တစ်စုံတစ်ရာကို တီးတိုးမှာကြားပြောဆိုခြင်းပြုလေသည်။ ထို့ကြောင့် ၎င်း၏စုတ်ပြတ်နံစော်နေသော စစ်ယူနီဖောင်းအဟောင်းကြီးကို ပြန်လည်ဝတ်ဆင်မည်ပြုနေသော စစ်သားဟောင်းအား မောင်မောင်လေးက တားဆီးလိုက်ပြီးလျှင် ၎င်း၏

mgyoe.com

mgyoe.com


ပြည့်ကျပ်၍နေသော အဝတ်အစားဗီရိုကြီးထဲမှ တစ်ခါမျှ မဝတ်ရသေးသော လုံချည်သစ်နှင့် အင်္ကျီသစ်များကို အတင်းအကျပ်ဝတ်ခိုင်းလေသည်။ ရဲဘော်အောင်ဒင်သည် အစပထမ၌ ငြင်းဆန်ခြင်းပြုလေသည်။ သူ၏အမူအရာမှာ သိမ်ငယ်သလိုလို၊ ရှက်သလိုလိုဖြစ်နေသည်။ သို့ရာတွင် မောင်မောင်လေးက ရင်းရင်းနှီးနှီးနှင့် အတင်းအကျပ်ဝတ်ခိုင်းနေသောအခါ ဝတ်ဆင်ခြင်းပြုလေသည်။ မောင်မောင်လေးက အဝတ်ခိုင်းသော အဝတ်အစားများကို ဝတ်ဆင်ရာ၌ လုံချည်မှာမူ ဘာမျှပြောစရာမရှိသော်လည်း ရှပ်အင်္ကျီကိုမူကား ကျပ်ကျပ်တည်းတည်းနှင့် ဝတ်ဆင်ခြင်းပြုရလေသည်။

ညစာစားသောက်ကြသောအခါ၌ မောင်မောင်လေးနှင့် မမခင်တို့ မောင်နှမနှစ်ယောက်က ရဲဘော်အောင်ဒင်အား သူ့ထက်ငါဝိုင်း၍ အရေးပေးလျက်ရှိကြသည်။ မောင်နှမနှစ်ယောက်စလုံးက သူ့ထက်ငါ ဟင်းများခပ်၍ ရဲဘော်အောင်ဒင်၏ ထမင်းပန်းကန်ထဲသို့ ထည့်ပေးကြရင်း အားရပါးရနှင့် မြိန်မြိန်ရှက်ရှက် စားဖို့ရန်အတွက် တိုက်တွန်းပြောဆိုကြလေသည်။ မောင်မောင်လေးနှင့် မမခင်တို့၏မိခင် ဒေါ်မြစိန်ကတော့မူ .. "ဘာမှ အားမနာနဲ့နော် .. ရဲဘော်အောင်ဒင် .." ဟူ၍လောက်သာ လူကြီးပီပီ ပြောဆိုသည်။ ညစာစားခါစက ခပ်တွန့်တွန့် ခပ်လျှိုလျှိုဖြစ်နေသော်လည်း တော်တော်ကလေးကြာအောင် ထိုင်စားမိသည်နှင့်တစ်ပြိုင်နက် အနှစ်နှစ်အလလက ငတ်မွတ်လာခဲ့ဟန်ရှိသော ရဲဘော်အောင်ဒင်သည် အနည်းငယ်မျှ တွန့်ဆုတ်ခြင်းရှိမနေတော့ဘဲ ထမင်းကို တစ်လုတ်ပြီးတစ်လုတ် အဆက်မပြတ်အောင် ပါးစပ်ခေါင်းထဲသို့ သွတ်သွင်းခြင်းပြုလေသည်။ အိမ်သားများက ထမင်းတစ်ပန်းကန်မျှ မရှင်းလင်းနိုင်မီ စစ်သားဟောင်းသည် ထမင်းနှစ်ပန်းကန်မျှကို ပြောင်သွားအောင် တွယ်ပစ်လိုက်သည်။ ရဲဘော်အောင်ဒင်၏ စားနိုင်သောက်နိုင်ပုံကို မသိမသာအကဲခတ်ကြည့်နေသော မမခင်သည် စစ်သားဟောင်းအား သဘောကျသလိုရှိနေသည်။

ညစာ စားသောက်၍ ပြီးစီးကြသောအခါ ဒေါ်မြစိန်က လူငယ်များ လွတ်လွတ်လပ်လပ် နေထိုင်စကားပြောဆိုနိုင်ကြစေရန်အတွက် အိမ်အပေါ်ထပ်သို့ ပြန်တက်၍သွားသည်။ မောင်မောင်လေးနှင့် မမခင်တို့က စစ်သားဟောင်းအား ဧည့်ခန်းဘက်သို့ ခေါ်ဆောင်သွားကြပြီးနောက် နာရီဝက်

mgyoe.com

mgyoe.com

သာသာခန့်မျှ စကားပြောဆိုကြသည်။ မောင်မောင်လေးက အတင်းအဓမ္မ ခိုင်းစေသောကြောင့် မမခင်က ရဲဘော်အောင်ဒင်အတွက် မြန်မာကာလပေါ် သီချင်းတစ်ပုဒ်ကို စန္ဒရားနှင့် သီဆိုတီးပြခြင်းပြုလေသည်။ မမခင်အလှည့် ပြီးသွားသောအခါ မောင်မောင်လေးက ဗရင်ဂျီဘုန်းကြီးကျောင်းထွက်ပီပီ အီတာလျံသီချင်းတစ်ပုဒ်ကို စန္ဒရားနှင့် သီဆိုတီးပြသည်။ ထိုသို့ မောင်နှမ နှစ်ယောက်တို့က ၎င်းအား စန္ဒရားနှင့် လေးလေးစားစား ခင်ခင်မင်မင် ဧည့်ခံနေခိုက် စစ်သားဟောင်းသည် ပါးစပ်ကြီးအဟောင်းသားနှင့် ငြိမ်သက်စွာ ငေးမော၍ နားထောင်လျက်ရှိလေသည်။

မောင်မောင်လေးသည် ၎င်း၏ အီတာလျံသီချင်းတစ်ပုဒ်ကို သီဆိုတီးခတ်ပြီးသွားသောအခါ ရဲဘော်အောင်ဒင်အား ငယ်ရွယ်သူတို့ဘာဝ အလုပ်တစ်ခုကို အတင်းအကျပ် ခိုင်းစေခြင်းပြုလေသည်။ ထိုအလုပ်မှာ အခြားတော့ကားမဟုတ်။ သုံးနှစ်ကျော်မျှ စစ်မှုထမ်းခဲ့သည့်အခိုက် တိုက်ခိုက်ခြင်းပြုခဲ့ရသော တိုက်ပွဲတစ်ပွဲအကြောင်းကို ပြောပြဖို့ တိုက်တွန်းစေခိုင်းခြင်းပင်ဖြစ်လေသည်။

ဘီအိုင်အေတပ်သားဘဝနှင့် ဗြိတိသျှကြေးစားတပ်များကိုလည်းကောင်း၊ မျိုးချစ်ဗမာ့တပ်မတော်သားဘဝနှင့် ဖက်ဆစ်ဂျပန်တပ်များကိုလည်းကောင်း၊ တိုက်ပွဲပေါင်း သုံးဆယ်သာသာခန့်မျှ တိုက်ခိုက်ခဲ့ဖူးသော စစ်သားဟောင်းသည် ၎င်း၏တပ်မတော်သားဘဝတွင် အစွန့်စားဆုံး တိုက်ခိုက်ခြင်းပြုခဲ့ရသော "မိုးရာသီ မြစ်ကြိုးတိုက်ပွဲ" အကြောင်းကို နားထောင်နေသော တစ်ဖက်သား၏မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် ပေါ်လာအောင် အသေးစိတ်ပြောပြခြင်းပြုလေသည်။ မောင်မောင်လေးနှင့် မမခင်တို့ မောင်နှမနှစ်ယောက်သည် စစ်သားဟောင်းအောင်ဒင်က အသေးစိတ်ပြောပြလျက်ရှိသော တိုင်းအမှတ် (၄)၊ မိုးရာသီ မြစ်ကျိုးတိုက်ပွဲ၏အကြောင်းကို အသက်ပင်မရှူနိုင်ဘဲ နားထောင်လျက်ရှိကြလေသည်။

ည (၈) နာရီခန့်တွင် ၎င်းတို့တိုက်မှ မော်တော်ကားကလေးနှင့် ရဲဘော်အောင်ဒင်အား မောင်မောင်လေးနှင့် မမခင်တို့မောင်နှမနှစ်ယောက်က မြို့ထဲသို့လိုက်၍ ပို့ပေးကြသည်။ မြို့တွင်းသို့ရောက်သောအခါ ရဲဘော်အောင်ဒင် သွားလိုရာအရပ်ကို မေးမြန်းခြင်းမပြုကြသေးဘဲ ညဈေးတန်း

mgyoe.com

အထည်တိုက်ကြီးတစ်တိုက်သို့ မောင်မောင်လေးသည် ၎င်း၏အစ်မ စေခိုင်းသည့်အတိုင်း မော်တော်ကားကို မောင်းလာခဲ့သည်။ အထည်တိုက်ရှေ့တွင် မော်တော်ကားကို ရပ်လိုက်ပြီးနောက် ရဲဘော်အောင်ဒင်ကိုပါ အထည်တိုက်အတွင်းသို့ ခေါ်ဆောင်သွားပြီးလျှင် လုံချည်၊ အင်္ကျီ၊ အတွင်းခံဘောင်းဘီနှင့် စွပ်ကျယ်၊ ဖိနပ် စသည်တို့ကို မမခင်ကိုယ်တိုင် ရွေးချယ်ဝယ်ခြမ်းခြင်း ပြုလေသည်။

အထည်တိုက်အတွင်းမှ ထွက်လာကြသောအခါ ၎င်း၏နေအိမ်သို့ လိုက်ပို့ပေးရန်အတွက် မည်သည့်အရပ်နှင့် မည်သည့်လမ်းသို့ လိုက်လံပို့ပေးရမည့်အကြောင်းကို မော်တော်ကားမောင်းရသော မောင်မောင်လေးက မေးမြန်းလိုက်သည်။ နတ်ဘုံနတ်နန်းတမျှ ခမ်းနားကြီးကျယ်လှသော ရဲတိုက်ကြီးအတွင်း၌ စံမြန်းနေထိုင်လျက်ရှိကြသူများအား စစ်သားဟောင်း အောင်ဒင်သည် ၎င်းခိုလှုံနေထိုင်လျက်ရှိသော ပုဇွန်တောင်ဘက် ချောင်ကြိုချောင်ကြားမှ တဲအိမ်စုတ်ကို ပြသခြင်းမပြုလိုလှချေ။ ယခင်က ရှက်တတ်ခြင်းမရှိသော စစ်သားဟောင်းသည် ရှက်သလိုလို၊ သိမ်ငယ်သလိုလို ဖြစ်နေသည်။ ထို့ကြောင့် ၎င်းအား နေအိမ်သို့ လိုက်လံပို့ဆောင်ပေးရန်မလိုဘဲ ပုဇွန်တောင် လိပ်ကန်ပန်းခြံအနီးသို့သာ ပို့ပေးရန် မောင်မောင်လေးအား ပြောဆိုလိုက်သည်။ စင်စစ်တော့ ရဲဘော်အောင်ဒင်သည် ၎င်း၏ဘဝမှန်နှင့် အခြေမှန်ကို ယခင်ကာလများက ပုန်းရှောင်ခြင်းပြုတတ်သော သတ္တဝါတစ်ကောင်ကား မဟုတ်ခဲ့ချေ။ ယခုမူ မြနန္ဒာရဲတိုက်ကြီး၏ အရှိန်အဝါကြောင့် သူသည်လည်း တစ်မျိုးတစ်မည် ပြောင်းလွဲဖောက်ပြန်လာခဲ့ဟန်ရှိလေသည်။

ပုဇွန်တောင် လိပ်ကန်ပန်းခြံထောင့်တွင် ၎င်းတို့၏ ဧည့်ကြီးစောင်ကောင်းအား ချထားပေးခဲ့ပြီးနောက် ၎င်းတို့၏ဖခင် အိန္ဒိယမှ ပြန်ရောက်လာမည့် တစ်ပတ်ခန့်အကြာတွင် မြနန္ဒာသို့ ဆက်ဆက်လာလည်ဖြစ်အောင် လာလည်ရန် မမခင်က ရဲဘော်အောင်ဒင်အား ထပ်မံဖိတ်ကြားခြင်းပြုလေသည်။

"ဆက်ဆက်လာနော် .. ရဲဘော်အောင်ဒင် .. မမခင်တို့ မျှော်နေမယ် .."

ဟု မမခင်က သေသေချာချာမှာကြားလျက်ရှိပေသည်။ ထို့နောက်

mgyoe.com

mgyoe.com

ရဲဘော်အောင်ဒင်အတွက် အင်္ဂလိပ်ဖတ်စာအုပ်တစ်အုပ်နှင့် သင်ခန်းစာများကိုပါ ပြင်ဆင်ထားပေးမည်ဖြစ်ကြောင်းကိုလည်း ပြောဆိုသည်။ ပန်းခြံထောင့်တွင် ရဲဘော်အောင်ဒင်အား ချထားပေးခဲ့ပြီးနောက် မော်တော်ကားထွက်ခါနီးတွင် မမခင်သည် တစ်စုံတစ်ရာကို သတိရလိုက်သကဲ့သို့ ၎င်း၏လက်ကိုင်အိတ်ကလေးထဲမှ စာအိတ်ကလေးတစ်အိတ်ကို ကတိုက်ကရိုက် ထုတ်ယူလိုက်ပြီးလျှင် ..

"ရော့ .. ရော့ .. ရဲဘော်အောင်ဒင်၊ စောစောက မမခင် ပေးမလို့ .. မေ့နေလိုက်တာကွယ်၊ ကံကောင်းပေလို့ .."

ဟု ပြောဆိုကာ လှမ်း၍ပေးထားခဲ့သည်။

မောင်မောင်လေးနှင့် မမခင်တို့မောင်နှမ စီးနင်းလိုက်ပါ၍သွားကြသော အော်စတင်ကားလေးအား တော်တော်ကြီးဝေးသွားသည်အထိ လှမ်းမျှော်၍ကြည့်နေရာမှ ကားကလေး ပျောက်ကွယ်သွားသောအခါ မမခင်က ကတိုက်ကရိုက်ပေးထားခဲ့သော စာအိတ်ကလေးကို သိလိုဇောဖြင့် ကမန်းကတန်းဖွင့်လိုက်မိသည်။ စာအိတ်အတွင်း၌ သူ၏ တစ်သက်နှင့်တစ်ကိုယ်တွင် တစ်ခါမျှ မကိုင်ခဲ့ဖူးသော ပစ္စည်းတစ်ခုကို ရုတ်တရက် တွေ့မြင်လိုက်ရလေသည်။ ထိုပစ္စည်းမှာ အခြားတော့ကားမဟုတ်၊ အင်္ဂလိပ်သုံး တစ်ရာတန်ငွေစက္ကူရွက်ပင်ဖြစ်လေသတည်း။

mgyoe.com

mgyoe.com

# မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြား

(၁)

တစ်သက်နှင့်တစ်ကိုယ် ဘယ်တုန်းကမျှ ပိုင်ဆိုင်ကိုင်တွယ်ခြင်း မပြုခဲ့ဖူးသော တစ်ရာတန် အင်္ဂလိပ်ငွေစက္ကူတစ်ချပ်ကို အံ့အံ့ဩဩ တုန်တုန်ရင်ရင်နှင့်ကိုင်တွယ်ကာ လိပ်ကန်ပန်းခြံထောင့်တွင် ကျန်ရစ်ခဲ့ရာမှ နာလန်ထခါစလေးငါးရက်လောက်ခန့်က .. "ခေါက်ဆွဲကြော်လေး တစ်ခွက်လောက်စားချင်လိုက်တာကွယ် .." ဟု တောင့်တောင့်တတ ညည်းတွားခြင်းပြုခဲ့သော အစ်မလုပ်သူ၏ မွတ်သိပ်နေပုံမျက်နှာကလေးကို ရဲဘော်အောင်ဒင်သည် မြင်ယောင်လာသည်။ ယောက်ဖလုပ်သူ အမူးသမား၏ အသုံးမကျလှမှုနှင့် ညံ့ဖျင်းမှုများကြောင့် ဗိုက်ပူနံကားကလေးများနှင့် လူသား စင်စစ်က မှင်စာရုပ်လေးများပေါက်နေကြသော တူကလေးနှစ်ယောက်တို့ကိုလည်း သတိရလာမိသည်။ ထို့ကြောင့် မမခင်နှင့် မောင်မောင်လေးတို့ မောင်နှမက ဝယ်ခြမ်း၍ ပေးလိုက်ကြသော ပစ္စည်းများကိုပိုက်ကာ ခပ်လှမ်းလှမ်းတွင် မီးရောင်များဖြင့် လင်းထိန်ကာ စားနိုင်သောက်နိုင်ကြသူများ တရုန်းရုန်းဖြစ်နေသော တရုတ်ခေါက်ဆွဲဆိုင်ဘက်သို့ စစ်သားဟောင်း အောင်ဒင်သည် ခပ်သွက်သွက်ကလေး လျှောက်လာခဲ့သည်။

တရုတ်ခေါက်ဆွဲဆိုင်အတွင်း၌မူကား ထမင်း၊ ဟင်းနှင့် အကြော်အလှော်အမျိုးမျိုးကို လက်မလည်အောင်ပြင်ဆင် ရောင်းချနေရဟန်ရှိသော ဆိုင်ရှင်များသည် ဆိုင်အတွင်းသို့ နောက်မှဝင်လာသော စစ်သားဟောင်း

mgyoe.com

mgyoe.com


အောင်ဒင်ကို ရုတ်တရက် အသိအမှတ်ပြုနိုင်ကြသေးဟန်မရှိချေ။ ဆိုင်အတွင်း၌မူကား အစစအရာရာ ရှားပါးလှသော ဂျပန်တစ်ခေတ်လုံး ငတ်မွတ်နေခဲ့ကြဟန်ရှိသော ပရိသတ်သည် သူရဲမင်းရဲစီးနေကြဘိအလား အစားအသောက် အကြော်အလှော်များကို သူ့ထက်ငါ ငမ်းငမ်းတက် စားသောက်ဝါးမျိုလျက်ရှိနေကြသည်။ အချို့ကလည်း အရက်များကို သောက်စားမူးယစ်လျက် ၎င်းတို့အမူးသမားများအချင်းချင်း အော်ကြီးဟစ်ကျယ်ပြောဆိုနေကြသည်။ ထိုသို့ သောက်စားမူးယစ်ကာ ပြောဆိုနေကြသူများ၏စကားထဲတွင် ဗိုလ်ချုပ်အောင်ဆန်းအား အင်္ဂလိပ်များက စစ်ရာဇဝတ်ကောင်အဖြစ်ဖမ်းဆီးတော့မည်ဆိုသောအကြောင်းများလည်း ပါဝင်လျက်ရှိသဖြင့် စစ်သားဟောင်းအောင်ဒင်သည် နိုင်ငံရေးကို ဘာမျှနားမလည်သော်လည်း ၎င်း၏သေနာပတိကြီးဖြစ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအား စစ်ရာဇဝတ်ကောင်အဖြစ်ဖြင့် ဖမ်းဆီးမည်ဆိုသောသတင်းကို စိတ်ပါဝင်စားစွာ နားစွင့်နေလိုက်မိသည်။ ၎င်းဝယ်ခြမ်းရန် စောင့်ဆိုင်းခြင်းပြုခဲ့သောကိစ္စကိုပင် မေ့လျော့သွားပြီးလျှင် အမူးသမားများ ဘယ်ကကြားလာ၍ ပြောဆိုနေကြမှန်းမသိသော စကားနောက်သို့ နောက်ယောင်ခံလိုက်ပါကာ နားစွင့်နေမိသည်။

"နောင်ကြီးပြောတာ မဖြစ်နိုင်ဘူးထင်တယ် ..ဘာပြုလို့လဲဆိုတော့ ဗိုလ်ချုပ်ကိုသာ အင်္ဂလိပ်တွေက အရမ်းဖမ်းရင် တိုင်းပြည်က ဘယ်ခံမှာလဲဗျ .." ဟု တစ်ယောက်သောအမူးသမားက နိုင်ငံရေးအခြေအနေကို နားလည်ဟန်ဖြင့် ပြောဆိုသည်။

"အင်္ဂလိပ်ဆိုတဲ့အကောင်တွေက ဂျပန်တွေလိုမဟုတ်ဘူးဗျ၊ အင်မတန်ပရိယာယ်များတဲ့ကောင်တွေ၊ သိပ်စိတ်မချရဘူးနော် .." ဟု တစ်ယောက်သောအမူးသမားကလည်း အင်္ဂလိပ်အကြောင်းကို ကောင်းစွာသိရှိထားသကဲ့သို့ ပိုင်ပိုင်နိုင်နိုင်ကြီးပြောနေသည်။

"အင်္ဂလိပ်တွေ ဉာဏ်များတယ်ဆိုတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားအကောင်တွေ ကျုပ်တို့ဗိုလ်ချုပ်ကို ဖမ်းရဲရင်ဖမ်းစမ်းပါ၊ တစ်တိုင်းပြည်လုံး မီးပွင့်သွားမယ်ဗျ .."

"အင်္ဂလိပ်တွေက မယုံရဘူးနော် .. အင်မတန်ဉာဏ်များတယ်"

ဤကဲ့သို့ အမူးသမား သုံးလေးယောက်တို့သည် အများပြည်သူ

mgyoe.com

mg


တို့ ဝင်ထွက်စားသောက်လျက်ရှိကြသော နေရာအရပ်၌ မိမိတို့ဘာသာ အမူး စကားကိုမပြောဘဲ ကြီးကျယ်လှသော တိုင်းရေးပြည်ရေးအကြောင်းများကို စိတ်အားထက်သန်စွာ ပြောဆိုလျက်ရှိကြသဖြင့် တိုင်းရေးပြည်ရာကိစ္စများ ကို ခြေခြေမြစ်မြစ်သာ နားမလည်သော်ငြားလည်း ၎င်း၏ဖခင် ဗိုလ်ချုပ် အကြောင်းပါရှိ၍ နားစွင့်နေသော ရဲဘော်အောင်ဒင်အား "ဘာယူမလဲ ဆရာကီး .." ဟု ဆိုင်ရှင်ပေါက်ဖော်က မေးလိုက်တော့မှပင် စစ်သားဟောင်း သည် အမူးသမားများနှင့် အဆက်ပြတ်သွားလေသည်။ သူသည် အစ်မနှင့် ကလေးများအတွက် ခေါက်ဆွဲကြော်နှစ်ခွက်ကို မှာလိုက်ပြီးနောက် စောစော က အမူးသမားများ၏စကားဝိုင်းနှင့် ပြန်လည်ဆက်သွယ်မိရန် နားစွင့်လိုက် သည်။ သို့ရာတွင် ယစ်ထုပ်ကြီးများသည် ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်း ကို ဆက်လက်ပြောဆိုခြင်းမပြုကြတော့ချေ။ တောလက်ကျေးရွာများ၌ သူခိုး ဓားပြများနှင့် ပြန်ပေးများ ထကြွသောင်းကျန်းလှသောအကြောင်းကိုသာ ညည်းတွားပြောဆိုလျက်နေကြသည်။ ထိုကဲ့သို့ ကျေးလက်တောရွာများ၌ သူခိုး၊ ဓားပြများ ဆူပူသောင်းကျန်းနေသောကိစ္စနှင့်ပတ်သက်၍ စိတ်ပါဝင် စားကာ နားလည်နိုင်လောက်သော အခြေခံရှိဟန်မတူသော စစ်သားဟောင်း သည် အမူးသမားများ၏စကားကို စောစောကကဲ့သို့ စိတ်ဝင်စားခြင်း မရှိ လှတော့ချေ။

မှာကြားထားသော ခေါက်ဆွဲကြော်နှစ်ခွက်အတွက် ကိစ္စများ ပြီးစီး သောအခါ ရဲဘော်အောင်ဒင်သည် ဆိုင်ရှင်က ပြန်အမ်းလိုက်သော ငွေများ ကို စေ့စေ့စပ်စပ်ရေတွက်ပြီးနောက် တရုတ်ဆိုင်ထဲမှ ပြန်ထွက်လာသည်။ ထို့နောက် လက်ထဲ၌ ပိုက်ဆံကလေး ဖောဖောသီသီရှိနေသဖြင့် ဆိုက်ကား တစ်စီးကို ငါးမူးမျှပေးငှားကာ အောက်ပုဇွန်တောင်ဘက်ရှိ ၎င်းခိုကပ်နေထိုင် ရသော အစ်မများအိမ်သို့ ပြန်လာခဲ့သည်။

ဆိုက်ကားခ ရှင်းလင်းပေးပြီးနောက် မမခင်က ဝယ်ခြမ်း၍ပေး လိုက်သော အထုပ်အပိုးများနှင့် အစ်မနှင့် တူကလေးများအတွက် ဝင်ဝယ် လာခဲ့သော ခေါက်ဆွဲကြော်နှစ်ထုပ်ကိုပိုက်ကာ စစ်သားဟောင်းအောင်ဒင် သည် လမ်းကြားကလေးတစ်ခုအတွင်းသို့ ဝင်လာခဲ့သည်။ လမ်းကြား ကလေးအတိုင်း တော်တော်ကလေး လျှောက်လာခဲ့ရပြီးနောက် သူသည်

mgyoe.com

mgyoe.com


နောက်ဖေးလမ်းကြားတစ်ခုအတွင်းသို့ ဝင်ရပြန်လေသည်။ မီးရောင်မရှိသော နောက်ဖေးလမ်းကြားအတွင်းသို့ ဝင်လိုက်လျှင်ပင် မြောင်းပုပ်နှင့် မိလ္လာအနံ့များက တိုက်ပွဲပြန်ရဲဘော်ဟောင်းအား ဆီးကြိုဧည့်ခံကြသည်။ မှောင်ရိပ်ထဲတွင် သူသည် စမ်းတဝါးဝါးနှင့် လျှောက်လာခဲ့ရပြီးနောက် ထိုလမ်းကြားအဆုံးသို့ရောက်သောအခါ နောက်ထပ်လမ်းကြားတစ်ခုအတွင်းသို့ ကွေ့ဝင်လိုက်ရပြန်သေးသည်။ ထိုလမ်းကြားကလေးအတိုင်း တော်တော်ကလေးလျှောက်လာခဲ့ရပြီးမှ တဲကုပ်ကလေး သုံးလေးလုံး စုဆောက်ထားသောလူ့အသိုက်အမြုံတစ်ခုသို့ ရောက်ရှိလာသည်။

မီးရောင်မှုန်ဝါးဝါးသာ မြင်ရသော တဲကုပ်ကလေးတစ်လုံးဆီသို့ လျှောက်လာခဲ့စဉ် တဲအတွင်းမှ မူးရူး၍ ဆူဆူပူပူလုပ်နေသော ယောက်ဖလုပ်သူ၏အသံကို ကြားလိုက်ရသဖြင့် စစ်သားဟောင်းအောင်ဒင်သည် စိတ်ပျက်၍သွားလေသည်။ သူသည် တဲအတွင်းသို့မဝင်ဖြစ်သေးဘဲ ယောက်ဖလုပ်သူ၏အခြေအနေကို အကဲခတ်ရန် တဲအပြင်ဘက်မှ ငြိမ်သက်စွာရပ်ကာနားစွင့်နေမိသည်။

"ခုလို အစစအရာရာ တိုတောင်းရှားပါးနေတဲ့ခေတ်ဆိုးကြီးထဲမှာ ဘာမှဝင်ငွေမရှိတဲ့လူတစ်ယောက်ကို အိမ်ပေါ်တင်ကျွေးရတာ သက်သာတဲ့အလုပ်မဟုတ်ဘူးဆိုတာ မင်းနားလည်ဖို့ကောင်းတယ် စောခင် .." ၎င်း၏အစ်မလုပ်သူအား မိမိအတွက်နှင့်ပတ်သက်၍ ယောက်ဖလုပ်သူက ငြူစူကြိမ်းမောင်းနေသောအသံဖြစ်လေသည်။

၎င်းအလုပ်အကိုင်မရှိဘဲနှင့် သူတို့အိမ်တွင် မှီခိုကပ်ရပ်၍နေထိုင်ရသည့်ကာလအတွင်း သူတို့လင်မယား မကြာခဏ ရန်ဖြစ်ကြ၊ ဆူပူကြသောကိစ္စများသည် အလုပ်လက်မဲ့ရဲဘော်အတွက်ကား ရိုး၍နေလေပြီ။ ထို့ကြောင့်ထိုကိစ္စနှင့်ပတ်သက်၍ စစ်သားဟောင်းအောင်ဒင်သည် တော်တော်ကလေးလည်း အရေထူခဲ့လေပြီ။

မောင်လုပ်သူအတွက်နှင့် လင်လုပ်သူက ငြူစူကြိမ်းမောင်းနေခြင်းကို စစ်သားဟောင်း၏အစ်မက ဘာတစ်ခွန်းမှတော့ ပြန်လှန်၍မပြောချေ။ ထိုမိန်းမတစ်ယောက်သည်လည်း ထုံနေပြီဖြစ်ဟန်တူလေသည်။

"ဒီအကောင့်ကို အလုပ်မြန်မြန်ရှာခိုင်းရင်လည်း ခိုင်းပေါ့ .. စော

mgyoe.com

mgyoe.com


ခင်၊ ဒါမှမဟုတ်ရင်လည်း သူ့ဘာသာသူ တစ်ခြားမှာ သွားနေပါစေ .."

ယောက်ဖလုပ်သူက ခနော်ခနဲ့ ဆောက်လုပ်ထားရသော တဲအိမ်တိုင်ကလေးကို သွက်သွက်ခါအောင်ထုရင်း အော်ဟစ်ပြောဆိုလိုက်ပြန်သည်။

"ဘာလဲ .. မင့်မောင်ကိုပြောလိုက်လို့ မျက်ရည်ကျသတဲ့လား.."

အမူးအရူးသည် ခပ်စောစောကထုခဲ့သော အိမ်တိုင်ကလေးကို တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့်ထုရင်း ပြောဆိုလိုက်ပြန်သည်။

"တော်ပါတော့ ကိုအေးမောင်ရယ်၊ တော့်မှာလည်း နေ့ရှိသရွေ့ မူးလာတိုင်း ဒီကောင်လေးချည့် ရန်ရှာရှာနေတာပဲ .." အစ်မ မစောခင်၏ အသံ၌ ငိုသံများပါနေသည်။ ထို့နောက် နှပ်ညှစ်သံကိုလည်း ကြားလိုက်သည်။

"မင့်မောင်က လူ့အဖိုးတန်ကြီးမို့လို့ မင်းက နာလှသပေါ့လေ ဟုတ်လား .. စောခင်"

"ဒါလောက် ပြောရဆိုရရင်လည်း တော်ရောပေါ့ ကိုအေးမောင်"

"မတော်နိုင်ဘူးကွ၊ မင်းမောင် ငါ့အိမ်ကထွက်သွားမှ စိတ်ချမ်းသာနိုင်မယ်ဆိုတာ ဘယ်နှခါပြောရဦးမလဲ"

"ကောင်လေးလည်း နေ့ရှိသရွေ့ အပြင်ထွက်ထွက်ပြီး အလုပ်အကိုင်ရှာနေပါတယ် ကိုအေးမောင်၊ တစ်နေ့မရ တစ်နေ့တော့ရမှာပေါ့ရှင်"

"အလုပ်ထွက်ရှာတယ်၊ ထွက်ရှာတယ်နဲ့ ငါ့လုပ်စာထဲက ကျွေးမွေးထားရတာ ဘယ်နှလရှိသွားပြီလဲ စောခင်၊ တော်တော့ကွာ .. မင်းမောင်ကို ငါနောက်ထပ် ဒီအိမ်မှာ မထားနိုင်တော့ဘူး၊ ကျွေးလည်းမကျွေးနိုင်တော့ဘူး၊ အဲဒါကို မင်းမောင်ပြန်လာရင် နားလည်အောင် သေသေချာချာပြောပြလိုက် .."

"ရှင်က ကျွန်မနဲ့ပတ်သက်ပြီး ယောက်ဖတော်ရတာကို မတော်ဘဲနေနိုင်ပေမယ့် ကျုပ်က တစ်အူတည်းက ဆင်းလာရတဲ့မောင်မို့လို့ ဒီကောင်ကလေးကို ခွေးမောင်းသလို မမောင်းပစ်နိုင်ဘူးတော့ ကိုအေးမောင် .."

"ဘာလဲဟေ့ .. စောခင်၊ မင်းကပါ ငါ့ကို အာခံတာလား .."

အစ်မဖြစ်သူ၏ တရှုံ့ရှုံ့ငိုသံနှင့် နှပ်ညှစ်သံများကို အပြင်မှ မသဲမကွဲကြားရလေသည်။

mgyoe.com

mgyoe.com

"ပြောစမ်းပါဦးကွ .. ငါမေးတာကို .." တစ်ဖက်သားက ဘာမျှ ပြန်မပြောသောအခါ၌လည်း ကိုအေးမောင်သည် အငြိမ်မနေ၊ အနိုင်အထက် အော်ငေါက်ပြောဆိုလျက် ရှိနေပြန်သည်။

စစ်သားဟောင်း အောင်ဒင်သည် သက်ပြင်းကို ခပ်လေးလေးချ လိုက်သည်။

"တော်ပါတော့ ကိုအေးမောင်၊ ရှိကြီးခိုးပါရဲ့တော် .. ကောင်ကလေး ပြန်လာတော့လည်း အလုပ်အကိုင်ကလေးဘာလေးကို ဝီရိယစိုက်ပြီးရှာဖွေဖို့ ကျုပ်ပြောပြပါဦးမယ် .." မစောခင်သည် ငိုသံပါနှင့်ပြောဆိုရင်း နှပ်ညှစ် လိုက်ပြန်သည်။

"မင်းမောင်က အဆင်သင့်ထိုင်စားနေတော့ မင်းပြောလို့ကောရမလားကွယ့် .. စစ်သားလူထွက်ဆိုတာ ဘုန်းကြီးလူထွက်ထက် ဆိုးသေးတယ် .."

မိမိအတွက်နှင့် လင်မယားချင်း ယခုကဲ့သို့ အကြောက်အကန် ငြင်းခုံ၍ စကားများရန်ဖြစ်ကြသည်မှာလည်း မရေမတွက်နိုင်တော့ချေ။ မိမိ ရှေ့တွင်လည်းဖြစ်၊ ကွယ်ရာတွင်လည်းဖြစ်ကြသည်။ ထို့ကြောင့် ရဲဘော် အောင်ဒင်သည် တော်တော်နှင့်အတောသတ်နိုင်မည့်ပုံမပေါ်သော လင်မယား စကားများရန်ဖြစ်နေကြသည့် တဲအတွင်းသို့ ချောင်းဟန့်သံနှစ်ချက်၊ သုံး ချက်မျှပေးပြီးနောက် ဝင်သွားလေသည်။

အဝတ်အစားများ ပြောင်ပြောင်လက်လက်ဝတ်ဆင်လျက် အထုပ် အပိုးများ၊ စားစရာသောက်စရာများ တစ်ပွေ့တစ်ပိုက်ကြီးနှင့် တဲအတွင်းသို့ ခပ်ကြွားကြွားဝင်လာသော စစ်သားဟောင်းအား ၎င်း၏ယောက်ဖနှင့် အစ်မ တို့က အကဲခတ်သလို လှမ်းကြည့်ရင်း ငြိမ်သက်နေကြသည်။ မောင်လုပ်သူ အား တစ်သွေးတစ်မွေးနှင့် ပြောင်ပြောင်ရောင်ရောင် မြင်တွေ့နေရသော အစ်မလုပ်သူက ငိုရှိုက်ရခြင်းကို ရပ်တန့်ထားလိုက်သည်။

တဲအတွင်းသို့ရောက်လျှင် အစ်မလုပ်သူ၏ဆီးတွင် ပါလာသော အထုပ်အပိုးနှင့် စားစရာသောက်စရာများကို ချထားလိုက်ပြီးနောက် ဘယ်သူ့ ကိုမှ စကားမပြောအားသေးဘဲ သင်ဖြူးဖျာအစုတ်အပြဲလေးတစ်ချပ်ပေါ်တွင် လဲလျောင်းကာ အိပ်စက်၍နေကြပြီဖြစ်သော ကလေးနှစ်ယောက်အား ခပ်

mgyoe.com

ကြမ်းကြမ်းလေး ဆွဲထုတ်၍ နှီးလိုက်သည်။ ငါးနှစ်အရွယ်နှင့် ရှစ်နှစ်အရွယ် ကလေးနှစ်ယောက်တို့သည် ၎င်းတို့၏ မျက်လုံးကလေးများကို အိပ်မှုန်စုံမွှား နှင့် ပွတ်သပ်လျက် တောင်ကြည့်မြောက်ကြည့် လုပ်နေကြစဉ် ရဲဘော်အောင် ဒင်သည် "ရော့ဟော့ .. မင်းတို့နှစ်ယောက်အတွက် .." ဟုပြောဆိုကာ ဝယ် ခြမ်းလာခဲ့သော ခေါက်ဆွဲနှစ်ထုပ်အနက်မှ တစ်ထုပ်ကိုလှမ်းယူကာ ကလေး နှစ်ယောက်ရှေ့တွင် ပစ်ချပေးလိုက်သည်။ "ရော့ဟော့ .." ဆိုသောအသံကို ကြားလိုက်ရလျှင်ပင် အမြဲလိုလို ဆာလောင်နေကြဟန်ရှိသော ကလေးနှစ် ယောက်တို့သည် မျက်လုံးများ ပြူးကျယ်လာကြသည်။ ညီအစ်ကိုနှစ်ယောက် တို့သည် သူတို့ဦးလေးက ဝယ်ခြမ်း၍ယူလာပေးသော ခေါက်ဆွဲထုပ်ကို ဖျာပေါ်သို့ချကာ နှစ်ယောက်သား အတူဖြည်လိုက်ပြီးနောက် မျက်နှာချင်း ဆိုင်ထိုင်ကာ ကုန်း၍ ကုန်း၍ လွေးကြလေသည်။ ဤကဲ့သို့ ကလေးနှစ် ယောက်၊ ဒင်းတို့ဦးလေးက ဝယ်ခြမ်းယူလာပေးသော ခေါက်ဆွဲအား ပလုတ် ပလောင်းစားနေကြပုံကို မျက်မှောင်ကုပ်ကြည့်နေရာမှ .."ဘယ်ကဘောကမ္ဘာ က ငတ်လာကြတဲ့ အကောင်ကလေးတွေမှန်းမသိဘူး .." ဟု ၎င်းတို့၏ ဖအေလုပ်သူက ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောဆိုခြင်းပြုလိုက်သည်။ သို့ရာတွင် ကလေး နှစ်ယောက်တို့ကား အလျှင်းဂရုစိုက်ကြဟန်မရှိချေ။ ခေါက်ဆွဲကြော်ကိုသာ ပလုပ်ပလောင်းနှင့် စားသောက်နေကြသည်။

၎င်း၏ယောက်ဖအကြောင်းကို ကောင်းစွာ သိရှိနားလည်ထားပြီး ဖြစ်သော အောင်ဒင်သည် ထိုညအဖို့ အေးအေးချမ်းချမ်းရှိစေရန်အတွက် ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ ငါးကျပ်တန် ငွေစက္ကူတစ်ရွက်ကို ထုတ်ယူ လိုက်ပြီးလျှင် .."ရော့ .. အစ်ကိုသုံးဖို့ .." ဟုပြောဆိုကာ ယောက်ဖလုပ်သူ အား လှမ်း၍ပေးလိုက်လေသည်။

ငါးကျပ်တန် ငွေစက္ကူကို မြင်လိုက်ကာမျှဖြင့် စောစောက မျက်နှာ ပေါက် ခပ်ပုပ်ပုပ် ခပ်သိုးသိုးလုပ်နေခဲ့သော ကိုအေးမောင်၏မျက်နှာသည် ရုတ်တရက် ကြည်လင်ရွှင်ပျလာပြီးလျှင် ရုတ်ခနဲ လှမ်းယူလိုက်သည်။ ထို့ နောက် အောင်ဒင်အား ပြုံး၍ကြည့်ရင်း .."မင်း ကနေ့ ပွလာသလားဟေ့" ဟု သူပြောဆိုနေကျ အောက်တန်းစားဘာသာစကားဖြင့်လည်း မေးမြန်း လိုက်သေးသည်။

mgyoe.com

mgyoe.com

ရဲဘော်အောင်ဒင်သည် ယောက်ဖလုပ်သူအား ဘာမျှပြန်ပြောနေစရာမလိုတော့သကဲ့သို့ သူ့အစ်မအနီးတွင် သွား၍ထိုင်နေလိုက်သည်။

ထိုညအဖို့ အဖြူရေကို တစ်ကျပ်ဖိုးမျှလောက်သာ စုပ်ရသဖြင့် ရေချိန်မကိုက်ဖြစ်ကာ မယားလုပ်သူအား ခပ်စောစောက အမျိုးမျိုးရန်လုပ်နေခဲ့သော ကိုအေးမောင်သည် ယောက်ဖက သုံးဖို့စွဲဖို့အတွက် ပေးကမ်းသော ငါးကျပ်တန်ငွေစက္ကူကို ၎င်း၏ စုတ်ပြဲနေသော စစ်ယူနီဖောင်းအင်္ကျီအိတ်ကပ်ထဲသို့ ခေါက်၍ထည့်ရင်း ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် .."ငါ အပြင်ဘက် ခဏသွားလိုက်ဦးမယ်ဟေ့ .. စောခင် .." ဟုပြောဆိုကာ တဲအတွင်းမှ ခပ်ယိုင်ယိုင်နှင့်ပင် ထွက်သွားသည်။

နောက်ထပ်၍ အရက်သောက်ရန်ထွက်သွားသော လင်လုပ်သူကို မစောခင်သည် လှည့်၍မျှပင် မကြည့်လိုက်ချေ။ သူတို့ဦးလေး ဝယ်ခြမ်းယူငင်၍လာသော ခေါက်ဆွဲထုပ်တစ်ထုပ်ကို ခွေးလျက်သည်ထက် ပြောင်စင်အောင်တွယ်ပြီးသွားကြသဖြင့် ရေခပ်သောက်နေကြသော သားနှစ်ယောက်တို့ကိုသာ လှမ်းကြည့်နေသည်။ ထို့နောက် ခပ်စောစောက ငိုခဲ့ရသဖြင့် ကြွင်းကျန်နေသေးသော မျက်ရည်စကလေးများကို လက်ဖဝါးနှင့် ပွတ်သပ်သိမ်းဆည်းနေလေသည်။

mgyoe.com

mgyoe.com

(၂)

ခေါက်ဆွဲတစ်ထုပ်ကို ညီအစ်ကိုနှစ်ယောက် ခွဲဝေစားသောက်လိုက်ကြပြီးနောက် ကလေးနှစ်ယောက်တို့သည် ပြန်၍ မအိပ်လိုကြသေးသကဲ့သို့ သူတို့ဦးလေးအနီးတွင် လာကပ်၍ထိုင်ကြသည်။ ဦးလေးလုပ်သူ ဝတ်စားဆင်မြန်းထားသော အင်္ကျီသစ်၊ လုံချည်သစ်များကိုလည်း အထူးအဆန်းသဖွယ် စေ့စေ့စပ်စပ် ကြည့်ရှုနေကြသည်။ ရဲဘော်အောင်ဒင်သည် မျက်ရည်စများကို လက်ဖဝါးဖြင့် ပွတ်သပ်သိမ်းဆည်းခြင်းပြုနေသော အစ်မဖြစ်သူအား မသက်မသာ လှမ်းကြည့်ပြီးနောက် ..

"မမအတွက်ဝယ်လာတဲ့ ခေါက်ဆွဲကြော် စားလိုက်ဦးလေ .. တော်တော်ကြာ အေးစက်သွားလို့ စားမကောင်းဘဲနေလိမ့်ဦးမယ် .."

ဟု သတိပေးပြောဆိုလိုက်သည်။ မောင်ဖြစ်သူက ယင်းသို့ သတိပေးလိုက်မှပင် မစောခင်သည် သတိရလာပြီးလျှင် ၎င်း၏ ဘေးနားတွင် ချထားသော ခေါက်ဆွဲထုပ်ကိုလှမ်းယူကာ ဖြည်လိုက်သည်။ သူတို့အမေ ခေါက်ဆွဲထုပ်ဖြည်လိုက်လျှင်ပင် သူတို့ဦးလေးအနီး၌ ကပ်၍ ထိုင်နေကြသော ကလေးနှစ်ယောက်သည် သူတို့အမေအနီးသို့ ကပ်လာကြသဖြင့်

"ခုတင်ကပဲ နင်တို့ ဆို့ပြီး မျိုပြီးကြပြီမဟုတ်လား .."

ဟု မိခင်ဖြစ်သူက လှမ်း၍ မြည်တွန်လိုက်သည်။ ကလေးနှစ်ယောက်တို့သည် စစ်ကူတောင်းသော မျက်လုံးကလေးများဖြင့် သူတို့ဦးလေးဖြစ်သူကို လှမ်း၍ ကြည့်ကြလေသည်။

"ကလေးတွေပဲ မမရယ် .. သူတို့ကျေနပ်သွားအောင် တစ်လုတ်

mgyoe.com

mgyoe.com

တစ်ဆုပ်စီတော့ ကျွေးလိုက်ပါဦးဗျာ .."

ဟု အောင်ဒင်က ကလေးတို့၏မိခင်အား ပြောဆိုခြင်းပြုလိုက်ရသည်။

မစောခင်သည် မိမိရင်၌ဖြစ်သော ကလေးနှစ်ယောက်တို့ကို မျက်စောင်းထိုးကြည့်ရှုလိုက်ပြီးနောက် ..

"ဒီကလေးတွေကတော့ ငတ်ကိုငတ်လွန်းအားကြီးလှပါတယ်ကွယ် .."

ဟု စူစူဆောင့်ဆောင့်နှင့် ပြောဆိုရင်းက ကလေးများအား ခွဲ့ပေးလေသည်။

ယင်းသို့ ဒင်းတို့သားအမိသုံးယောက် စားသောက်နေကြပုံကို ဘေးမှ အတန်ကြာမျှ ငြိမ်သက်စွာ ကြည့်ရှုနေရာမှ ..

"မမလည်း နေ့ရှိသရွေ့ ကျွန်တော့်အတွက်နဲ့ချည့် အပြောအဆိုခံနေရတာပဲ ထင်ပါရဲ့ဗျာ .."

"နှင့်အစ်ကိုရဲ့အကြောင်းလည်း သိသားနဲ့ အောင်ဒင်ရယ် .. ပြောမနေပါနဲ့တော့ဟယ် .."

ဟု အစ်မဖြစ်သူက ထိုကိစ္စအတွက်နှင့် မောင် စိတ်မကောင်းမဖြစ်အောင် ပြောဆိုခြင်းပြုလိုက်သည်။

"ကျွန်တော်လည်း အလုပ်တစ်ခုခုရအောင်တော့ ကြိုးစားနေပါတယ် မမရယ် .. ဒါပေမဲ့ ခုလောလောဆယ်တော့ ဘယ်ကမှ မဟန်သေးလို့ပါ.."

"တစ်လောက မင်းတပ်ထဲပြန်ဝင်ဖို့ ပြောထားဆိုထားတယ်ဆိုတဲ့ကိစ္စကော နောက်ထပ်ဘာများ ထူးသေးသလဲ.. ဟင် .."

"လူသစ်တွေကို နောက်ထပ် တော်တော်နဲ့လက်မခံသေးဘူးဆိုလို့ ကျွန်တော်လည်း တခြားအလုပ်အကိုင်တွေ လိုက်စုံစမ်းနေပါတယ် .."

"စစ်တပ်ထဲကိုတော့ ပြန်မဝင်ချင်ပါနဲ့တော့ကွယ်၊ တခြားအလုပ်ကိုပဲ ရှာပါဟယ်၊ ဒီလိုအလုပ်အကိုင်ရှာတုန်းတော့ မမတို့နဲ့ပဲ ဖြစ်သလိုနေပေါ့၊ နှင့်အစ်ကိုပြောတာဆိုတာတွေကိုလည်း မကြားယောင်ဆောင်နေလိုက်ဦးပေါ့ကွယ် .."

mgyoe.com

mgyoe.com


"ကျွန်တော့်အတွက်တော့ အရေးမကြီးပါဘူးလေ၊ ကျွန်တော့်အတွက်နဲ့ ခုလိုအပြောအဆိုခံနေရတာကိုသာ စိတ်မကောင်းတာပါ .."

"ငါ့အတွက်တော့ ထည့်မစဉ်းစားနေပါနဲ့ အောင်ဒင်ရယ်..၊ ငါ့ကံနဲ့ငါ ရှိပါစေဟယ် .."

"ဩော် .. ဒါထက် တပ်ထဲက ထွက်လာရပြီးကတည်းက မမတို့အိမ်မှာ ကျွန်တော်နေလာတာ ဘယ်နှလရှိသွားပြီလဲဟင် .. မမ.."

ရဲဘော်အောင်ဒင်က တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် အကြောင်းအရာအသစ်တစ်ခုကို မေးမြန်းလိုက်လေသည်။

"နင် တို့နဲ့လာနေတာ တော်သလင်းလကမဟုတ်လား .. အောင်ဒင်"

"ဟုတ်တယ် ထင်တယ် .."

"အခု တပို့တွဲဆိုတော့ ငါးလလောက်ရှိသွားပြီပေါ့ .."

အောင်ဒင်သည် ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ တစ်ဆယ်တန်ငွေစက္ကူငါးချပ်ကို နှိုက်ယူလိုက်ပြီးနောက် အစ်မဖြစ်သူအား လှမ်း၍ပေးရင်း ..

"အသိမိတ်ဆွေတစ်ယောက်က ထောက်ပံ့လိုက်လို့ ဒီငွေငါးဆယ်လောက် မမသုံးစရာရှိတာသုံးဖို့ ယူထားလိုက်ဦး .."

ဟု ပြောဆိုလိုက်သည်။

စစ်ပြီးခေတ်တွင် အင်္ဂလိပ်ငွေစက္ကူငါးဆယ်ကို လုံးခနဲ ခဲခနဲကိုင်တွယ်သုံးစွဲဖူးဟန်မရှိသော မစောခင်သည် မောင်ဖြစ်သူ လှမ်း၍ပေးနေသော ငွေငါးဆယ်ကို တော်တော်နှင့် မယူဖြစ်နိုင်သေးဘဲ အတန်ကြာမျှစိုက်၍ကြည့်နေသည်။

"ယူထားလိုက်လေ မမ၊ နောက်ပြီးတော့ မမယောကျ်ားမသိအောင်မမြင်အောင်လည်း ကျစ်ကျစ်လျစ်လျစ်ကလေး ထားဦးနော်၊ တော်ကြာ သူမြင်သွားလို့ အကုန်လုံးသောက်ပစ်လိုက်လိမ့်မယ်၊ အဲဒီတော့မှ မမရောကလေးတွေပါ မစားရ မသောက်ရဘဲ အခြောက်တိုက်ငတ်နေကြဦးမယ်နော်"

"နင့်ဟာက များပဲများလှပါကလား အောင်ဒင်ရယ် ..၊ နင် ရိုးရိုးသားသားမှရခဲ့တာ ဟုတ်ရဲ့လားကွယ်၊ တော်တော်ကြာ အားလုံးဒုက္ခရောက်ပြီး ခက်ကုန်လိမ့်မယ် .."

mgyoe.com

mgyoe.com

မောင်က လှမ်း၍ပေးနေသောငွေများကို မယူဝံ့၊ မယူရဲသကဲ့သို့ မစောခင်က မေးမြန်းပြောဆိုလျက်ရှိနေပြန်သည်။

"မမကလည်းဗျာ .. တစ်သက်လုံး ကျွန်တော် မဟုတ်တာ ဘာတစ်ခုများ လုပ်ဖူးလို့လဲ၊ ယူမှာသာ ယူထားလိုက်စမ်းပါဗျာ .."

"ငါက စိုးရိမ်လို့ မေးမိတာပါဟယ် .."

"ရော့လေ ..ယူလေ၊ တော်တော်ကြာ မမယောကျ်ား မူးရူးပြန်လာရင်း မြင်သွားပါဦးမယ်ဗျာ .."

ဟု ပြောဆိုကာ အောင်ဒင်က လက်ထဲသို့ အတင်းထည့်ပေးတော့မှ မစောခင်သည် မရဲတရဲနှင့် လက်ခံထားလိုက်ရင်း ..

"ငါ့ကို ငါးဆယ်တောင်ပေးနေတာ ..၊ နင်သုံးဖို့ကော ရှိမှရှိသေးရဲ့လား ဟင် .. အောင်ဒင် .."

ဟု ပြန်၍မေးနေသည်။

"ကျွန်တော့်မှာလည်း ရှိပါသေးတယ် မမရဲ့၊ ပေးထားတာကိုသာ အေးအေးဆေးဆေး သိမ်းထားလိုက်စမ်းပါဦးဗျာ .."

ဟု စစ်သားဟောင်းက ပြောဆိုလိုက်တော့မှ မစောခင်သည် တစ်ဆယ်တန်ငါးရွက်ကို ကျစ်ကျစ်ပါအောင် ခေါက်ကာ ၎င်း၏ညစ်ပတ်နံ့စော်နေသော အတွင်းခံအင်္ကျီအိတ်ကပ်အတွင်းသို့ ထိုးသွင်းလိုက်လေသည်။

မမခင်က ပေးလိုက်သော ငွေတစ်ရာအနက်မှ အစ်မဖြစ်သူအား ငွေငါးဆယ်ကိုပေးခဲ့ပြီးနောက် စစ်သားဟောင်းအောင်ဒင်သည် ထိုင်နေရာမှ ထလာသည်။ သူသည် အိပ်ချင်စိတ်မရှိသေးသော်လည်း သူ့ဘာသာသူ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နှင့် အေးအေးဆေးဆေး စဉ်းစားလိုသဖြင့် အိမ်နောက်ဖေးမီးဖိုချောင်နှင့်ကပ်၍ ကြံဖန်၍ပြုလုပ်ထားရသော သူ၏အခန်းကလေးအတွင်းသို့ ဝင်သွားလေသည်။ အခန်းတွင်းသို့ရောက်သောအခါ သူထားနေကျနေရာမှ ဖယောင်းတိုင်တိုနှင့် မီးခြစ်တို့ကို လှမ်းယူပြီးနောက် မီးထွန်းညှိလိုက်သည်။ မီးလင်းသွားသည်နှင့်တစ်ပြိုင်နက် များပြားလှသော ခြင်အုပ်ကြီးသည် ဝီခနဲ ထ၍ပျံကြလေသည်။

သူ အိပ်စက်သောအခန်းလေးမှာ အနံ့လေးပေ၊ အလျား ခြောက်ပေ

mgyoe.com

သာသာခန့်မျှ အခန်းကျဉ်းကလေးဖြစ်လေသည်။ ဝါးကြမ်းကိုပေါက်၍ ခင်းထားသော ကြမ်းပြင်မှာလည်း ကစဥ့်ကလျားနှင့် ခနော်ခနဲ့ဖြစ်နေသည်။ အခန်းမှာ ကျဉ်းရုံမျှသာမဟုတ်သေး၊ သူ့တစ်ရပ်ပင် မလွတ်အောင် နိမ့်လှသည်။ သို့ရာတွင် အခန်း၏ခေါင်းရင်းဘက် ထရံတွင်ကား သတင်းစာတစ်စောင်မှ ဖြတ်ယူ၍ အမြတ်တနိုးကပ်ထားသော ဓာတ်ပုံတစ်ပုံရှိသည်။ ထိုဓာတ်ပုံကိုလည်း ထမင်းကြမ်းစေ့နှင့် ကပ်ထားရသဖြင့် မညီမညာနှင့် မသပ်မရပ်ဖြစ်နေသည်။ ဓာတ်ပုံရှင်ကတော့ တစ်ကြိမ်သောအခါက သူ၏ သေနာပတိချုပ်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းဖြစ်လေသည်။

ဖိုသီဖတ်သီနှင့် မသပ်မရပ်ဖြစ်နေသော စစ်ခြင်ထောင်ဟောင်းကို သူသည် ဆွဲတင်လိုက်ပြီးနောက် ရှုံ့တွတွန့်လိမ်နေသော အိပ်ရာခင်းအစုတ်ကို သေသေသပ်သပ်ဖြစ်အောင် ပြန်၍ခင်းလေသည်။ အိပ်ရာခင်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်နေခိုက် ခြင်တစ်သိုက်က သူ၏နားအနားသို့ ဝိုင်းအုံလာရောက်ကာ အော်ဟစ်ဆူညံနေကြသဖြင့် သူသည် ခြင်များကို ခြောက်လှန့်မောင်းနှင်နေရပြန်သည်။

အိပ်ရာဘေးရှိ ငါးသေတ္တာဘူးခွံနှင့် ပြုလုပ်ထားသော ဆေးလိပ်ပြာခွက်အတွင်း၌ကား ဆေးလိပ်ဖင်အစီခံထိအောင် သောက်ရှုထားသော ဆေးပေါ့လိပ်အတိုအစများနှင့် ပြည့်ဝပြွတ်သိပ်နေသည်။ ဆေးလိပ်ပြာများသည်လည်း အိပ်ရာဘေးတွင် ပွလျက် သတင်းစာအဟောင်း သုံးလေးစောင်တို့သည်လည်း အိပ်ရာခေါင်းရင်းဘက်တွင် ပြန့်ကျဲနေကြသည်။

ကြွက်သိုက်လိုဖြစ်နေသော သူ၏အိပ်ရာကို အိပ်၍ဖြစ်အောင် ခင်းကျင်းပြီးစီးသောအခါ စစ်သားဟောင်း အောင်ဒင်သည် အသာလှဲချလိုက်သည်။ အိပ်ရာပေါ်သို့ လှဲချလိုက်မိလျှင်ပင် နဖူးပေါ်သို့ လက်က အလိုလို ရောက်ရှိ၍သွားလေသည်။ တစ်ချိန်တည်းမှာပင် မျက်လုံးများလည်း မှေးလိုက်လာကြသည်။ သူသည် အတန်ကြာမျှ ငြိမ်သက်စွာ မှိန်းနေလိုက်သည်။ ထို့နောက်မှ မငြိမ်းသတ်ရသေးသော ဖယောင်းတိုင်မီးကို သတိရလာသဖြင့် လှဲ၍နေရာမှပင် ဖယောင်းတိုင်မီးကို လှမ်း၍ ဖူးခနဲ မှုတ်လိုက်သည်။

"နင် အိပ်တော့မလို့လားဟဲ့ .. အောင်ဒင် .."

အပြင်ဘက်မှနေ၍ အစ်မဖြစ်သူက လှမ်း၍မေးမြန်းလိုက်သဖြင့်

mgyoe.com

mgyoe.com

"ဟုတ်ကဲ့ မမ .."

ဟု မိမိဘာသာတစ်ယောက်တည်း အေးအေးဆေးဆေး စဉ်းစားလို၍ စစ်သားဟောင်းအောင်ဒင်က ပြန်ပြောလိုက်သည်။

"ဒါထက် နင် မနက်ဖြန်ခါ ဘယ်သွားဖို့များ ရှိသေးသလဲဟင်.." ဟု အစ်မက ဆက်လက်၍ မေးမြန်းစုံစမ်းနေပြန်သဖြင့် ..

"တစ်ရက် နှစ်ရက်အတောအတွင်းတော့ ဘယ်မှမသွားသေးပါဘူး မမရယ် .."

ဟု ပြန်၍ပြောရသည်။

"ဒါဖြင့် နင်ကြိုက်တတ်တဲ့ ဝက်သားနီဟင်း မနက်ဖြန်ခါ ငါချက်မလို့၊ နေမြင့်မှပဲ စားပေါ့နော် .. ဟုတ်လား .."

"ဟုတ်ကဲ့ မမ .."

ဟု ပြန်ပြောပြီးနောက် ..

"မမတို့သားအမိတစ်တွေကော အိပ်ကြပါတော့လားဗျာ၊ တော်တော်ကြာ အစ်ကိုက မူးမူးနဲ့ပြန်လာပြီး ဆူဆူပူပူလုပ်နေပါ့မယ် မမရယ် .."

ဟု အစ်မဖြစ်သူအားခြောက်လှန့်ကာ အအိပ်ခိုင်းလိုက်တော့မှပင် မောင်ဖြစ်သူကြိုက်တတ်သော ဝက်သားနီဟင်း ချက်ပြုတ်လိုသော အစ်မသည် ငြိမ်၍သွားလေသည်။

mgyoe.com

mgyoe.com

(၃)

အိပ်ရာသို့သာ ဝင်ခဲ့သော်ငြားလည်း ရဲဘော်အောင်ဒင်သည် တကယ်တော့ အိပ်စက်ခြင်းမပြုလိုသေးချေ။ သူ့အတွေးနှင့်သူ အေးအေးဆေးဆေး မှိန်းနေလို၍ အိပ်ရာဝင်ခဲ့ခြင်းမျှသာ ဖြစ်လေသည်။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် စဉ်းစားတွေးတောချင်၍သာ မီးငြိမ်းကာ ငြိမ်သက်နေခြင်းဖြစ်လေသည်။

မှောင်ရိပ်များထိုးလျက် ခြောင်းပုပ်နှင့် မိလ္လာနံ့များဖြင့် နံစော်မွန်းသိပ်နေသော နောက်ဖေးလမ်းကြား တဲကုပ်ကလေးအတွင်း၌သာလျှင် စစ်သားဟောင်းသည် မှိန်း၍နေသော်လည်း သူ၏စိတ်မှာမူကား ပတ်ဝန်းကျင်၌မရှိချေ။ လျှပ်စစ်မီးပွင့်များဖြင့် လင်းထိန်သာယာလျက် ပန်းရနံ့များဖြင့် သင်းထုံ၍နေသော ရဲတိုက်ကြီး မြနန္ဒာအတွင်းသို့ ပျံ့လွင့်ရောက်ရှိနေသည်။ တစ်သက်နှင့်တစ်ကိုယ် ဘယ်တုန်းကမှ အနီးအနားသို့ပင် မသီခဲ့၊ မကပ်ခဲ့ရသော ရဲတိုက်ကြီးနှင့် ထိုရဲတိုက်ကြီး၏ အခမ်းအနားအဆောင်အယောင်များကို သူသည် တစ်ခုပြီးတစ်ခု ပြန်လည်မြင်မက်နေသည်။

ထိုနေ့တစ်နေ့ခင်းလုံးလိုလို စစ်သားဟောင်းအောင်ဒင်သည် မြနန္ဒာတွင် အချိန်ကုန်လွန်ခဲ့သည်။ မြနန္ဒာဒေဝီကလည်း အညတြအောင်ဒင်ကို ဘာမျှလိုလေသေးမရှိအောင် ဧည့်ဝတ်ပြုလိုက်သည်။ အရေးပေးလျက်၊ ယုလည်း ယုယလိုက်သည်။ ထို့နေ့ နေ့လယ်ခင်းက မြနန္ဒာတွင် တွေ့ကြုံခဲ့သော အဖြစ်အပျက်အကြောင်းအရာများကို ယခင်အခါကာလများက စစ်သားဟောင်းအောင်ဒင်သည် ဝတ္ထုစာအုပ်များထဲ၌သာ ဖတ်ရှုဖူးလေသည်။

mgyoe.com

mgyoe.com

သူ့လို အခြေအမြစ်မရှိသော ပြည်သူ့လမ်းမကြီးပေါ်က လူတစ်ယောက်ကို ရင်းရင်းနှီးနှီး အရေးပေးဆက်ဆံလျက် ကြင်ကြင်နာနာပြုစုလိုက်သော မမခင်ကဲ့သို့ တက္ကသိုလ်ပညာတတ် မိန်းမပျိုတစ်ဦးကိုလည်း စိတ်ကူးယဉ်ပုံပြင်နှင့် ဝတ္ထုစာအုပ်များထဲ၌သာ တွေ့ဖူးလေသည်။

ထိုကဲ့သို့သော စိတ်ကူးယဉ်ဝတ္ထုများကို လက်သင့်ရာမှ ငှားရမ်းဖတ်ရှုခြင်း ပြုခဲ့စဉ်အခါများက ထိုကဲ့သို့ ကြီးကျယ်ခမ်းနားလှသော အခမ်းအနား အဆောင်အယောင်များနှင့် နေထိုင်ခြင်းပြုရလျှင် အဘယ်မျှကောင်းလေမည်နည်းဟူ၍လည်းကောင်း၊ အညတရအောင်ဒင်သည် စိတ်ကူးယဉ်ခဲ့ဖူးသည်။ ထိုကဲ့သို့သော အဆောင်အယောင်နှင့် မိန်းမပျိုများကိုလည်း ညအိပ်မက်များစွာတို့၌လည်း သူသည် မြင်မက်ခဲ့ဖူးသည်။ သို့ရာတွင် လက်တွေ့ဖြစ်လာဖို့အရေးကား ဝေးစွ၊ ထိုကဲ့သို့သော အခမ်းအနား အဆောင်အယောင်များ၏ အနီးအနားသို့ပင် သူသည် မသီဖူး၊ မကပ်ခဲ့ဖူးချေ။ ထိုကဲ့သို့သော မိန်းမပျိုမျိုးကိုလည်း နီးနီးကပ်ကပ်မှ မတွေ့ဖူး မမြင်ဖူးချေ။ ခပ်လှမ်းလှမ်းလောက်ကသာလျှင် ရိပ်ခနဲမျှ မြင်လိုက်ဖူးသည်။

အောင်ဒင်သည် ၎င်း၏ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ဆိုက်ကားနင်းရင်းဖြစ်စေ၊ ကွမ်းယာရောင်းရင်းဖြစ်စေ၊ သို့မဟုတ် ကင်းစောင့်ရင်းဖြစ်စေ ထိုကဲ့သို့သောအကြောင်းအရာနှင့် အဖြစ်အပျက်တို့ကို အပျင်းပြေဖတ်ရှုခဲ့ခြင်းမျှဖြစ်ရာ ထိုဝတ္ထုစာအုပ်များထဲမှ အကြောင်းအရာနှင့် အဖြစ်အပျက်များကို လက်တွေ့ဖြစ်လာအောင် သူသည် တစ်ခါတစ်ရံကမျှလည်း မျှော်လင့်ခြင်း မပြုခဲ့ဖူးချေ။ မျှော်လင့်၍လည်း ဖြစ်နိုင်ကောင်းသော၊ ရနိုင်ကောင်းသောကိစ္စများ မဟုတ်သည်ကိုလည်း ကောင်းစွာ နားလည်ထားသည်။

"ရန်ကုန်မြို့ ပြည်လမ်းမကြီးပေါ်ရှိ နှစ်ထပ်တိုက်ကြီး၏ အိမ်ရှေ့ဥပစာဝယ် တက္ကသိုလ်ကျောင်းသူ ခင်မကြီးသည် နှင်းဆီပန်းများကို လိုက်လံကြည့်ရှုရာမှ ၎င်းတို့၏တိုက်ရှေ့ လမ်းမကြီးပေါ်တွင် ဆိုက်ကားနင်းသွားသော အသက်နှစ်ဆယ်သာသာခန့်၊ ရုပ်ရည်သန့်ပြန့်သော လူရွယ်တစ်ဦးကို ကရုဏာသက်သောမျက်လုံးဖြင့် လှမ်း၍ကြည့်ရှုလိုက်ရာ ...

ဤကဲ့သို့သော စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်မှ ဝိသေသနများပြား၍ ရှည်လျားလှသော ဝါကျရှည်ကြီးတစ်ခုကို ပြီးဆုံးအောင် မဖတ်ရသေးမီ

mgyoe.com

mgyoe.com

"ဂိုးဖလိပ်စီးကရက်တစ်ဘူး ပေးစမ်းဟေ့ .." ဟူသောအသံကို ကပ်၍ကြားလိုက်သဖြင့် အသံရှင်အား လှမ်း၍ကြည့်လိုက်မိသည်။ မိန်းမပျိုသည် သူဖတ်နေသော စိတ်ကူးယဉ်ဝတ္ထုထဲမှ တက္ကသိုလ်ကျောင်းသူနှင့် မခြားချေ။ ချောမောလှပ၍နေသည်။ သားသားနားနား ဝတ်စားဆင်မြန်းထားသည့် အပြင် ၎င်း၏အစောင့်အရှောက်အဖြစ်ဖြင့် ခေါ်ဆောင်လာဟန်ရှိသော အသက်ငါးဆယ်ခန့် အဒေါ်ကြီးတစ်ဦးလည်းပါသည်။ ရုပ်ရှင်ရုံဘေးတွင် ကွမ်းယာရောင်းရင်း အားလပ်ချိန်မပေးမီ ကွမ်းယာနှင့်စီးကရက်ဗန်းကလေးကိုလွယ်ကာ ကာလပေါ်ဝတ္ထုစာအုပ်လေးတစ်အုပ်ကို ဖတ်ရှုနေသော ကွမ်းယာသည်အောင်ဒင်သည် ၎င်းဖတ်ရှုနေသော ဝတ္ထုထဲမှ ဇာတ်ကောင် ခင်မကြီးနှင့် ၎င်းထံမှ ဂိုးဖလိပ်စီးကရက်တစ်ဘူး ဝယ်ခြမ်းနေသော မိန်းမပျိုအား နှိုင်းယှဉ်ကြည့်နေမိသည်။ ထိုအချိန်တွင် သူ၏ကွမ်းယာရောင်းသူဘဝကို အောင်ဒင်သည် မေ့လျော့နေသည်။

ရုပ်ရှင်ရုံဘေးတွင် ကွမ်းယာ၊ စီးကရက်ကို ဗန်းလွယ်၍ ရောင်းချနေရသူတစ်ဦးက မိမိအား စစ်ဆေးကြည့်ရှုနေခြင်းကို များစွာ အခံရခက်လာဟန်ရှိသော မိန်းမပျိုက ၎င်း၏နှုတ်ခမ်းကို စူပစ်လိုက်သည်။ ထို့နောက် "ဒီလိုသာ ဈေးရောင်းစားနေရင်တော့ ငတ်လိမ့်မယ် .." ဟု မကြားတကြား ပြောဆိုပြီးလျှင် ကွမ်းယာသည်အောင်ဒင်အား စွန့်ခွာ၍ အခြားကွမ်းယာသည် တစ်ဦးထံသို့ သွား၍ဝယ်လေသည်။ အခြားကွမ်းယာသည်တစ်ဦးထံမှ ဂိုးဖလိပ်တစ်ဘူး ဝယ်ခြမ်းပြီးစီးသောအခါ၌ပင် ထိုမိန်းမပျိုသည် အောင်ဒင်အား စိတ်ဆိုးမပြေနိုင်သေးသကဲ့သို့ မျက်စောင်းထိုးကြည့်နေလိုက်သေးတော့သည်။

စိတ်ကူးနှင့်လက်တွေ့သည် ဤကဲ့သို့ ဝေးလံခြားနားခြင်းရှိသည်ကို ငယ်ရွယ်သူမျှသာဖြစ်သော်လည်း များပြားလှသော ဘဝအတွေ့အကြုံနှင့် ဖြစ်ရပ်များမှ အောင်ဒင်သည် ကောင်းစွာ နားလည်ထားခဲ့ပြီးသား ဖြစ်လေသည်။ ထို့ကြောင့် စိတ်ကူးယဉ်နှင့် အိပ်မက်ဆန်းဝတ္ထုများကို အပျင်းပြေဖတ်ရှုပြီးနောက် ငယ်ရွယ်သူတို့ဘာသာဘာဝ အောင်ဒင်သည် စိတ်ကူးယဉ်ချင်လည်း ယဉ်မည်။ သို့ရာတွင် မိမိအဖို့ နေ့တွက်မကိုက်၊ ကိုက်အောင် ရှန်းကန်ပြေးလွှားခြင်းပြုရမည်ဆိုသော လက်တွေ့ဘဝကိုလည်း အောင်ဒင်

mgyoe.com

mgyoe.com

သည် ဆိုက်ကားသမားဘဝ၊ သမ္ဗန်ခတ်သမားဘဝ၊ မော်တော်ကားစပယ်ယာဘဝနှင့် အောက်တန်းစားဘဝအမျိုးမျိုး၌ သံသရာလည်ခဲ့ရစဉ် ဘယ်တုန်းကမျှ သတိမလစ်ခဲ့ချေ။ သူသည် အမြဲသတိရှိခဲ့သည်။

လူသတ္တဝါတစ်ကောင်အဖြစ်ဖြင့် သူ နေထိုင်လျက်ရှိသော ကမ္ဘာမြေကြီးသည် အလွန်တရာ ရန်လိုတတ်သော ဂြိုဟ်ကြီးတစ်လုံးအဖြစ်ဖြင့်သာ သူ၏မြောက်မြားလှသော အတွေ့အကြုံများမှ အောင်ဒင်သည် 'နှောကျေ' နေအောင် နားလည်ထားခဲ့သော လူရွယ်တစ်ယောက်ဖြစ်လေသည်။ ငတ်ပြတ်နာကျင်ခြင်း စသောအမှုများကို ကြိမ်ဖန်များစွာခံလာခဲ့ရသော သတ္တဝါကလေးတစ်ကောင်ဖြစ်သဖြင့် သဘာဝနှင့် ကမ္ဘာမြေကြီး၏ နိယာမတရားတို့ကို သူသည် အလွတ်ရထားခဲ့လေပြီ။ ထို့ကြောင့် မသေချင်သေးလျှင် ရန်းကန်တိုက်ခိုက်ခြင်းပြုရမည်။ မသေမချင်းလည်း ရုန်းကန်တိုက်ခိုက်ရမည်ဆိုသော သဘာဝဆောင်ပုဒ်ကို အောင်ဒင်သည် သံမှိုနှင့်နှက်ထားသလို သူ၏အသိဉာဏ်၌ စွဲမြဲထားခဲ့လေသည်။

သို့ရာတွင် ဤကဲ့သို့ စိတ်ကူးယဉ်၍သာရနိုင်လျက် လက်တွေ့အားဖြင့် ဘယ်တုန်းအခါကမျှ မျှော်လင့်ခြင်းမပြုခဲ့သော ကိစ္စကြီးတစ်ခုကို ယနေ့စစ်သားအောင်ဒင်သည် နဖူးတွေ့ဒူးတွေ့ တွေ့ပြီးခဲ့လေပြီ။ ထို့ကြောင့် ထိုနေ့တစ်နေ့လုံး သူသည် အိပ်ပျော်ရင်း အိပ်မက်များ မက်နေရော့သလားဟူ၍လည်း နဖူးပေါ်သို့ လက်တင်ရင်း သံသယရှိမိပြန်သည်။ လက်တွေ့လွန်ကဲလွန်းအားကြီးပြန်လျှင်လည်း စိတ်ကူးယဉ်ပြန်တတ်သည် ဆိုသောစကားသည် မှန်၏။ ထို့ကြောင့်လည်း စိတ်ကူးနှင့်လက်တွေ့ကို သဟဇာတဖြစ်အောင် ပေါင်းစပ်ပေးဖို့ သုခမိန်တို့က ဆိုဆုံးမခဲ့ကြတန်ရာသည်။

ရဲတိုက်ကြီးမြနန္ဒာနှင့် အခမ်းအနား အဆောင်အယောင်များသာလျှင်မဟုတ် အိမ်သူအိမ်သားများ အားလုံးလိုလိုပင် စစ်သားဟောင်းအောင်ဒင်အတွက် များစွာ စိတ်ဝင်စားစရာကောင်းနေပေသည်။ မြနန္ဒာဝင်းတံခါးဝမှ သူ့အား နှင်ထုတ်လိုက်သော ဒရဝမ်ကုလားသည်လည်းကောင်း၊ သူ့အားတွေ့လျှင်တွေ့ချင်း ဘုတောခဲ့သော မော်တော်ကားဒရိုင်ဘာ ကိုသိမ်းမောင်သည်လည်းကောင်း၊ အကြောင်းမသိကြခင်ကသာ ရန်လိုလှသည်ထင်ရသော်လည်း နောက်ပိုင်း၌ကား ထိုကဲ့သို့ မဟုတ်ကြတော့ချေ။ ဒရဝမ်ကုလား

mgyoe.com

mgyoe.com
သည် သူ့ကို ဆလံပေးလျက်၊ ဒရိုင်ဘာကိုသိမ်းမောင်ကလည်း သူ့အား ရှိသေသောအမူအရာများဖြင့် ဆက်ဆံလာခဲ့သည်။ သူဌေးဦးရွှေဝင်းသည် ဆန်အရောင်းအဝယ်ကိစ္စအတွက်နှင့် အိန္ဒိယသို့သွားနေသော်လည်း သူဌေးကတော်ကြီး ဒေါ်မြစိန်ကအစ စစ်သားဟောင်းအောင်ဒင်အား လေးလေးစားစား ဆက်ဆံခြင်းပြုခဲ့သည်။ မမခင်နှင့် မောင်မောင်လေးတို့ မောင်နှမနှစ်ယောက်တို့ကား ဘာမျှဆိုဖွယ်ရာ၊ ပြောဖွယ်ရာ မရှိတော့ချေ။ စစ်သားဟောင်းကိုပင် အနေအထိုင်ရကျပ်လာအောင် ဝိုင်းဝန်းအရေးပေးခဲ့ကြသည်။ ယင်းသို့ ၎င်းအား ပျူပျူငှာငှာနှင့် ဖော်ဖော်ရွေရွေ ဧည့်ခံလိုက်ကြပုံများမှာလည်း စိတ်ကူးယဉ်ဝတ္ထုများထဲ၌ ဖတ်ဖူးသည့်အတိုင်း တစ်ထေရာတည်းဖြစ်လေသည်။ ဒင်းတို့ အိမ်သူအိမ်သားများ ပြောကြပုံ၊ ဆိုကြပုံများနှင့်တကွ အသုံးပြုကြသော ဝေါဟာရအသုံးအနှုန်းများပါမကျန် သူ ဖတ်ရှုဖူးခဲ့သော ဝတ္ထုများထဲမှ အထက်တန်းစား ဇာတ်ကောင်များ၏ သုံးစွဲပြောဆိုတတ်ကြသည့် ဝေါဟာရအသုံးအနှုန်းများနှင့် တစ်လုံးတစ်ပါဒမျှပင် မလွဲချေ။ တစ်ပုံစံတည်းဖြစ်နေသည်။ အံကိုက်လည်းဖြစ်နေသည်။

၎င်းဖတ်ရှုစွဲလမ်းခဲ့ဖူးသော စိတ်ကူးယဉ်ဝတ္ထုများထဲမှ ဇာတ်ကောင်များကို အကောင်လိုက်၊ အထည်လိုက် တွေ့မြင်ခဲ့ရရုံမျှမက ထိုဝတ္ထုဇာတ်လမ်းထဲ၌ ၎င်းကိုယ်တိုင်ပင်လျှင် ဇာတ်ကောင်တစ်ကောင်အနေနှင့် အရေးပါလှသော အခန်းတစ်ခန်းမှ ပါဝင်လျက်ရှိနေသောအခါတွင် စစ်သားဟောင်းအောင်ဒင်သည် စိတ်ကူးယဉ်မှန်းမသိ ယဉ်စပြုလာသည်။ ပြည်သူ့လမ်းမကြီးပေါ်၌ ခြေဦးတည့်ရာသို့လျှောက်သွားကာ တွေ့သမျှသောအသိမိတ်ဆွေနှင့် ရဲဘော်ဟောင်းများထံမှ ကရုဏာကြေး တောင်းခံစားသောက်နေရသော စစ်သားဟောင်းသည် မြန်မာ့ရဲတိုက်ပိုင်ရှင်ကြီးတစ်ဦးပင် ဖြစ်လာသည်။ သူသည် သူ၏ပတ်ဝန်းကျင်မှ အမှောင်ရိပ်များနှင့် နောက်ဖေးလမ်းကြားအနံ့အသက်များကိုပင် မေ့လျော့သွားသည်။ တဝီဝီအော်ဟစ်ကာ ပျံသန်းနေကြသော ခြင်ကောင်များကိုလည်း သတိမရတော့ချေ။ သူပေးလိုက်သော ငွေငါးကျပ်နှင့် အရက်ဖြူ တစ်ကျပ်ငါးမတ်ဖိုးလောက် နောက်ထပ်သောက်စားကာ ဆူဆူပူပူနှင့် အိမ်ထဲသို့ပြန်ဝင်လာသော ယောက်ဖလုပ်သူကိုပင် သူသည် သတိမထားလိုက်မိချေ။ တစ်ယောက်တစ်ခွန်း စကားများကြရာမှ
mgyoe.com

mgyoe.com

လင်မယားနှစ်ယောက် တဝုန်းဝုန်းတဒိုင်းဒိုင်းနှင့် ထသတ်ကြတော့မှပင် ရဲဘော်အောင်ဒင်သည် ရဲတိုက်ကြီးမြနန္ဒာ၏ လသာဆောင်တွင် လေညင်းခံနေရာမှ မြေကြီးပေါ်သို့ ကျွမ်းထိုးမှောက်ခုံ လိမ့်ကျသွားလေသည်။ မြင့်ရာအရပ်မှ နိမ့်သောအရပ်သို့ လိမ့်ကျရသဖြင့် စစ်သားဟောင်းသည် 'အောင့်' ၍လည်းသွားသည်။

mgyoe.com

mgyoe.com

(၄)

ရဲတိုက်ကြီးပေါ်မှ လိမ့်ကျသောဒဏ်ရာက အောင့်လှသဖြင့် စစ်သားဟောင်းအောင်ဒင်သည် ရှုံ့ရှုံ့မဲ့မဲ့နှင့် အိပ်ရာထက်မှ ထလာသည်။ ထို့နောက် လွတ်ရာကင်းရာအရပ်ဖြစ်သော တဲအပြင်ဘက်သို့ ကတိုက်ကရိုက် ပြေးထွက်လာခဲ့ရသည်။

ဒင်းတို့လင်မယား၊ ညကြီးအချိန်မတော် ထ၍ရန်ဖြစ်ကာ သတ်ကြပုတ်ကြသောကိစ္စမှာ အောင်ဒင်အတွက် အဆန်းတော့ကားမဟုတ်ချေ။ မကြာခဏဖြစ်ပွားလေ့ရှိသော ကိစ္စမျှသာဖြစ်လေသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး တကယ့်ရန်သူကြီးများသဖွယ် ထွေးလုံးသတ်ပုတ်နေကြသော ဒင်းတို့လင်မယားအား ဖျဉ်ဖို့ထက် ကြားမှ အပြစ်ကင်းမဲ့သော ကလေးနှစ်ယောက်တို့ကို ထိခိုက်မည့်အရေးအတွက် စိုးရိမ်ရသဖြင့် ရဲဘော်အောင်ဒင်သည် တဲအတွင်းသို့ပြန်ဝင်ကာ သစ်တုံးတိုကလေးနှစ်တုံးလို တုပ်တုပ်မျှမလှုပ်ဘဲ အိပ်စက်၍နေကြသော ကလေးနှစ်ယောက်တို့ကို တစ်ဖက်တစ်ယောက်စီ ပွေ့ယူကာ သူ့အခန်းကလေးအတွင်းသို့ ဆွဲသွင်း၍ သိပ်ထားခဲ့ရပြန်သေးသည်။ ဤကဲ့သို့ တူကလေးနှစ်ယောက်တို့ကို သူ၏အိပ်ရာထက်တွင် သိပ်လျက် ကလေးများအား ခြင်မကိုက်ရအောင် သူ၏ခြင်ထောင်စုတ်ကလေးကို ချထားပေးခဲ့ပြီးမှ တစ်ဦးနှင့်တစ်ဦး အလဲထိုးရန်အတွက် ကြိုးပမ်းအားထုတ်နေကြသော လင်မယားရန်ပွဲရှိရာသို့ ထွက်လာခဲ့ရပြန်လေသည်။

တွေ့ရ၊ ကြုံရဖန်များလှပြီဖြစ်သော စစ်သားဟောင်းအောင်ဒင်သည်

mgyoe.com

mgyoe.com

ကြမ်းပြင်ပေါ်၌ လုံးထွေး၍နေကြသော အစ်မနှင့်ယောက်ဖတို့ကို တော်တော်နှင့်မဖျဉ်မိသေးဘဲ နပန်းပွဲတစ်ခုကို ကြည့်ရှု၍ကောင်းလှသလို အတန်ကြာမျှ ရပ်၍ကြည့်နေသည်။ ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး ငြိုးသူရန်ဘက်ကြီးများနှင့်မခြား သဲသဲမဲမဲ တိုက်ခိုက်သတ်ပုတ်နေကြသော လင်မယားနှစ်ဦးတို့ကို စူးစိုက်၍ကြည့်နေရင်းက ဖျဉ်ပေးလိုစိတ်များပင် ကုန်ခန်းလာသည်။ ထို့ကြောင့် သူသည် တုဏှိဘာဝေ ရပ်၍ကြည့်နေသည်။

ထိုကဲ့သို့ လုံးထွေးသတ်ပုတ်နေကြသော လူအထီးနှင့် အမတို့သည် တစ်ရံရောအခါက တစ်ဦးကိုတစ်ဦး အင်မတန်ချစ်ခင်ကြင်နာခဲ့ကြသော ဇနီးမောင်နှံများ ဖြစ်ခဲ့ဖူးကြလေသည်။ တစ်ဦးကိုတစ်ဦးက အင်မတန်လည်း အားကိုးခဲ့ကြသည်။ တစ်ဦးကိုတစ်ဦးက ငုံ၍ထားမတတ်လည်း ချစ်ခင်ယုယခဲ့ကြသည်။

သူတို့ သမီးရည်းစားဘဝနှင့် ခိုးရာလိုက်ပြေးခဲ့ကြစဉ်က ရဲဘော်အောင်ဒင်သည် ဆယ်နှစ်သားသာသာခန့်မျှသာ ရှိလိမ့်ဦးမည်ဖြစ်သည်။ ထိုအချိန်က အောင်ဒင်နှင့် မစောခင်တို့ မောင်နှမသည် အားကိုးရာမဲ့၍ နောက်အိမ်ထောင်သစ်ပြုရသော ၎င်းတို့၏အမေနှင့်အတူလိုက်ပါ၍ ပထွေးလုပ်သူ၏ အရိပ်အာဝသအောက်တွင် ခိုကပ်နေထိုင်ခဲ့ကြရလေသည်။ ၎င်းတို့၏ပထွေးသည် ပထွေးတို့၏ဓမ္မတာအတိုင်း မယားကပါလာသော သားသမီးများကို သားသမီးချင်းမစာနာချေ။ ထိုသူသည် များစွာ ရိုင်းစိုင်းယုတ်မာလှသော လူတစ်ယောက်ဖြစ်၍ တစ်စထက်တစ်စ အပျိုဖော်ဝင်စပြုလာပြီဖြစ်သော စောခင်အား မယား၏အလစ်တွင် အတင်းအဓမ္မကြံစည်ရန် အားထုတ်လေတော့သည်။ သို့ရာတွင် အောင်မြင်ခြင်းကား မရှိခဲ့ချေ။ ထိုသို့ ပထွေး၏အန္တရာယ်ကို ရင်ဆိုင်လာရသည့်အတွက် ငယ်ရွယ်သောစောခင်သည် မိဘများမရှိကြတော့၍ ဦးလေးတစ်ဦး၏အိမ်တွင် ကပ်ရပ်နေထိုင်ရင်း အလုပ်အကိုင်ရှာဖွေ၍နေရသော အေးမောင်ကို လှမ်း၍အားကိုးခြင်းပြုခဲ့မိသည်။ အလုပ်အကိုင်သာမရှိသော်လည်း မယားရချင်နေသော အေးမောင်က စောခင်၏ အားကိုးအားထားမှုကို လွယ်လင့်တကူနှင့် ကျေကျေနပ်နပ်ကြီးပင် လက်ခံလိုက်လေသည်။

စောခင်သည် အေးမောင်၏နောက်သို့ လိုက်ပြေးသွားသောအခါ

mgyoe.com

mgyoe.com


ဆယ်နှစ်သားအရွယ် အောင်ဒင်သည် ၎င်းအစ်မ၏ အဝတ်အစားနှင့် အထုပ် အပိုးများကို ၎င်းကိုယ်တိုင်ထမ်း၍ လိုက်ပို့ပေးခဲ့သည်။ အမှုထမ်းကောင်းလှ သော ယောက်ဖလုပ်သူအား အေးမောင်က မုန့်ဖိုးတစ်မတ်မျှပင် ပေးခဲ့သည် ကို အောင်ဒင်သည် မမေ့သေးချေ။

ဤကဲ့သို့ ခက်ခက်ခဲခဲနှင့် စွန့်စွန့်စားစား ခိုးယူပေါင်းသင်းလာခဲ့ ကြသော လင်နှင့်မယားတို့သည် အိမ်ထောင်သက်ဆယ်နှစ်ကျော်လွန်၍ သား နှစ်ယောက်ပင်ရရှိခဲ့ကြပြီးမှ တစ်ဦးနှင့်တစ်ဦး အကြင်နာမပိုဘဲ မကြာခဏ ဆိုသလို အဘယ့်ကြောင့် ခိုက်ရန်ဖြစ်ပွားကာ သတ်ပုတ်လုံးထွေးနေကြ သနည်း။ သားမယားမရရှိခဲ့ဖူးသေးသော အောင်ဒင်သည် ထိုအကြောင်းကို စဉ်းစား၍မရချေ။ နားလည်း မလည်နိုင်ချေ။ ထိုသို့ နားမလည်ခြင်းကြောင့် သာလျှင် သူသည် အစ်မနှင့်ယောက်ဖတို့၏ ရန်ပွဲကို အပျော်တမ်းနပန်းပွဲ တစ်ပွဲကို ကြည့်ရှုရသလို ကြည့်နေခြင်းသာ ဖြစ်တန်ရာသည်။

လင်မယားနှစ်ယောက် သတ်ပုတ်ကြ၍ တော်တော်ကြီးမောတော့ မှပင် အောင်ဒင်သည် လုံးထွေးနေသော သတ္တဝါနှစ်ဦးတို့အား လူချင်းခွဲ လိုက်နိုင်လေသည်။ သို့ရာတွင် အမူးသမားဖြစ်သော ယောက်ဖလုပ်သူကမူ 'ဟာလီး' မလျှော့နိုင်သေးဘဲ အိပ်ရာထဲမှနေ၍ပင် ဆူဆူပူပူလုပ်နေလိုက် သေးသည်။

တရှုံ့ရှုံ့ငိုယိုနေသော အစ်မဖြစ်သူအား နောက်ထပ်၍ ဆူပူအော် ဟစ်ခြင်းမပြုရန် ပြောဆိုပြီးနောက် အောင်ဒင်သည် ဦးခေါင်းရှုပ်ရှုပ်နှင့် တဲအတွင်းမှ အပြင်သို့ ထွက်လာခဲ့သည်။ သူသည် တဲအရှေ့တွင် အတန် ကြာမျှ ငိုင်၍ရပ်ရင်း သူ့ဘာသာသူ တစ်ယောက်တည်း အေးအေးချမ်းချမ်း နှင့် လွတ်လွတ်လပ်လပ် စိတ်ကူးယဉ်ရမည့်နေရာတစ်ခုကို စဉ်းစားရှာဖွေ ခြင်းပြုမိသည်။ ခပ်စောစောက သူ့အသိုက်ကလေးထဲတွင် သူ့ဘာသာ အေးအေးဆေးဆေးနေနိုင်ရန်အတွက် တစ်အိမ်သားလုံး အေးချမ်းအောင် သူသည် ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီမဟုတ်လော။ အမူးသမားယောက်ဖ အတွက် အရက်ဖိုးငွေငါးကျပ်ပေးခဲ့သည့်နည်းတူ အစ်မလုပ်သူကိုလည်း အိမ်သုံးဖို့အတွက် ငွေငါးဆယ်မျှပင် ပေးခဲ့ပြီးလေပြီ။ သူသည် ကလေးများ ဆာလောင်နေလျှင် ဆူဆူပူပူ ငိုယိုကြမည့်အရေးကို ကြိုတင်တားဆီးရန်

mgyoe.com